# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၁၀၈)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက နာဂရိုးရာနှစ်သစ်ကူးလက်ဆောင်ပေးအပ်စဉ်။ သတင်းစဉ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ၂၀၂၀ ပြည့်နှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်

လဟယ် ဇန်နဝါရီ ၁၅

၂၀၂၀ ပြည့်နှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ရိုးရာကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော် မှန်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်

လွိုင်ကော် ဇန်နဝါရီ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာ အောင်သူ၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊

စာမျက်နှာ ၅ ကော်လံ ၁ ❄



**နှစ်ပေါင်းထောင်ချီ ကြာမြင့်သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဆက်လက်ပုံဖော်မည့် စာမျက်နှာသစ်များ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်

တရုတ် - မြန်မာ ချစ်ကြည်ရေးဆောင်းပါး စာ - ၈၊ ၉


C B BANK

Best SME Bank in Myanmar

ASIAN BANKING & FINANCE (ABF) 2019

စီးပွားရေးလုပ်ငန်းများတိုးချဲ့ရန်အတွက် CB BANK ၏ SME ချေးငွေများကိုစတင်လျှောက်ထားလိုက်ပါ။

www.cbbank.com.mm Contact Center: (95-1) 2317770

မြန်မာ့အလင်း

# စည်းမျဉ်းစည်းကမ်း၊ ဥပဒေနှင့် ဥပဒေစိုးမိုးရေး

လူ့ဘုံခန်းဝါ လူတို့ရွာတွင် လူသားတို့ကြား မဟုတ်မမှန်မှု၊ အစမ္မမှုများ မပေါ်ပေါက်နိုင်စေရန်၊ အားကြီးသူက အားနည်းသူကို နိုင်ထက်စီးနင်း မလုပ်နိုင်ကြစေရန်၊ လူတိုင်း၏ ဘဝများကို ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံမှု ရှိနေကြစေရန်၊ လူတစ်ဦးက လူတစ်ဦးကို မတရားမပြုနိုင်စေရန်၊ မည်သို့သော လိမ်လည်လှည့်ဖြား အစမ္မပြုမှုများကိုဖြစ်စေ ကာကွယ်တားဆီးနိုင်စေရန်၊ အားနည်းသူ နုနယ်သူများကို စောင့်ရှောက်နိုင်ရန် စသည် စသည့် တရားမျှတမှုအပေါ် အခြေခံသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းတို့ကို ရေးဆွဲပြဋ္ဌာန်းထားရ၏။

ထိုပြဋ္ဌာန်းထားသော ဥပဒေတို့ကို လူတို့လိုက်နာကြစေရန်လည်း မှန်ကန်သူကို အားပေးခြင်း၊ မသိနားမလည်သူကို ပညာပေးခြင်း၊ မတရားသူကို ပြစ်ဒဏ်ခတ်ခြင်း စသည့် လုပ်ငန်းရပ်များကို လုပ်ဆောင်ကြရ၏။ ဤသည်တို့ကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်သည်နှင့်အမျှ ဥပဒေစိုးမိုးမှုကိုရ၏။ ဥပဒေစိုးမိုးမှုရှိသည်နှင့်အမျှ အထက်တွင်ဆိုခဲ့သော လူသားတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံမှုကိုရ၏။ လူမှုအဖွဲ့အစည်းအတွင်း ငြိမ်းချမ်းသာယာမှုကို ရစေနိုင်၏။

ထိုဥပဒေ၊ စည်းမျဉ်းတို့ကို မှန်ကန်တိကျအောင်၊ လူမှုအဖွဲ့အစည်း၏ အပြောင်းအလဲများနှင့် ကိုက်ညီအောင် လိုအပ်သလို ပြင်ဆင်ရသည်လည်း ရှိနိုင်၏၊ တိုးချဲ့ရသည်တို့လည်း ရှိတတ်၏၊ ပယ်ဖျက်ပစ်ရသည်တို့လည်း ရှိကြ၏။ အကြောင်းရင်းမြစ်သည်ကား လောကလူ့ဘောင်ကို တရားမျှတမှုရှိစေရေးဖြစ်၏။

ထို့ကြောင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့သည် လူတို့ကြား တရားမျှတရေးအတွက် မရှိမဖြစ်။ ထို့အတူ ဥပဒေစိုးမိုးမှုဟူသည်က လည်း မရှိမဖြစ်။ ဥပဒေစိုးမိုးရေးကို တာဝန်ယူထားရသည့် လူများ၊ အဖွဲ့အစည်းများနှင့် စနစ်တို့ တရားမျှတမှုဘောင်အတွင်းမှာ ခိုင်ခိုင်မာမာဖြင့် စွမ်းအားရှိရှိ ရပ်တည်ရေးသည်ကလည်း မရှိမဖြစ်။

ထို့နည်းတူ လူတို့သည် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ကို ယုံကြည်ကိုးစားသည့်အားလျော်စွာ ကိုယ်တိုင်လည်း လိုက်နာစောင့်ထိန်းကြရေးက အရေးကြီးသည်ဟု ပိုမိုနားလည်လာနိုင်ကြမည်ဟု ထင်ပါသည်။

ကလေးငယ်များဆိုင်ရာ မတော်မတရား အစမ္မမှုများ၊ ရက်စက်ကြမ်းကြုတ်လွန်းသော ရာဇဝတ်မှုကြီးများ စသည့် လူမှုအဖွဲ့အစည်းအတွက် ထိတ်လန့်တုန်လှုပ်ဖွယ် အမှုအခင်းတို့မှအစ၊ အများပိုင် လမ်းများပေါ် ကျူးကျော်ဖွင့်လှစ်ထားသော လမ်းဘေးဈေးဆိုင်တန်းများအလယ်၊ လူသွားလမ်းပေါ်ဖြစ်စေ၊ သူတစ်ပါးအိမ်ရှေ့ဖြစ်စေ အလွယ်တကူ စွန့်ချလိုက်သော အမှိုက်ပစ်မှုများ၊ ကွမ်းတံတွေးပျစ်ပျစ်နှစ်နှစ်ထွေးချလိုက်မှုများအဆုံး ဥပဒေချိုးဖောက်နေကြသည်မှာ ဖြစ်ရိုးဖြစ်စဉ်ပင် ဖြစ်နေပြီဟု ပြည်သူတို့က ဝေဖန်နေကြသည်။

ယနေ့ မြန်မာ့လူမှုအဖွဲ့အစည်းအတွင်း၌ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း ချိုးဖောက်ခြင်းအပေါ် လေးလေးနက်နက် သဘောမထားကြဟူသည့် အတွေးအယူတို့ဖြစ်လာကြရသည်မှာ ဥပဒေစိုးမိုးအောင် မပြုနိုင်သေးခြင်း၏ အကျိုးဆက်ဟု မြင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာတွင် ဖော်ပြလိုက်သည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်ပါ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးဟူသော ဒုတိယအချက်သည် ယနေ့ဖြစ်ပေါ်နေသည့် ဥပဒေစိုးမိုးရေးအပေါ် ပြည်သူတို့၏ အမြင်၊ သဘောထား၊ ပါဝင်ဆောင်ရွက်မှုတို့နှင့် ပတ်သက်၍ အရေးကြီးသည့် လမ်းညွှန်ချက်ဟု မြင်ပါသည်။


ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ စနစ်ကျမှန်ကန်ခြင်းနှင့် ဥပဒေစိုးမိုးမှုရှိခြင်းတို့ကသာ ဥပဒေနှင့် တရားစီရင်ရေးစနစ်ကို လူမှုအဖွဲ့အစည်းက အားကိုးယုံကြည်ကြပေမည်။ သို့မှသာ အမှန်တရားကို ယုံကြည်ကိုးစားကာ လောကကို မှန်ကန်စွာ ဝိုင်းဝန်းစောင့်ရှောက်နိုင်ကြလိမ့်မည်ဖြစ်ပေသည်။ သို့မှသာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ဟူသည် လူတို့ကို ချုပ်နှောင်ဖိနှိပ်သည့် လက်နက်ကိရိယာများ မဟုတ်ဘဲ လူတို့ကိုအကာအကွယ်ပေးစောင့်ရှောက်နေသည့် လောကပါလတရားဖြစ်သည်ဟု ယုံကြည်ကြပေလိမ့်မည်။

ဤသည်ပင် လူမှုအဖွဲ့အစည်းအတွင်း၌ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ ပေါ်ပေါက်လာရခြင်း၊ တည်ရှိနေရခြင်းတို့၏ အနှစ်သာရ ဖြစ်ပေလိမ့်မည်သာတည်း။ ။

# နာဂဒေသ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ရေး ဆက်လက်ဆောင်ရွက် ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍတွေ အချိုးညီညီ တိုးတက်ဖို့လည်း ကြိုးပမ်းပေး

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်
၂၀၂၀ ပြည့်နှစ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့တွင်
ကျင်းပပြုလုပ်သည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ပြောကြားသည့်
နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကား

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၅ ရက်)



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် နှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။

**ချစ်ခင်လေးစားအပ်တဲ့ သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ ပြည်ထောင်စုဖွား နာဂတိုင်းရင်းသားများနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား –**

၂၀၂၀ ပြည့်နှစ်ရဲ့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ယခုလို ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ခွင့်ရတဲ့အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ထူးခြားလှပတဲ့ နာဂလူမျိုးတို့ရဲ့ နှစ်သစ်ကူးပွဲတော်မှာ နာဂတိုင်းရင်းသားများနဲ့ နာဂဒေသအတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

နာဂတောင်တန်းကြီးရဲ့ ဝေနေတဲ့တောင်ခိုးများ၊ မှိုင်းမှုန်နေတဲ့ ဆီးနှင်းမြူများ၊ သဘာဝတောတောင်ရေမြေ အလှအပများနဲ့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်မှာ နာဂတိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုများ၊ ကခုန်သီဆိုမှုများ၊ နှစ်လိုဖွယ်ရာ ဖော်ရွေမှုများဟာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များရဲ့ နှလုံးသားကို ဆွဲဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ကုန်လွန်ခဲ့တဲ့နှစ်က အတွေ့အကြုံတွေကို ဖလှယ်ဖို့နဲ့ လာမယ့်နှစ်သစ်မှာ တွေ့ကြုံနိုင်တဲ့ စိန်ခေါ်မှုတွေ အခက်အခဲတွေကို ကြိုတင်ဖြေရှင်းနိုင်ဖို့အတွက် ကောင်းမွန်တဲ့ စီမံချက်များချမှတ်ဆောင်ရွက်နိုင်ဖို့ရည်ရွယ်ပြီး ကျင်းပတာဖြစ်ပြီးတော့ လာမယ့်နှစ်မှာ ရာသီဥတုကောင်းမွန်ပြီး စပါး၊ ပြောင်း၊ ပဲ၊ ဘူး၊ ဖရုံ၊ ငရုတ် စတဲ့ စိုက်ပျိုးသီးနှံတွေ တိုးတက်ဖြစ်ထွန်းဖို့နဲ့ အိမ်မွေးတိရစ္ဆာန်တွေ ရောဂါဘယကင်းဝေးပြီး မွေးမြူရေးအောင်မြင်စေဖို့ ပွဲတော်မှာ ဆုမွန်ကောင်းတောင်းကြတယ်လို့ သိရှိရပါတယ်။

မိမိတို့အစိုးရအဖွဲ့ဟာ နိုင်ငံတော်ရဲ့တာဝန်ကို စတင်ထမ်းဆောင်စဉ်ကပင် တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှု–စီးပွားဘဝ တိုးတက်မြင့်မားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများရဲ့ လူမှု–စီးပွားဘဝ တိုးတက်မြင့်မားရေး ဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်/ တိုင်းဒေသကြီးအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလို ဝေးလံခေါင်သီသော နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးလည်း မကျန်ခဲ့စေရအောင် ဆောင်ရွက်နေပါတယ်။

နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများမှာ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတို့ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ပညာရပ်များ၊ သင်တန်းများကို ဒေသခံတိုင်းရင်းသားများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသလို ဒေသရဲ့ လိုအပ်ချက်နဲ့ ဖွံ့ဖြိုးတိုးတက်နိုင်မယ့် အခွင့်အလမ်းများကိုလည်း ဖန်တီးဖော်ဆောင်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အသက်မွေးဝမ်းကျောင်းပညာ၊ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားသူများကိုလည်း နိုင်ငံတော်က ကူညီဖြည့်ဆည်းပေးလျက်ရှိပါတယ်။

**နာဂဒေသရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

မိမိတို့ အစိုးရလက်ထက်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ချောမွေ့အောင်မြင်ဖို့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသဦးစီးအဖွဲ့များနဲ့ ချိတ်ဆက်ပြီး အထူးကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသမှာရှိတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာဆိုရင် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက် ပညာရေး၊ ကျန်းမာရေးနဲ့ အခြားကဏ္ဍတွေမှာလည်း အားနည်းနေသေးတာကို တွေ့ရှိရပါတယ်။ နာဂဒေသမှာ ဘက်စုံဖွံ့ဖြိုးရေးအတွက် အလျင်အမြန် အကောင်အထည်ဖော်ပေးရမယ့်ကဏ္ဍနဲ့ ရေရှည်စီမံချက် ရေးဆွဲဆောင်ရွက်ပေးရမယ့် ကဏ္ဍဆိုပြီး နှစ်ပိုင်းတွေ့ရှိရပါတယ်။ ဒီအတွက်လည်း လက်ရှိအနေအထားထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွေက ရေတို၊ ရေရှည် မူဝါဒတွေချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုမူဝါဒတွေချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြတဲ့နေရာမှာ ဒေသခံတိုင်းရင်းသား ညီအစ်ကို မောင်နှမတွေရဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကလည်း အရေးကြီးပါတယ်။

> “ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိမှ အောင်မြင်မှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့ နေရာမှာလည်း တစ်ဦးချင်းစီ တာဝန်ယူတတ်တဲ့ စိတ်ဓာတ်တွေ မွေးမြူပြီး ဆန္ဒထက်သန်စွာ စေတနာပါပါ ဆောင်ရွက်ကြဖို့ဟာ အဓိကကျ”

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အရေးအကြီးဆုံး လိုအပ်ချက်တွေထဲက တစ်ခုဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးတိုးတက်စေဖို့ ဆောင်ရွက်ပေးတဲ့နေရာမှာ လေရှီး– လဟယ်–နန်းယွန်း မြို့နယ်ချင်းဆက်လမ်းအနက် လဟယ်–နန်းယွန်း မြို့နယ်ချင်းဆက်လမ်းကို ဖောက်လုပ်ထားရှိပြီး ဖြစ်ပါတယ်။ ဒါပေမယ့် လဟယ်–လေရှီးမြို့နယ်ချင်းဆက်လမ်း မဖောက်လုပ်ရသေးတဲ့အတွက် ဘဏ္ဍာနှစ်အလိုက် အသုံးစရိတ်တွေ ခွဲဝေချထားပြီး (၃)မြို့နယ် မြို့နယ်ချင်းဆက်လမ်း တိုးမြှင့်ဖောက်လုပ်နိုင်ရေးကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်ပေးကြရန် အထူးမှာကြားလိုပါတယ်။

**သဘာပတိကြီးနဲ့တကွ နာဂတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များရဲ့ လမ်းပန်းဆက်သွယ်ရေးဟာ အရင်ကထက် ပိုမိုကောင်းမွန်ခဲ့ကြောင်း သိရှိရတဲ့အတွက် သက်ဆိုင်ရာဌာနများရဲ့ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုသလို၊ နာဂဒေသရဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ယခုထက် ပိုမိုတိုးတက်စေဖို့ ဆက်လက်ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။ အလားတူ နာဂတိုင်းရင်းသားများရဲ့ ပညာရေးကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍတွေမှာ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်နိုင်စေဖို့လည်း တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် အထူးလိုအပ်ပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူများရဲ့ စီးပွားရေးနဲ့ လူမှုရေးကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်စေဖို့ ဆက်လက်ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိမှ အောင်မြင်မှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့ နေရာမှာလည်း တစ်ဦးချင်းစီ တာဝန်ယူတတ်တဲ့ စိတ်ဓာတ်တွေ မွေးမြူပြီး ဆန္ဒထက်သန်စွာ စေတနာပါပါ ဆောင်ရွက်ကြဖို့ဟာ အဓိကကျလှပါတယ်။ ဌာနဆိုင်ရာ ဝန်ထမ်းတွေထဲမှာ ဒေသခံတွေပါသလို ရပ်ဝေးကနေ လာရောက်တာဝန်ထမ်းဆောင်ကြတဲ့ သူတွေလည်း ပါကြမှာပါ။ ရပ်နီးရပ်ဝေး ဘယ်ဒေသကပဲဖြစ်ပါစေ ဝန်ထမ်းတွေအနေနဲ့ ဝတ်ကျေတန်းကျေသဘောမျိုးထက် နာဂဒေသရဲ့ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမယ်ဆိုတဲ့ စိတ်ဆန္ဒများနဲ့ မေတ္တာစေတနာထားပြီး တာဝန်ကျေပွန်အောင် ထမ်းဆောင်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နာဂတိုင်းရင်းသားတို့ရဲ့ ရိုးရာနှစ်သစ်ကူး မင်္ဂလာအခါသမယမှာ နာဂတိုင်းရင်းသူ/ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးသီးနှံများ ပေါကြွယ်ဝကြပါစေ၊ မွေးမြူရေးများ ဖြစ်ထွန်းအောင် မြင်ပါစေ၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ပါစေလို့ အလေးအနက် ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၂၀ ပြည့်နှစ် နာဂရိုးရာနှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကားပြောကြားစဉ်။
သတင်းစဉ်



❑ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးဟန်ဇော်၊ နိုင်သက်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နာဂမျိုးနွယ်စုတိုင်းရင်းသားခေါင်းဆောင်များ၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီနာယကနှင့် အဖွဲ့ဝင်များ၊ ဒေသခံ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး အခမ်းအနားသဘာပတိ နာဂတိုင်းရင်းသား ဦးမွန်ပီက အဖွင့်အမှာစကားပြောကြားကာ နာဂတိုင်းရင်းသူ ဒေါ်ခေါင်က နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ၂၀၂၀ ပြည့်နှစ် နာဂရိုးရာနှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် နာဂရိုးရာနှစ်သစ်ကူး နှုတ်ခွန်းဆက်အမှာစကား အပြည့်အစုံကို စာမျက်နှာ -၂ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၂၀၂၀ ပြည့်နှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးခွန်မောင်သောင်းက ဖတ်ကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က နာဂဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ နာယက ဦးရှူစံကြူးက ကျေးဇူးတင်စကားပြောကြားသည်။

**နှစ်သစ်ကူးလက်ဆောင်ပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတထံ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက နာဂရိုးရာ နှစ်သစ်ကူးလက်ဆောင်ပေးအပ်ပြီး နိုင်ငံတော်သမ္မတက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့လှူဒါန်းသည့် ဆန်အိတ် ၄၀၀၀ နှင့် သွပ်အချပ် ၃၀၀၀ ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက နာဂဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားသဘာပတိက နိဂုံးချုပ်စကားပြောကြားပြီး နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများအတွက် ဆုတောင်းစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဖျော်ဖြေတင်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံနာဂတိုင်းရင်းသားများကို ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ပြီး နာဂတိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

**ပါဝင်ဆင်နွှဲ**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့သည် နာဂရိုးရာလက်မှုပြခန်းနှင့် ယဉ်ကျေးမှုပြခန်းတို့ကို ကြည့်ရှုပြီး နာဂရိုးရာပန်တုံးထုပွဲတွင် ပါဝင်ဆင်နွှဲကြကာ ၂၀၂၀ ပြည့်နှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**ပူးပေါင်းဆောင်ရွက်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် စာရာမေရိရိပ်သာ၌ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးတက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ နာဂရိုးရာ ပန်တုံးထုပွဲတွင် ပါဝင်ဆင်နွှဲကြစဉ်။
သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်းတိုက်သို့ ရောက်ရှိကြပြီး ဗဟိုသာသနာပြုခေါင်းဆောင် ဆရာတော် ဘဒ္ဒန္တသုမန အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

**တက်ရောက်အားပေး**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ၂၀၂၀ ပြည့်နှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုမီးပုံပွဲသို့ တက်ရောက်အားပေးကြသည်။

**ကပြဖျော်ဖြေ**


ရိုးရာယဉ်ကျေးမှုမီးပုံပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် နာဂရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးပေါင်ခုတို့က မီးထွန်းညှိဖွင့်လှစ်ပေးပြီး မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက အလှည့်ကျ ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ **သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များ နာဂတိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။**
သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ နာဂရိုးရာ လက်မှုပြခန်းကို ကြည့်ရှုစဉ်။
သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့လှူဒါန်းသည့် သွပ်အချပ် ၃၀၀၀ ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်စဉ်။
သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားတွင် နှုတ်ခွန်းဆက်အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ- သတင်းစဉ်

❈ *ရှေ့ဖုံးမှ*

ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဦးတင်လတ်၊ ဦးလှမော်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ အထူး လေယာဉ်ဖြင့် ထွက်ခွာကြရာ ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက လွိုင်ကော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### သောင်းသောင်းဖြဖြကြိုဆို

ထို့ပြင် ကယားပြည်နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက လွိုင်ကော်မြို့တွင် လမ်းမများ၌ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့ ပွဲတော်မုခ်ဦးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်းနှင့် မြို့မိမြို့ဖ ဒေါ်လူစီသန်းတို့က (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် သဘာပတိအဖွဲ့ဝင် ကယားမျိုးနွယ်စု (၉) ခုတို့မှ လူမျိုးစုခေါင်းဆောင်များက နေရာယူကြပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များနှင့် ရဲဘော်အပေါင်းအား အလေးပြုကြသည်။

### "မငြိမ်းချမ်းလို့မဖြစ်ဘူး"သီချင်းဖြင့်ဖျော်ဖြေ

ယင်းနောက် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက "မငြိမ်းချမ်းလို့မဖြစ်ဘူး" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့အတွက် ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနား၌ ပြောကြားသည့် နှုတ်ခွန်းဆက်အမှာစကားအား စာမျက်နှာ ၁၀ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ သဘာပတိအဖွဲ့ဝင် ကယားမျိုးနွယ်စု (၉) ခုတို့မှ လူမျိုးစုခေါင်းဆောင်များနှင့် လည်းကောင်း၊ ကယားမျိုးနွယ်စု (၉) စု တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် လည်းကောင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များနှင့်အတူ ရိုးရာအက၊ ဗုံပလွေအကတို့ဖြင့် ပါဝင်ဆင်နွှဲသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်၌ ပြသထားသည့် ဌာနဆိုင်ရာ ပြခန်းများအား ကြည့်ရှုအားပေးသည်။

### သဝဏ်လွှာများပေးပို့

(၆၈) နှစ်မြောက် ကယားပြည်နယ်နေ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကယောအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်(ဗဟို)၊ ကယန်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ကယားပြည်နယ်) နှင့် ရွှေလွိုင်ကော်(ကယား)ပရဟိတအသင်းတို့ကလည်း သဝဏ်လွှာများ ပေးပို့ထားကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် လွိုင်ကော်မြို့မှ ရဟတ်ယာဉ်များဖြင့် ဒီးမော့ဆိုမြို့နယ်၊ ဆောင်ဒူလာကျေးရွာအုပ်စု၊ ငံရိုးကျေးရွာသို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ပြည်တော်သာငြိမ်းချမ်းရေး စေတီတော်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ငံရိုးကျေးရွာ၊ ငံရိုးသာသနာပြုကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်တော်မူမည့် "ပြည်တော်သာငြိမ်းချမ်းရေး" စေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြည်တော်သာဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက် ဦးစီးပဓာန နာယက သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဇဝနထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ၍ ဩဝါဒခံယူကြပြီး ဆရာတော်၊ သံဃာတော်များထံ ရတနာအုတ်မြစ်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြည်တော်သာဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်၏ ဦးစီးပဓာန နာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာဇဝနက ရတနာအုတ်မြစ်တော်စီသွင်းမည့် အလယ်ဗဟို၌ ပန္နက်တော်တင်ပေးသည်။

### ရတနာအုတ်မြစ်တော် စီသွင်းပူဇော်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရတနာအုတ်မြစ်တော်စီသွင်းမည့် အလယ်ဗဟို၌ ပတ္တမြားရတနာအုတ်မြစ်တော်ကို စီသွင်းပူဇော်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်းနှင့် ဦးသိန်းဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများက သတ်မှတ်နေရာအသီးသီးတွင် ရတနာအုတ်မြစ်တော်များ စီသွင်း၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ကယားပြည်နယ် ဧည့်ရိပ်သာ၌ ကယားပြည်နယ်မှ မျိုးနွယ်စုခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်သည်။

ယင်းနောက် ပြည်နယ်ဧည့်ရိပ်သာတွင် ကရင်နီလူ့အခွင့်အရေးမှ ဦးဗညား၊ တောင်သူလယ်သမားသမဂ္ဂမှ ခူးတူရယ်၊ လူငယ်များသမဂ္ဂမှ ခွန်သောမတ်စ်၊ တောင်သူ ကားစီပါးရယ်၊ ကျောင်းသားများသမဂ္ဂမှ ခွန်မျိုးလှိုင်ဝင်း၊ ကယန်းအမျိုးသမီးအစည်းအရုံးမှ မဟယ်လင်နှင့် ကယားလီဖုလူငယ်အဖွဲ့မှ ခူးရီးရယ်တို့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တက်ရောက်လာကြသူများက တစ်ဦးချင်း မိတ်ဆက်ကြပြီး ခူးတူရယ်က မြေသိမ်းဆည်းခံ တောင်သူလယ်သမားများ ပြစ်ဒဏ်ကျခံနေရခြင်း၊ တရားစွဲဆိုမှုကြောင့် အမှုရင်ဆိုင်နေရခြင်း စသည်တို့ကို ကူညီဆောင်ရွက်ပေးရန် လည်းကောင်း၊ ခူးရီးရယ်က ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကိစ္စဖြစ်စဉ်တွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းရန် လိုအပ်ချက်များရှိခဲ့သဖြင့် သက်ဆိုင်သူများ ပါဝင်စေပြီး ပြေလည်ရေးအတွက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းနိုင်ရန်အတွက် စီစဉ်ပေးရန်လည်းကောင်း၊

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖ ဒေါ်လူစီသန်းတို့က (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ ဓာတ်ပုံ- သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ကယားမျိုးနွယ်စု (၉) စုမှ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

*စာမျက်နှာ ၅ မှ*

ခွန်သောမတ်စ်က ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်များ တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် လူငယ်စင်တာ တည်ဆောက်ပေးရေး၊ ရန်ပုံငွေ ခွင့်ပြုပေးရေးနှင့် လူငယ်ရေးရာမူဝါဒအား ပြန်လည်သုံးသပ်ရေးတို့ကို ဆောင်ရွက်ပေးရန်အတွက် လည်းကောင်း တင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြေသိမ်းဆည်းခံ တောင်သူလယ်သမားများကိစ္စအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရတို့ အသေးစိတ် အမြန်ဆုံး ပြန်လည်စိစစ်ပြီး လက်ရှိဖြစ်ပွားနေမှုကို ပြေလည်စေရန်နှင့် နောင်တွင် အလားတူဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

## အမြန်ဆုံးတွေ့ဆုံဆွေးနွေးညှိနှိုင်း

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ကိစ္စနှင့် စပ်လျဉ်း၍ ဖခင်ဖြစ်သူနှင့် ပတ်သက်နေသည့်ကိစ္စဖြစ်၍ မိမိအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်း ပြုမည်မဟုတ်သော်လည်း နိုင်ငံတော်အစိုးရ၏ တာဝန်ခံမှု၊ တာဝန်ယူမှုအရ ယခုကိစ္စနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ယခုလူငယ်များသာမက ပြည်နယ်အတွင်းရှိ ပြည်သူလူထုကိုယ်စားလှယ်များဖြင့် အမြန်ဆုံး တွေ့ဆုံဆွေးနွေးညှိနှိုင်းကာ ငြိမ်းချမ်းစွာအဖြေရှာကြရန်၊ လူငယ်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြန်ဆုံး ပြန်လည်စိစစ်ပေးပြီး လုပ်ဆောင်နိုင်သည်များကို လုပ်ဆောင်ပေးရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကယားပြည်နယ်မှ ဘာသာရေးခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မိမိအနေဖြင့် ကယားပြည်နယ်သို့ မရောက်ဖြစ်သည်မှာ ကြာပြီဖြစ်ပါကြောင်း၊ ယခုလိုတွေ့ဆုံချိန်တွင် အကျိုးရှိမည့်ကိစ္စများကို တင်ပြကြစေလိုကြောင်း၊ ဘာသာပေါင်းစုံ စုပေါင်းအေးချမ်းစွာ နေထိုင်သည်ကိုတွေ့ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ရပ်မိရပ်ဖများမှာ အရေးကြီးပါကြောင်း၊ ရပ်မိရပ်ဖများနှင့် မတွေ့နိုင်ပါက ဒေသအခြေအနေကို မသိနိုင်ပါကြောင်း၊ မိမိအရပ်ဒေသတွင် နေထိုင်ပြီး ရပ်ရွာကောင်းအောင် မလုပ်နိုင်ပါက ရပ်မိရပ်ဖဟု မခေါ်နိုင်ပါကြောင်း၊ ယခုလိုတွေ့ဆုံချိန်တွင် ကယားပြည်နယ် ဒေသခံပြည်သူများ ဒေသအတွင်း အေးချမ်းစွာ နေထိုင်နိုင်ရန် အကြံပြုတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့်သူများထဲမှ လွိုင်ကော်မြို့မှ ဖာသာ အောင်ငဲက ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်သာသနာအနေဖြင့် ဆုတောင်းပေးနေမှုများ၊ ရပ်မိရပ်ဖ ဒေါ်ရိုစ့်မေရီက “မငြိမ်းချမ်းလို့မဖြစ်ဘူး” သီချင်းနှင့် ပတ်သက်၍ လူထုစစ်တမ်းကောက်ယူထားရှိမှု၊ မြို့မိမြို့ဖ ဦးထွန်းကျော်က ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၏ အခန်းကဏ္ဍ၊ လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက်မှ ဦးအောင်သန်းလင်းက သစ်တောများ ရေရှည်ထိန်းသိမ်းကာကွယ်ရေးအတွက် ဆောင်ရွက်ပေးရေး၊ ကယန်းတိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးပေါလူချမ်းက ကယန်းတိုင်းရင်းသားအရေးအတွက် ပြည့်နေပြီဖြစ်သည့်အတွက် တိုင်းရင်းသားရေးရာဝန်ကြီးတစ်နေရာ ခန့်အပ်ပေးနိုင်ရေးတို့ကို တင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့အနေဖြင့် လူနည်းစုများ၏ အခွင့်အရေးကို ဂရုစိုက်ပါကြောင်း၊ ကယားပြည်နယ်မှ မြေယာသိမ်းဆည်းမှုများအပေါ် အမြန်ဆုံး ညှိနှိုင်းစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူတိုင်း ငြိမ်းချမ်းရေးအတွက် ပါဝင်ကြစေလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးကိုလည်း လွှတ်တော်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ်မှ ဘာသာရေးခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများနှင့် ပြည်နယ်ရိပ်သာရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လွိုင်ကော်မြို့ရှိ ကယားပြည်နယ်ခန်းမ၌ ကယားပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

## ပြည်သူလူထုနဲ့ ထိတွေ့ချင်

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “အခုလို လွိုင်ကော်ကိုလာနိုင်တဲ့အတွက် ကျွန်မတို့ ဝမ်းသာပါတယ်။ လွိုင်ကော်က ပြည်သူလူထုကလည်း ကျွန်မတို့ကို သောင်းသောင်းဖြဖြ ကြိုဆိုတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ကျွန်မတို့ဟာ တိုင်းနဲ့ပြည်နယ်တွေအားလုံးကို တတ်နိုင်သမျှတော့ နှံ့နှံ့စပ်စပ်ဖြစ်အောင်လို့ ကျွန်မတို့သွားပါတယ်။ ဒါပေမယ့်လည်း အချိန်က မလုံလောက်တဲ့အခါကျတော့ ကမန်းကတန်းနဲ့လည်း လုပ်ရပါတယ်။ အခု ဒီလိုတွေ့ဆုံပွဲဆိုရင် ကျွန်မတို့ တစ်နာရီခွဲလောက်ပဲ ပေးနိုင်တယ်ပေါ့နော်။ တစ်နာရီခွဲလောက်အတွင်းမှာဆိုရင် ပြည်သူလူထုက ပြောချင်တာတွေ၊ မေးချင်တာတွေအားလုံးကို ပြောဖို့ မေးဖို့ဆိုတာကတော့ အချိန်လုံလောက်မှု မရှိဘူးဆိုတာကတော့ ကျွန်မတို့ သဘောပေါက်ပါတယ်။ ဒါပေမယ့်လည်း အတိုင်းအတာတစ်ခုအထိ ကျွန်မတို့ထိတွေ့နိုင်သမျှ ကျွန်မတို့ ပြည်သူလူထုနဲ့ ထိတွေ့ချင်ပါတယ်။

ပြည်သူလူထုနဲ့ ထိတွေ့တယ်ဆိုတာက ပြည်သူလူထုရဲ့ ရင်ခုန်သံ၊ ပြည်သူလူထုရဲ့ စိုးရိမ်ပူပန်မှုတွေ၊ မျှော်လင့်ချက်တွေ ကျွန်မတို့နားလည်နိုင်ဖို့၊ သိရှိနိုင်ဖို့ ဖြစ်ပါတယ်။ ဒီလို တစ်ခါတည်းနဲ့ တစ်ချိန်တည်းနဲ့ တစ်နေရာတည်းမှာ တွေ့ခြင်းအားဖြင့် တစ်တိုင်းပြည်လုံးက ပြည်သူလူထုရဲ့အသံကို ကြားရတာမဟုတ်ပေမယ့်လည်း ကျွန်မသတိပြုမိတာက တစ်နေရာနဲ့ တစ်နေရာ သိပ်ပြီးတော့ မကွာကြပါဘူး။ ပြည်သူတွေရဲ့ လိုအပ်ချက်တွေ၊ ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုတွေ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေဟာ တစ်နေရာနဲ့ တစ်နေရာက အတူတူပါပဲ။ ဒါဟာ ကျွန်မတို့က တစ်တိုင်းပြည်ထဲဖြစ်တယ်ဆိုတာကို ဖော်ပြတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကို ဟိုးအရင်ကတည်းကပါ ကျွန်မတို့စပြီးတော့ နိုင်ငံရေးလောကထဲကို ဝင်ကတည်းက နိုင်ငံအရပ်ရပ်ကို သွားလို့ရှိရင် ပြည်သူတွေနဲ့ စကားပြောလို့ရှိရင် တော်တော်ကို သိသိသာသာ တစ်နေရာနဲ့ တစ်နေရာဟာ မျှော်လင့်ချက်များ၊ စိုးရိမ်ပူပန်မှုများ ထပ်တူထပ်မျှဖြစ်နေတယ်ဆိုတာ ကျွန်မတို့ တွေ့ခဲ့ရပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘယ်ကိုပဲသွားသွား ပြည်သူတွေရဲ့ စိုးရိမ်မှုတွေက အတူတူပဲ။ လိုအပ်ချက်တွေက အတူတူပဲ။ မျှော်မှန်းချက်တွေက အတူတူပဲ။ သိပ်ပြီးတော့ ကွဲကွဲပြားပြား မရှိပါဘူး။ နည်းနည်းပါးပါးတော့ သူ့ရဲ့ အရပ်ဒေသအရ လိုအပ်ချက်တွေရှိတာတော့ ရှိတာပေ့ါ။ ဒါပေမယ့်လည်း ကျွန်မတို့နိုင်ငံဟာ တစ်နိုင်ငံထဲဆိုတာဟာ အဲဒါက သက်သေထူနေပါတယ်။ တချို့ကဆိုလို့ရှိရင် ဒီနိုင်ငံကို တစ်နေရာနဲ့ တစ်နေရာ သီးခြားပြီးတော့ ယူချင်ကြပါတယ်။ ကျွန်မကတော့ အားလုံးကို စုပေါင်းပြီးတော့ နေစေချင်တယ်။ ဒါကျွန်မတို့ရဲ့ တစ်နိုင်ငံထဲ တစ်ပြည်ထောင်စုထဲဆိုတဲ့ စိတ်ဓာတ်နဲ့ နေစေချင်တယ်။ တကယ်လည်း ဒီလိုတစ်စုတည်း တစ်စည်းတည်းရှိတယ်ဆိုတာကို တကယ်တစ်တိုင်းတစ်ပြည်လုံးကို လှည့်ပြီးတော့ ခရီးသွားတဲ့လူတွေဆိုလို့ရှိရင် သဘောပေါက်မှာပါ။ သွားကြည့်ပါ။ သွားပြီးတော့ သာမန်ပြည်သူတွေကို မေးကြည့်ပါ။ ဘာမျှော်လင့်လဲ။ ဘာစိုးရိမ်လဲ။ ဘာဖြစ်စေချင်လဲ။ အဖြေတွေဟာ အရှေ့၊ အနောက်၊ တောင်၊ မြောက် အတူတူပဲဖြစ်နေပါတယ်။

## တောင်သူလယ်သမားတွေရဲ့ စိုးရိမ်မှု

ဥပမာဆိုရင် ကျွန်မတို့က မကွေးလိုပေ့ါ။ မြန်မာပြည်ရဲ့ အညာပိုင်းမှာ သွားပြီးတော့ မေးလို့ရှိရင် အဲဒီက တောင်သူလယ်သမားတွေရဲ့ စိုးရိမ်ပူပန်မှုတွေက ဟိုးရှမ်းတောင်ပိုင်း၊ အရှေ့ပိုင်းက တောင်သူလယ်သမားတွေရဲ့ စိုးရိမ်ပူပန်မှုတွေနဲ့ အတူတူပဲဆိုတာ ကျွန်မတို့ သတိပြုမိခဲ့ပါတယ်။ ပြောတဲ့ဘာသာစကားချင်းက မတူဘူး။ ကျွန်မတို့ ရှမ်းပြည်နဲ့ ရှမ်းပြည်အရှေ့ပိုင်း၊ မြောက်ပိုင်းတွေ သွားလို့ရှိရင် တစ်ခါတလေ ကျွန်မတို့က ဘာသာပြန်နဲ့ စကားပြောရတယ်။ တိုင်းရင်းသားတွေရဲ့ ဘာသာစကားကို နားမလည်ဘူး။ ဘာသာပြန်နဲ့ စကားပြောရပေမယ့်လည်း သူတို့ပြောတဲ့ကိစ္စရပ်တွေက ဟိုးဗမာစကားပဲပြောတဲ့ မကွေးက အညာသားတွေနဲ့ သိပ်ပြီးတော့ မကွာဘူးဆိုတာကို ကျွန်မတို့ တွေ့ခဲ့ရတယ်။

အဲဒီတော့ ကျွန်မတို့က တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လှေတည်းစီးဆိုတာ တကယ်ကို ကျွန်မတို့က အတူတူပါပဲ။ ဒီလှေကြီးအပေါ်မှာ နေတဲ့အခါကျတော့ ဒီလှေကြီးရဲ့ လိုအပ်ချက်တွေက ဒီလှေကြီးရဲ့အနေအထားနဲ့ ကျွန်မတို့ရဲ့ လိုအပ်ချက်တွေ အနေအထားတွေကလည်း ဖြစ်လာပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ တစ်ရေတည်းသောက်တယ်ဆိုတဲ့အဓိပ္ပာယ်က ကျွန်မတို့ရဲ့ ရှင်သန်မှုမှာ ရှင်သန်မှုရဲ့ အရင်းအမြစ်တွေက အတူတူပါပဲ။ ကျွန်မတို့ဟာ စိုက်ပျိုးရေးနိုင်ငံပါ။ အခုထိ စိုက်ပျိုးရေးနိုင်ငံပါ။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားများရဲ့ အရေးကိစ္စတွေဟာ အင်မတန်မှ အရေးပါပါတယ်။ တောင်သူလယ်သမားများရဲ့ အရေးကိစ္စတွေနဲ့ ဆက်နွှယ်နေတဲ့ လယ်ယာပိုင်ဆိုင်မှုဆိုတဲ့ ကိစ္စကလည်း အင်မတန်မှ အရေးပါပါတယ်။ ဒါကလည်း တစ်တိုင်းပြည်လုံးပါပဲ။ ဒီကယားပြည်နယ်ထဲမှာတင် မဟုတ်ဘူး။ ကျွန်မတို့ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘယ်မှာမှ မကွာပါဘူး။

## နိုင်ငံရဲ့ စီးပွားရေးအနာဂတ်အတွက်

နောက်တစ်ခုကတော့ ကျွန်မတို့ရဲ့ ပြည်သူလူထုရဲ့ မျှော်လင့်ချက်တွေ၊ မျှော်လင့်ချက်တွေ ဆိုတာကလည်း အင်မတန်မှ ထူးခြားပါတယ်။ အထူးသတိထားမိတာက ကျွန်မတို့ ပြည်သူလူထုက အခြေတကျနဲ့ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေပေ့ါနော်။ လမ်းပန်းဆက်သွယ်ရေးတို့၊ လျှပ်စစ်မီးရရှိရေးတို့ ပြီးလို့ရှိရင် အမြဲပဲ သူတို့ ပညာရေးကို မြှင့်တင်ပေးစေချင်ပါတယ်။ ပညာရေးစနစ်ကို ပိုပြီးတော့ ကောင်းစေချင်ပါတယ်ဆိုတာ နေရာတိုင်းမှာကို ပြောပါတယ်။ အဲဒါက ဘာကိုပြတာလဲဆိုရင် ကျွန်မတို့ရဲ့ ပြည်သူတွေဟာ မျှော်လင့်ချက် အင်မတန်မှ ရှိတယ်ဆိုတာကို ပြတာပါ။ အခုအချိန်မှာ ကျွန်မတို့နိုင်ငံဟာဆိုရင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်ခုဖြစ်နေပါတယ်။ ဒါကတော့ ကျွန်မတို့အဖြစ်ကို အဖြစ်အတိုင်း ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ သို့သော်ငြားလည်း ကျွန်မတို့ရဲ့ ပြည်သူလူထုဟာ အရှေ့မှာ မျှော်လင့်ချက်ရှိတယ်ဆိုတာ ယုံကြည်လို့ ပညာရေးကို အင်မတန်မှ အလေးထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာရေးဟာ မိမိတို့ရဲ့ သားသမီးများဟာ မိမိတို့ထက်ပိုပြီးတော့ ကောင်းတဲ့ဘဝကို ရရှိနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပညာရေး ပိုပြီးတော့ကောင်းအောင် လုပ်ပေးပါဆိုတာကို တောင်းဆိုတာဖြစ်ပါတယ်။ ကျွန်မတို့ကလည်း ဒါကို အင်မတန်မှ အလေးထားပါတယ်။ နိုင်ငံရဲ့ ဖွံ့ဖြိုးရေးအတွက် နိုင်ငံရဲ့ စီးပွားရေးအနာဂတ်အတွက် ကျွန်မတို့ ပညာရေးကောင်းမွန်လိုတယ်။ ဒါပေမယ့် ဒ့ါထက် ပိုပြီးတော့ အရေးကြီးတာက ကျွန်မတို့နိုင်ငံရဲ့ စည်းလုံးညီညွတ်ရေး၊ သာယာရေးအတွက် ပညာရေးစနစ်က မှန်ကန်ဖို့ လိုပါတယ်။ ပညာရေးစနစ်က ဘာကို ဦးတည်သလဲလို့မေးရင် အဓိက ကျွန်မတို့ ပြည်သူပြည်သား တစ်ဦးချင်း တစ်ဦးချင်းက တတ်နိုင်သမျှ ပြီးပြည့်စုံတဲ့ လူသားတွေ ဖြစ်ဖို့ပါ။ ပြီးပြည့်စုံတဲ့လူသားတွေ ဖြစ်ဖို့ဆိုတာ ကိစ္စတစ်ခုကို ကြည့်တဲ့အခါ ဟိုဘက် ဒီဘက် အဘက်ဘက်ကနေ ကြည့်တတ်တဲ့ အရည်အချင်းရှိရမယ်။ ကိုယ်တစ်ယောက်တည်း မြင်ခြင်းဘက်ကနေ ကြည့်တယ်ဆိုတာ ပြီးပြည့်စုံတဲ့ လူသားတစ်ယောက်ဖြစ်လာဖို့ အလားအလာမဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ လူငယ်များ၊ ကျောင်းသူကျောင်းသားများ ဟာဆိုရင် မေးချင် မြန်းချင်တဲ့စိတ်ဓာတ်ကို အားပေးပါလို့ ကျွန်မ ဆရာ ဆရာမတွေကို အမြဲပြောပါတယ်။

## ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု

မေးခွန်းထုတ်တာကို ဆရာ ဆရာမတွေက မကြိုက်ဘူးဆိုရင် ဘာဖြစ်လို့ မကြိုက်တာလဲဆိုရင် ကျွန်မစဉ်းစားမိပါတယ်။ အကြောင်းနှစ်ကြောင်းကြောင့် မကြိုက်တာလို့ ကျွန်မထင်ပါတယ်။ တချို့ဆရာ ဆရာမတွေက ဆရာ ဆရာမဆိုတာ ကျောင်းသားတွေထက် အားလုံးပိုသိတယ်။ ဒါကြောင့်မို့ ကျောင်းသားတွေက မေးခွန်းထုတ်စရာမလိုဘူး။ ပြောသလောက်ပဲလက်ခံ၊ ပြောတဲ့အတိုင်းပဲ လုပ်၊ ပြောတဲ့အတိုင်း မှတ်ထားပြီးခဲ့ အဲဒီအတိုင်းပဲ စာမေးပွဲမှာ ဖြေဆိုပြီးတော့ အဲဒီလို အယူအဆရှိတဲ့ ဆရာ ဆရာမတွေလည်း ရှိကောင်းရှိပါတယ်။ တချို့ကျတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းလို့ ကျောင်းသူကျောင်းသားတွေ မေးခွန်းထုတ်တာ မကြိုက်ဘူးလို့ ကျွန်မ ဒီလိုမြင်ပါတယ်။ ကျောင်းသူကျောင်းသားတွေ မေးခွန်းထုတ်တဲ့အခါကျရင် ကိုယ်မဖြေနိုင်မှာကို စိုးရိမ်ပြီးတော့ မမေးစေချင်တဲ့ ဆရာ ဆရာမတွေလည်း ရှိပါတယ်။ ကျွန်မတို့က ဒီနှစ်ခုစလုံးကို ပြင်ဖို့လိုပါတယ်။ နှစ်ခုစလုံးကို ပြင်ဖို့လိုတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင်လို့ ကျွန်မတို့က အရည်အချင်းရှိတဲ့ ဆရာ ဆရာမတွေ ဖော်ထုတ်ပေးရမယ်၊ မွေးထုတ်ပေးရမယ်၊ နောက်ပြီးတော့လည်း အရည်အချင်းရှိပြီးတော့ ကိုယ့်ရဲ့ကျောင်းသူ ကျောင်းသားတွေကို တိုးတက်စေချင်တဲ့ စေတနာရှိရမယ်။ အဲဒီစေတနာရှိရင် ကျောင်းသူ ကျောင်းသားများက မေးတာကို ငါတို့ကို စောဒကတက်တယ်၊ ငါတို့မှာ အရည်အချင်းပြည့်စုံရဲ့လား၊ ငါတို့က သိရဲ့လား၊ တတ်ရဲ့လား ဆိုတာကို စိတ်ထဲမှာမရှိရဘူး။ ကိုယ်က ကျောင်းသားတွေထက် အမြဲသိတယ်ဆိုတဲ့ စိတ်ထဲမှာမရှိဘဲနဲ့ ဆရာ ဆရာမတွေဟာ ကျောင်းသားတွေကို တည်ဆောက်ပေးသလို ကျောင်းသားတွေကလည်း ဆရာ ဆရာမတွေကို ပြန်ပြီးတော့ သင်ပေးနိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ မေးခွန်းမေးခြင်းအားဖြင့် ဘာတွေစဉ်းစားသင့်သလဲ၊ ဘာတွေဆင်ခြင်သင့်သလဲဆိုတာကို ဆရာ ဆရာမတွေ ပိုပြီးတော့ သိနိုင်ပါတယ်။

အစိုးရနဲ့ ပြည်သူ ဆိုတာကလည်း ဒီအတိုင်းပါပဲ။ အစိုးရနဲ့ ပြည်သူဆိုတာ တစ်ယောက်နဲ့တစ်ယောက် ပိုပြီးတော့ အရည်အချင်းရှိအောင်လို့ ဖြည့်ဆည်းပေးရမယ်။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်တော်သာငြိမ်းချမ်းရေးစေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုစဉ်။ သတင်းစဉ်

*စာမျက်နှာ ၆ မှ*

ဒါကြောင့်မို့ ပြည်သူတွေဟာ အစိုးရကို မေးခွန်းထုတ်ပိုင်ခွင့်ရှိရမယ်။ အစိုးရအပေါ် မေးခွန်းတွေထုတ်မှ အစိုးရကနေပြီးတော့ ပြည်သူတွေက ဒီလိုဟာတွေသိချင်တာကို၊ ဒီလိုဟာတွေ ဒို့မှာ သိဖို့လိုနေတာကို၊ ဒါတွေကို ဖြစ်စေချင်တာကို၊ ဒါတွေဖြစ်ဖို့ လိုနေတာကို သိမှာပါ။ ဒါပေမယ့် ပြည်သူတွေနဲ့ အစိုးရကြားမှာ ဒီလိုဆက်သွယ်မှုရှိမှ အစိုးရရဲ့ ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေ၊ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကိုလည်း ပြည်သူတွေက သိမှာဖြစ်ပါတယ်။ ကျွန်မတို့သွားရင် အများအားဖြင့် ပြည်သူတွေက တောင်းဆိုကြတဲ့ အခါမှာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနဲ့ ပတ်သက်ပြီး တောင်းဆိုကြတယ်။ ဒါတွေက ဖွံ့ဖြိုးရေးနဲ့ ဆက်နွှယ်နေတဲ့ကိစ္စတွေပါ။ ကျွန်မတို့လည်း မကြာခဏသတိပေးရတယ်။ ကျွန်မတို့မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြည့်ပြီး လုပ်ပေးရပါတယ်။ တစ်တိုင်းတည်း၊ တစ်ပြည်နယ်တည်း ကြည့်လို့မရပါဘူး။ ပြည်နယ်တစ်ခုတည်းမှာဆိုရင်လည်း တစ်မြို့တည်း၊ တစ်ရွာတည်း ကြည့်လို့မရပါဘူး။ အားလုံးကို ကြည့်ပြီးတော့ အားလုံးရဲ့ လိုအပ်ချက်ကို တတ်နိုင်သမျှ မျှမျှတတ ဖြည့်ဆည်းပေးရပါတယ်။ မျှမျှတတဆိုတာ ထပ်တူထပ်မျှ တူတာကိုပြောတာ မဟုတ်ပါဘူး။ ဥပမာဆိုရင် ခြောက်လသားကလေးအတွက် ကျွေးတဲ့ဟာနဲ့ ဆယ်နှစ်ကလေးအတွက် ကျွေးတဲ့ဟာနဲ့ တူလို့မရဘူး။ မျှမျှတတဆိုတာ ခြောက်လသားလေးက ခြောက်လသားလေးရဲ့ လိုအပ်ချက်နဲ့ ပြည့်စုံအောင်ပေးရမယ်။ ဆယ်နှစ်ကလေးကို ဆယ်နှစ်ကလေးရဲ့ လိုအပ်ချက်နဲ့ ပြည့်စုံအောင်ပေးရမယ်။ ဒါမှ မျှတမှာပါ။ ထပ်တူထပ်မျှ တူလို့မဖြစ်ပါဘူး။

မျှမျှတတလုပ်တယ်ဆိုတာ လိုအပ်ချက်နဲ့၊ ပေးတာနဲ့ ကိုက်ညီအောင် အတတ်နိုင်ဆုံးလုပ်တာကို ပြောချင်တာ ဖြစ်ပါတယ်။ အဓိပ္ပာယ်က တစ်လှေတည်းစီးလို့ရှိရင် အားလုံးက တက်ညီလက်ညီသွားရတယ်။ တစ်ယောက်က ပြောင်းပြန်လှော်နေမယ်ဆိုရင် လှေကြီးက ရှေ့တက်ဖို့ဟာ မလွယ်ပါဘူး။

**တက်ညီလက်ညီ လုပ်သွားဖို့လို**

အားလုံးကနေပြီးတော့ ဆယ်ယောက်ရှိရင် ဆယ်ယောက်စလုံးက လှော်ရမယ်။ ဆယ်ယောက်စလုံးက တက်ညီလက်ညီ လှော်ရမယ်။ ငါးယောက် တစ်ဖက်၊ ဟိုငါးယောက်က တစ်ဖက်ဆိုလို့ရှိရင် ဘယ်လိုမှ လှေက ရှေ့ကိုမတိုးနိုင်ပါဘူး။ ကိုးယောက် တစ်ဖက် တစ်ယောက်တည်းက နောက်တစ်ဖက်ဆိုရင်တောင်မှ လှေကြီးက မြန်သင့်သလောက် မြန်မှာမဟုတ်ပါဘူး။ အဲတော့ ကျွန်မတို့ဟာ တစ်လှေတည်းစီးနေတယ်ဆိုတာ တညီတညွတ်တည်းလုပ်ဖို့။ တညီတညွတ်တည်းလုပ်ဖို့ဆိုတာဟာ တစ်ဦးတစ်ယောက်တည်းရဲ့ စိတ်ထားလေးက အလိုကျ အလိုဆန္ဒအရပဲ လုပ်ရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ အားလုံးကနေပြီးတော့ တို့ဘယ်ကိုသွားကြမလဲ၊ ဒါဆုံးဖြတ်ရမယ်။ တစ်လှေတည်းသွားကြပြီဆိုရင် ဘယ်ကို ဦးတည်မလဲဆိုတာ သိဖို့လိုတယ်။ အဲဒီတော့ ကျွန်မတို့ကလည်း ဒီကိစ္စကို စဉ်းစားကြပါ။ ကျွန်မတို့ နိုင်ငံဟာ ဘယ်ကို ဦးတည်နေလဲ။ ကျွန်မတို့ဟာ တကယ်စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုကို ဦးတည်နေတယ်ဆိုလို့ရှိရင် အဲဒီကို ရောက်နိုင်မယ့် ပုံစံမျိုးနဲ့ ကျွန်မတို့အားလုံး တက်ညီလက်ညီ လုပ်သွားဖို့ လိုပါတယ်ဆိုတာကို ကျွန်မ သတိပေးချင်ပါတယ်။ ဒီလိုကျွန်မ သတိပေးခြင်းဟာ ကယားပြည်နယ်မှာမှ မဟုတ်ပါဘူး။ ဘယ်မှာပဲသွားသွား ကြုံရင် ကျွန်မ သတိပေးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တော်တော်များများဟာ နိစ္စဓူဝ အတွေးအခေါ်တွေထဲမှာ ငါတို့ပြည်ထောင်စုရဲ့ လိုအပ်ချက်တွေက ဘာလဲဆိုတာ သိပ်မပါကြဘူးလို့ ကျွန်မ ထင်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်နီလူ့အခွင့်အရေးမှ ဦးဗညား၊ တောင်သူလယ်သမားသမဂ္ဂမှ ခူးတူရယ်၊ လူငယ်များသမဂ္ဂမှ ခွန်သောမတ်စ်၊ တောင်သူကားစီပါးရယ်၊ ကျောင်းသားများသမဂ္ဂမှ ခွန်မျိုးလှိုင်ဝင်း၊ ကယန်းအမျိုးသမီးအစည်းအရုံးမှ မဟယ်လင်နှင့် ကယားလီဖုလူငယ်အဖွဲ့မှ ခူးရီးရယ်တို့နှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

ကျွန်မတို့အနေနဲ့ အတတ်နိုင်ဆုံး ကယားပြည်နယ်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ကြိုးစားပါမယ်။ တစ်ချိန်တည်းမှာ တခြားပြည်နယ်တွေ တိုင်းတွေရဲ့ လိုအပ်ချက်တွေကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးဖို့ဟာလည်း ကျွန်မတို့မှာ ကြိုးစားဖို့ဟာ တာဝန်တစ်ခုဖြစ်ပါတယ်။ အဲဒါကိုတော့ ကျွန်မတို့ရဲ့ ပြည်သူများဟာ အားလုံးဟာ တစ်တိုင်းပြည်ထဲက ပြည်သူတွေပဲဆိုတဲ့ စိတ်ဓာတ်ဖြစ်အောင် ကျွန်မ မျှဝေရေးပြောတာပါ။ အခုပြောမယ့် ကိစ္စတွေမှာဆိုလည်း လမ်း၊ တံတားကိစ္စ၊ လျှပ်စစ်၊ စိုက်ပျိုးရေးနဲ့ဆိုင်တဲ့ ကိစ္စတို့ ဒါတွေဟာ ကယားပြည်နယ်မှာပဲ မဟုတ်ပါဘူး။ တစ်တိုင်းပြည်လုံးမှာ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်နေရတယ်ဆိုတာကို နှလုံးသွင်းပြီးတော့ အားလုံးတစ်ယောက်နဲ့ တစ်ယောက် ဒီလိုဖြေရှင်းပေးနေတယ်။ ရင်ဆိုင်နေရတယ်ဆိုတာကို နှလုံးသွင်းပြီးတော့ ကျွန်မတို့အားလုံး တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုဖြေရှင်းပေးမလဲ။ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုကူညီမလဲ။ ကျွန်မတို့ တစ်လှေတည်းစီးဆိုတဲ့ ဘာလဲဆိုတာ သိပ်မပါကြဘူးလို့ ကျွန်မ ထင်ပါတယ်။

အဲဒီတော့ ကျွန်မ တစ်ခါတလေ ပြောပါတယ်။ တစ်နေ့ကို တစ်ခါလောက်ပဲ စဉ်းစားပါ။ စဉ်းစားနိုင်တဲ့ အရွယ်ရောက်လာတဲ့လူတိုင်း လူတိုင်းက တစ်နေ့ကို တစ်ကြိမ်ပဲ ငါ့နိုင်ငံအတွက် ဘာလိုအပ်ချက်တွေများ ရှိမလဲဆိုတာ စဉ်းစားပေးမယ်ဆိုရင် ကျွန်မတို့နိုင်ငံက အများကြီးတိုးတက်မှုရှိမှာ ဖြစ်ပါတယ်။

ကျွန်မကတော့ ဘာလိုအပ်ချက်တွေ ရှိသလဲ စဉ်းစားရုံပဲ။ အဲဒီလောက်စဉ်းစားရင် နောက်တစ်ဆင့်ကတော့ လိုအပ်ချက်တွေကို တို့ဘယ်လိုဖြေရှင်းပေးနိုင်မလဲဆိုတာ စဉ်းစားနိုင်တဲ့အဆင့်ကို ရောက်ပါမယ်။ အဲဒီအဆင့်ကနေပြီးတော့ လက်တွေ့ကျကျ ဒီစဉ်းစားချက်တွေကို ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာကို ကျွန်မတို့ ဆက်သွားလို့ ရပါတယ်။ ဒါကို ကျွန်မတို့ အားလုံးမှာ ကိုယ့်ရဲ့ပြည်နယ်အတွက် ဖွံ့ဖြိုးတိုးတက်ဖို့တစ်ခုတည်းအတွက် မဟုတ်ဘူး။ ကျွန်မတို့တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ဝိုင်းဝန်းကြိုးစားကြပါလို့ ကျွန်မ အနေနဲ့ မေတ္တာရပ်ခံပါတယ်။ နောက် အခု ကျွန်မတို့ စီစဉ်ထားတဲ့ မေးခွန်းတွေကို မေးပြီးတော့ ဖြေပါ့မယ်” ဟု ပြောကြားသည်။

**လျှပ်စစ်မီးရရှိရေး**

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြထားသည့် ဖရူဆိုမြို့နယ်မှ ဦးဖိုဝါးနီက လောဇာကျေးရွာမှ ကော်သောကျေးရွာသို့ မြေသားလမ်းဖောက်လုပ်ပေးရေး၊ ဒိုးလာစောကျေးရွာနှင့် ဒီးကူလယ်ကျေးရွာတို့ လျှပ်စစ်မီး ရရှိရေးနှင့် မော်သီဒို-ကူးခူကြား ကျောက်ခင်း လမ်းပျက်စီးနေသည့်အတွက် ဆောင်ရွက်ပေးရေး၊ ဖရူဆိုမြို့နယ် ရာပေရားကျေးရွာမှ ဦးဘော့ဒူ က ရာပေရားကျေးရွာအုပ်စုအတွင်းရှိ ရွာများ တယ်လီဖုန်းဆက်သွယ်ရေး အဆင်ပြေစေရန်နှင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးရေး၊ လွိုင်ကော်မြို့ နမ်ကွက်ရပ်ကွက်မှ ဦးမီရယ်မြင့်က တောင်သူများ၏ စိုက်သီးနှံများ ဈေးကွက်ရရှိရေး၊ ဝါရီကောခူကျေးရွာမှ ဦးလှငူက ပီကင်းကောခူ ကျေးရွာမှ မထေးငှားလျားကျေးရွာအထိ တာပေါင်လမ်းအား ကတ္တရာလမ်း ဆောင်ရွက်ပေးရေး၊ မထောခုကျေးရွာမှ ဦးသန်းနိုင်ဦးက TTC မြေနေရာအတွက် တောင်သူများအား နစ်နာကြေးပေးရေး၊ ရှမ်းစုရပ်ကွက်မှ ဦးကျော်မြင့်က လယ်ယာမြေများအား ပိုင်ရှင်မဟုတ်ဘဲ ပုံစံ(၇) ထုတ်ပေးထားမှုကို ဖြေရှင်းပေးရေး၊ ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာမှ ဒေါ်ခင်သန်းနုက ဒေါတမကြီးကျေးရွာအုပ်စုရှိ ရွာ(၄)ရွာနှင့် ဒေါဖုကျေးရွာအုပ်စုရှိ ရွာ (၆) ရွာအတွက် ပွန်ချောင်းမှ မြစ်ရေတင်စီမံကိန်းဆောင်ရွက်ပေးရေး၊ လွိုင်ကော်မြို့ ဒေါသုခူရပ်ကွက်မှ ဦးစောချာလီပေါလ် က သမဝါယမ အသင်းပိုင်မြေ တချို့အား ရပ်ကွက်ရုံးဆောက်လုပ်ရန် မြေစွန့်လွှတ်ပေးရေး၊ မင်းစုရပ်ကွက်မှ ဦးစိုးညွန့်က လွိုင်ကော်ဆေးရုံကြီးတွင် ဆီးနှင့်ကျောက်ကပ် ဆရာဝန်တာဝန်ချထားပေးရေး၊ ဒီးမော့ဆိုမြို့နယ် ကုန်းသာကျေးရွာမှ ဦးဘမောင်က ဒီးမော့ဆိုဆေးရုံအား အဆင့်မြှင့်တင်ပေးရေး၊ ရှားတောမြို့နယ် မြောက်ပိုင်းကျေးရွာမှ ဦးပီတာဦးရယ်က သရီးဒါးတိုက်နယ်ဆေးရုံ၌ ဆရာဝန်တစ်ဦး ခန့်ထားပေးရေး၊ ဒီးမော့ဆိုမြို့နယ်မှ ဦးစိန်ဝင်းက မြန်မာ့စီးပွားရေးဘဏ် ဖွင့်လှစ်ပေးရေး၊ လွိုင်ကော်မြို့ နွားလပိုးကျေးရွာမှ ဦးစိုးမိုးဝင်းက လီဆူတိုင်းရင်းသားများအား လီရှောပ မှားယွင်းစွာ ခေါ်ဝေါ်လျက်ရှိနေမှုနှင့် နိုင်ငံသားလျှောက်ထားရာတွင် ဗဟိုဘုတ်အဖွဲ့မှ နိုင်ငံသားပြုခွင့် သတ်မှတ်ပေးရေး မေးခွန်းများအား လည်းကောင်း။

ခန်းမအပြင်မှ မေးခွန်းမေးမြန်းလိုသူ ၁၀ ဦးအနက် မဲပေါက်သူ ၅ ဦးဖြစ်သည့် ဒီးမော့ဆိုမြို့နယ်မှ ဦးအယ်မူးက ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရေး၊ ဘောလခဲမြို့နယ်မှ ဦးအေးမောင်က စိုက်ပျိုးမြေ ၁၂ ဧကအား ရွာမြေသတ်မှတ်ပေးပြီး နေအိမ်များ ဆောက်လုပ်ခွင့်ပြုရေး၊ ပွန်ချောင်း ရေထိန်းနံရံ ထပ်မံဆောင်ရွက်ပေးရေးနှင့် မြို့နယ်ဓမ္မာရုံ ဆောင်ရွက်ပေးရေး၊ လွိုင်ကော်မြို့နယ်မှ ဦးသိန်းစိန်က ဒေသခံများ ဝန်ထမ်းခန့်ထားပေးရေး၊ လွိုင်ကော်မြို့နယ်မှ မစုငယ်ထွေးက ဖခင်ပိုင်ဆိုင်သည့် လယ်မြေများအတွက် လျော်ကြေးနှင့် အသုံးမပြုသည့်မြေနေရာ ပြန်လည်ရရှိရေး၊ ဒီးမော့ဆိုမြို့နယ်မှ ဒေါ်ဟယ်လင်းနိုင်က မြေယာကိစ္စကြောင့် အကျဉ်းကျခံနေရသူများ ပြန်လည်လွှတ်ပေးရေးမေးခွန်းများကိုလည်းကောင်း၊ ခန်းမအပြင်မှ မေးခွန်းမေးမြန်းလိုသူ ဖားဆောင်းမြို့နယ်မှ ဒေါ်ညိုညိုအေးက သံလွင်မြစ်အပေါ် ရေကာတာ ဆောင်ရွက်ခွင့်မပြုရေး မေးခွန်းအားလည်းကောင်း မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းတို့က ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ရေရှည်ဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

**လိုအပ်ချက်များ ဆောင်ရွက်**

မေးခွန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက် အချို့ကို ကြည့်ပါက ပြည်နယ်အစိုးရနှင့် ပြည်နယ်ပြည်သူများအကြား ထိတွေ့မှုနည်းပါးသည်ဟု ယူဆပါကြောင်း၊ ကျေးရွာများအထိ သွားရောက်ပြီး ပြည်သူနှင့် ထိတွေ့ရန် လိုအပ်ပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် လိုအပ်ချက်များကို အမြန်ကွင်းဆင်း ဆောင်ရွက်ပေးစေလိုကြောင်း၊ ဒေသခံပြည်သူများ ဝန်ထမ်းခန့်ထားရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြန်လည်သုံးသပ်ပေးမည်ဖြစ်ကြောင်း၊ မြေယာလျော်ကြေးငွေနှင့် အသုံးမပြုသည့်မြေ ပြန်လည်စွန့်လွှတ်ရန်အတွက် စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံကိန်းများ ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှုများကို လေ့လာပါကြောင်း၊ တွေ့ရှိချက်များကိုလည်း ပြည်သူအား ချပြပါကြောင်း၊ အကျိုးအမြတ်ကိုလည်း တွက်ဆရပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ပြောကြားပြီး ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် လွိုင်ကော်မြို့ ဗုဒ္ဓဥယျာဉ်သို့ ရောက်ရှိပြီး ဗုဒ္ဓဥယျာဉ်တော်၌ တည်ထားကိုးကွယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ထို့နောက်ဗုဒ္ဓဥယျာဉ်တော်အတွင်းကျင်းပသည့် (၆၈)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပွဲတော်သို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ဒီကနေ့ ကယားပြည်နယ်နေ့မှာ ဂျပန် - မြန်မာ ချစ်ကြည်ရေး

*စာမျက်နှာ ၁၁ သို့*

# နှစ်ပေါင်းထောင်ချီ ကြာမြင့်သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဆက်လက်ပုံဖော်မည့် စာမျက်နှာသစ်များ



## တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ တရုတ်–မြန်မာသံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်မြောက်သည့် အခါသမယ၌ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ရသည့်အတွက် အလွန်ဝမ်းမြောက်မိပါသည်။ ၂၀၀၉ ခုနှစ်က ကျွန်တော်သည် ဤသာယာလှပသည့်နိုင်ငံကို လာရောက်ခဲ့ဖူးပါသည်။ မြန်မာနိုင်ငံ၏ သာယာလှပပြီး ဆိတ်ငြိမ်သည့်ရှုခင်းများ၊ အရောင်အသွေးစုံလင်လှသည့် ယဉ်ကျေးမှု၊ လှိုက်လှဲ့ပျူငှာ ကြင်နာပြီး ရိုးသားကြသည့် ပြည်သူများကို ကျွန်တော်သည် နက်နက်ရှိုင်းရှိုင်း အမှတ်ရနေပါသည်။ ယခုအကြိမ် ခရီးစဉ်မှတစ်ဆင့် မြန်မာမိတ်ဆွေများနှင့်အတူ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးအကြောင်း ဆွေးနွေးကြရင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ချမှတ်နိုင်ရန် ကျွန်တော်မျှော်လင့်ပါသည်။**

တရုတ်– မြန်မာနှစ်နိုင်ငံသည် တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိပြီး ခေတ်အဆက်ဆက် အိမ်နီးချင်းများအဖြစ် ရင်းနှီးစွာ နေထိုင်ခဲ့ကြပါသည်။ မြန်မာစကား၌ ဆွေမျိုးပေါက်ဖော် ဆိုသည်မှာ တစ်အူထုံ့ဆင်း ညီအစ်ကိုဟု အဓိပ္ပာယ် ရပါသည်။ နှစ်နိုင်ငံပြည်သူများသည် ရှေးပဝေသဏီမှစ၍ ချစ်ခင်ရင်းနှီးစွာ နေထိုင်ခဲ့ကြပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသမိုင်းကာလ ရှည်ကြာစွာ တည်ရှိနေပါသည်။ အေဒီ ၄ ရာစုတုန်းက ကျွန်တော်တို့၏ ဘိုးဘွားများသည် စီချွမ်–ယူနန်–မြန်မာ–အိန္ဒိယကို ဖြတ်သန်းသည့် “ ရွှေလမ်းငွေလမ်း”ကို ဖောက်လုပ်ခဲ့ပြီး ကုန်သွယ်မှု ပြုလုပ်ခဲ့ကြပါသည်။ တရုတ်ထန်မင်းဆက်ခေတ်က မြန်မာပျူခေတ်မင်းသား ဦးဆောင်သည့် အနုပညာရှင်များအဖွဲ့သည် မိုင်ထောင်ချီခရီးနှင်၍ ချန်အန်းမြို့သို့ လာရောက်ခဲ့ရာ တရုတ်နာမည်ကြီး ကဗျာဆရာပိုင်ကျွီးယိက ကျော်ကြားလှသည့် “ ပျူတေးသံ”ကဗျာကို ရေးစပ်သီကုံးခဲ့ပါသည်။ မြန်မာနိုင်ငံသည် လူမှုရေးစနစ်ကျင့်သုံးမှုမတူသည့် နိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ပထမဆုံး အသိအမှတ်ပြုသည့်နိုင်ငံ ဖြစ်ပါသည်။ နှစ်နိုင်ငံခေါင်းဆောင်ဟောင်းများသည် တရုတ်–မြန်မာဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွေးချွေးပေါင်းများစွာဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြပါသည်။ တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းသည် မြန်မာနိုင်ငံသို့ ၉ ကြိမ်တိုင် လာရောက်ခဲ့ပါသည်။ ဝန်ကြီးချုပ်ချူအင်လိုင်းမှ မြန်မာအမျိုးသားဝတ်စုံဆင်မြန်း၍ မြန်မာပြည်သူများနှင့်အတူ အတာသင်္ကြန်ပွဲတော်ကို နွှဲပျော်ခဲ့ပုံသည် ယနေ့တိုင် လူအများပါးစပ်ဖျားတွင် ချီးကျူးပြောဆိုနေကြဆဲ ဖြစ်ပါသည်။

**မူကြီးငါးရပ်လက်တွေ့ကျင့်သုံး**

သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၇၀)အတွင်း တရုတ်–မြန်မာနှစ်နိုင်ငံသည် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို အဆိုပြု၍ လက်တွေ့ကျင့်သုံးခဲ့ကြပါသည်။ အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် ထောက်ခံအားပေးမှုတို့ အစဉ်တစိုက် ဆောင်ရွက်ပြီး နိုင်ငံကြီး နိုင်ငံငယ်အကြား တန်းတူညီမျှစွာ ဆက်ဆံရေး၊ အပြန်အလှန် အကျိုးဖြစ်ထွန်းရေး၊ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် စံနမူနာကို တည်ဆောက်ရာ နှစ်နိုင်ငံပြည်သူများအတွက် လက်တွေ့အကျိုးစီးပွားများ ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသည်။

**နှစ်နိုင်ငံ နိုင်ငံရေးအပြန်အလှန် ယုံကြည်မှု အခြေခံအုတ်မြစ် ပိုမိုခိုင်မြဲလာပါသည်။** ၂၀ ရာစု ၆၀ စုနှစ်ပိုင်းက တရုတ်–မြန်မာနှစ်နိုင်ငံသည် တန်းတူညီမျှစွာ ညှိနှိုင်းဆွေးနွေးခြင်း၊ အပြန်အလှန်နားလည် အလျှော့ပေးခြင်းစသည့် ခံယူချက်ဖြင့် နယ်နိမိတ်ပြဿနာကို ဖြေရှင်းနိုင်ခဲ့ပါသည်။ လက်ရှိတွင် နှစ်နိုင်ငံခေါင်းဆောင်များအကြား ထိတွေ့ဆက်ဆံမှုများပြားလာပြီး ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသည် ဆက်တိုက်တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ မိမိနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို လျှောက်လှမ်း နေခြင်းအပေါ် ပြတ်သားစွာ ထောက်ခံအားပေးပြီး မြန်မာအစိုးရက ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုအပေါ် ထောက်ခံအားပေးကာ မြန်မာနိုင်ငံက နိုင်ငံတကာစင်မြင့်၌ ရသင့်ရထိုက်သည့် အခွင့်အရေးနှင့် နိုင်ငံ့ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ခြင်းအပေါ်ကိုလည်း ထောက်ခံအားပေးပါသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အချက်အချာကျသော အကျိုးစီးပွားနှင့် အရေးကြီးကိစ္စရပ်များ၌ တရုတ်နိုင်ငံအပေါ် ပြတ်သားစွာထောက်ခံအားပေးပါသည်။

**နှစ်နိုင်ငံလက်တွေ့ ပူးပေါင်းဆောင်ရွက်မှု ပိုမို များပြားလာပါသည်။** တရုတ်–မြန်မာနှစ်နိုင်ငံ စီးပွားရေး အပြန်အလှန် ဖြည့်ဆည်းနိုင်ပြီး ရှေ့အလားအလာ ကောင်းမွန်လှပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှု ပမာဏအကြီးဆုံးနှင့် ရင်းနှီးမြှုပ်နှံမှု အရေးပါဆုံးနိုင်ငံအဖြစ် ကာလကြာရှည်စွာ ရပ်တည်နေပါသည်။ ၂၀၁၉ ခုနှစ် ပထမ ၁၁ လပိုင်းတွင် နှစ်ဖက်ကုန်သွယ်မှု ပမာဏသည် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈ ဘီလီယံရှိခဲ့ပြီး မြန်မာ့လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ ပိုမိုများပြားစွာ ဝင်ရောက်လာခဲ့ပါသည်။ အခြေခံအဆောက်အအုံ တည်ဆောက်ရေးစသဖြင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုရလဒ်များ များပြားလာပါသည်။ မြန်မာနိုင်ငံသည် '' Belt and Road'' အတူတကွ တည်ဆောက်ရေး လမ်းကြောင်းတစ်လျှောက်ရှိ အရေးပါနိုင်ငံ ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက်သည် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ချိတ်ဆက်မှုကို နက်ရှိုင်းစေပြီး တရုတ်–မြန်မာ စီးပွားရေး

*စာမျက်နှာ ၉ သို့*



တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း ၁၅–၄–၁၉၆၀ ရက်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်စဉ်က မြန်မာအမျိုးသားဝတ်စုံဆင်မြန်း၍ ရန်ကုန်မြို့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်၌ ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲစဉ်။



တရုတ်နိုင်ငံ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန် ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း ၁၉၇၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၃၁ ရက်အထိ မြန်မာနိုင်ငံ တရားဝင်ချစ်ကြည်ရေးခရီးစဉ်၌ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။

**“တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ မိမိနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို လျှောက်လှမ်းနေခြင်းအပေါ် ပြတ်သားစွာထောက်ခံအားပေးပြီး မြန်မာအစိုးရက ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုအပေါ် ထောက်ခံအားပေးကာ မြန်မာနိုင်ငံက နိုင်ငံတကာစင်မြင့်၌ ရသင့်ရထိုက်သည့် အခွင့်အရေးနှင့် နိုင်ငံ့ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ခြင်းအပေါ်ကိုလည်း ထောက်ခံအားပေးပါသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အချက်အချာကျသော အကျိုးစီးပွားနှင့် အရေးကြီးကိစ္စရပ်များ၌ တရုတ်နိုင်ငံအပေါ် ပြတ်သားစွာ ထောက်ခံအားပေးပါသည်”**

# တရုတ်-မြန်မာ ချစ်ကြည်ရေးဆောင်းပါး



*စာမျက်နှာ ၈ မှ*

စကြံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်များကို ချုပ်ဆိုကာ ပူးပေါင်းလုပ်ငန်းကော်မတီကို ဖွဲ့စည်း၍ စကြံတည်ဆောက်ရေးလုပ်ငန်းကို တည်ငြိမ်စွာ အကောင်အထည်ဖော်ဆောင်လျက် ရှိပါသည်။

**နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဖလှယ်ရေး တစ်နေ့တခြား တိုးများလာပါသည်။** တရုတ်-မြန်မာယဉ်ကျေးမှု၊ ဘာသာရေး၊ လူပုဂ္ဂိုလ်များအကြား ကူးလူးဖလှယ်ရေးတိုးများလာပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးနက်ရှိုင်းစေရေးအတွက် ခိုင်မာသည့်ကျားကန်မှုကို ပေးစွမ်းနိုင်ပါသည်။ တရုတ်နိုင်ငံ၏ အမျိုးသားအဖိုးတန်ရတနာတစ်ပါးဖြစ်သည့် ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံ၏ ပင့်ဆောင်ချက်အရ မြန်မာနိုင်ငံသို့ ၄ ကြိမ်တိုင် ကြွချီအပူဇော်ခံခဲ့ပါသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ လော့ရန်မြို့ရှိ မြင်းဖြူဘုရားကျောင်းတွင် မြန်မာကျောင်းဆောင် လှူဒါန်းဆောက်လုပ်



တရုတ်နိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ဒေသစာရီပူဇော်ခံရန် နေပြည်တော်လေဆိပ်သို့ ၆-၁၁-၂၀၁၁ ရက်က ပင့်ဆောင်လာစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ပုဂံဒေသရှိ သဗ္ဗညုဘုရားပြန်လည်ပြင်ဆင်ရေးတွင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သော တရုတ်နိုင်ငံမှ ပညာရှင်အဖွဲ့အား ၃-၈-၂၀၁၈ ရက်က အမှတ်တရလက်ဆောင်ပေးအပ်စဉ်။



၂၇-၄-၂၀၁၉ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် "ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း"အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်လာသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်အား တရုတ်သမ္မတ ရှီကျင့်ဖျင်က ကြိုဆိုနှုတ်ဆက်စဉ်။

ခဲ့ပါသည်။တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် " အလင်းရောင်ခရီးစဉ် " နှင့် မွေးရာပါ နှလုံးရောဂါဝေဒနာရှင်ကလေးငယ်များကို ကယ်ဆယ်ကူညီသည့် လှုပ်ရှားမှုများ ဖော်ဆောင်ခဲ့ပြီး ဝေဒနာရှင်များစွာကို ကုသပေးခဲ့ပါသည်။ တရုတ်နိုင်ငံ၏ လက်ရာမြောက်ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲများသည်လည်း မြန်မာပရိသတ်များ၏ ကြိုက်နှစ်သက်မှုကို ခံခဲ့ရပါသည်။

**ဆက်ဆံရေးခေတ်ကာလသစ်သို့**

ယခုနှစ်တွင် တရုတ်နိုင်ငံသည် အသင့်အတင့် ကြွယ်ဝချမ်းသာသည့် လူ့အဖွဲ့အစည်းကို ဘက်စုံတည်ဆောက်ပြီးစီးမည်ဖြစ်ကာ ပထမဆုံးနှစ်တစ်ရာ ကြိုးပမ်းဆောင်ရွက်မှု ရည်မှန်းချက်ကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အောင်မြင်မှုအသစ်များ အဆက်မပြတ်ဖြစ်ထွန်းလျက် ရှိပါသည်။ နှစ်ဦးနှစ်ဖက်သည် သံတမန်ဆက်ဆံရေး ထူထောင်ခြင်းနှစ်(၇၀)ပြည့် အခွင့်ကောင်းအဖြစ် မှတ်ယူ၍ အစဉ်အလာ ချစ်ကြည်ရေးကို ပြန့်ပွားအောင်ဆောင်ရွက်ကာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေပြီး တရုတ်-မြန်မာဆက်ဆံရေး ခေတ်ကာလသစ်သို့ ဝင်ရောက်လာစေရန် တွန်းအားပေး ဆောင်ရွက်သင့်ပါသည်။

**မဟာဗျူဟာ ချိတ်ဆက်ဆောင်ရွက်မှုကို မြှင့်တင်၍ နှစ်နိုင်ငံဆက်ဆံရေးလမ်းပြမြေပုံသစ်ကို ရေးဆွဲချမှတ်ပါသည်။** နှစ်ဦးနှစ်ဖက်သည် အဆင့်မြင့်ခေါင်းဆောင်များအကြား ကူးလူးဆက်ဆံ ဦးဆောင်မှု၏ အခန်းကဏ္ဍကို ဆက်လက်မြှင့်တင်၍ အဆင့်အသီးသီးအကြား ချိတ်ဆက်ညှိနှိုင်းမှုကို တိုးမြှင့်ကာ ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံများ မျှဝေပေးရပါမည်။ တစ်ဦး၏ အချက်အချာကျသော အကျိုးစီးပွားနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် တစ်ဦးက ပြတ်သားစွာ ထောက်ခံအားပေးပြီး မဟာဗျူဟာအမြင်နှင့် ရေရှည်ရှုထောင့်ဖြင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးကို နက်ရှိုင်းစေကာ နှစ်နိုင်ငံ ပြည်သူများ၏ စိတ်နှလုံးအတွင်း၌ အေးအတူပူအမျှ အသိုက်အဝန်း အသိစိတ်ကို အမြစ်တွယ်အောင် ဆောင်ရွက်ရပါမည်။ မြန်မာနိုင်ငံက နိုင်ငံရေး ဆွေးနွေးခြင်းမှ တစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး လုပ်ငန်းစဉ်ဖော်ဆောင်မှုကို တရုတ်နိုင်ငံမှ ထောက်ခံအားပေးပါသည်။ နှစ်ဦးနှစ်ဖက်သည် နယ်စပ်ဒေသ၏ တည်ငြိမ်အေးချမ်းမှုကို အတူတကွ ထိန်းသိမ်းရပါမည်။

**စီးပွားကုန်သွယ်ရေးကို နက်ရှိုင်းစေပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်သစ်များ ထည့်သွင်းပေးပါသည်။** နှစ်ဦးနှစ်ဖက်သည်'' Belt and Road '' အတူတကွ တည်ဆောက်ရေး မူဘောင်အတွင်း လက်တွေ့ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေပြီး တရုတ်-မြန်မာစီးပွားရေးစင်္ကြံမူဘောင်ကို အတွေးအခေါ်မှ လက်တွေ့အကောင်အထည်ဖော်မှုအဆင့်သို့ ပြောင်းလဲနိုင်အောင် တွန်းအားပေးဖော်ဆောင်ရပါမည်။ ကျောက်ဖြူအထူး စီးပွားရေးဇုန်၊ တရုတ်-မြန်မာ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်၊ ရန်ကုန်မြို့သစ်စီမံကိန်းဟူသော သုံးနေရာမှ ကျားကန်မှုကို အင်တိုက်အားတိုက် ဖော်ဆောင်ပြီး အပြန်အလှန် ဆက်သွယ်ရေး၊ လျှပ်စစ်စွမ်းအင်၊ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ ငွေရေးကြေးရေး၊ လူမှုအကျိုးပြုလုပ်ငန်း စသည့်နယ်ပယ်များ၌ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေကာ တရုတ်-မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ပြည်သူများအတွက် အကျိုးအမြတ်များ ပိုမိုများပြားစွာဖော်ဆောင်ပေးရပါမည်။

**ကူးလူးဖလှယ်မှုနှင့် အပြန်အလှန် အတူယှဉ်တွဲမှုကို တိုးမြှင့်၍ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးအား အနှစ်သာရအသစ် ထည့်သွင်းပေးပါသည်။** နှစ်နိုင်ငံသည် ယခုနှစ်ကို "တရုတ်-မြန်မာယဉ်ကျေးမှု ခရီးသွားနှစ်" ဟု သတ်မှတ်ထားရာ မြန်မာ နိုင်ငံ၏ လှပသော သဘာဝရှုခင်းများနှင့် များပြားပြည့်ဝလှသော ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်များက ပိုမိုများပြားသည့် တရုတ်ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။ နှစ်ဦးနှစ်ဖက်သည် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း နှစ်(၇၀)ပြည့် အထိမ်းအမှတ်ဂုဏ်ပြုလှုပ်ရှားမှုများ ဆက်တိုက်ကျင်းပလုပ်ဆောင်သွားပြီး ပညာရေး၊ သာသနာရေး၊ မီဒီယာ၊ ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲ စသည့် နယ်ပယ်များတွင် ကူးလူးဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ကာ တရုတ်- မြန်မာ ချစ်ကြည်ရေးဟူသော ပြည်သူ့ဆန္ဒကို အဆက်မပြတ် ခိုင်မြဲအောင် လုပ်ဆောင်ခြင်းဖြင့် ဆွေမျိုး ပေါက်ဖော် ချစ်ကြည်ရေးကို ပြည်သူများ၏ စိတ်နှလုံးထဲတွင် အမြစ်တွယ်စေကာ ရှင်သန်မှုသစ်များနှင့် အားအင်သစ်များ ပေါ်ထွက်လာစေပါမည်။

**အေးအတူပူအမျှ နှစ်ထောင်ချီကြာ လက်တွဲသွားမည်**

**ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်၍ ဒေသတွင်း အေးချမ်းတည်ငြိမ်သည့် အခြေအနေ သစ်ကို ဖန်တီးပါသည်။** လက်ရှိတွင် တစ်ကိုယ်တော်ဝါဒ (Unilateralism)၊ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒ (Protectionism) များ ခေါင်းမော့လာရာ နှစ်ဦးနှစ်ဖက်သည် ကုလသမဂ္ဂ၊ အရှေ့အာရှပူးပေါင်း ဆောင်ရွက်ရေး၊ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေး စသည့်ဘက်ပေါင်းစုံယန္တရားမူဘောင်များတွင် ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ရပါမည်။ ခေတ်ကာလသစ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ် ခံယူချက်ကို ပြန့်ပွားအောင် ဆောင်ရွက်၍ အပြန်အလှန် လေးစားသော၊ တရားမျှတ၍ မှန်ကန်သော၊ ပူးပေါင်းဆောင်ရွက်၍ အပြန်အလှန် အကျိုးဖြစ်ထွန်းသော နိုင်ငံတကာဆက်ဆံရေး ပုံစံသစ်တည်ဆောက်မှုကို တွန်းအားပေးကာ လူသားတို့၏ ကံကြမ္မာတူ အသိုက်အဝန်းကို ကြိုးပမ်းတည်ဆောက်ရပါမည်။

တရုတ်-မြန်မာနှစ်နိုင်ငံလုံး၌ "တွေ့ဖန်များသော် ခင်၊ ခင်ဖန်များသော် ရင်း။" ဟူသော တူညီသည့် ဆိုရိုးစကား ရှိပါသည်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်မြောက်သည့် သမိုင်းဝင်စမှတ်သစ်မှစ၍ ကျွန်တော်တို့သည် မြန်မာမိတ်ဆွေများနှင့်အတူ လက်တွဲကြိုးပမ်း၍ ပိုမိုရင်းနှီးသည့် အေးအတူပူအမျှ တရုတ်-မြန်မာ အသိုက်အဝန်းတည်ဆောက်မှုကို တွန်းအားပေးကာ နှစ်ပေါင်းထောင်ချီ ကြာမြင့်သော ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသံစဉ်သစ်များကို ဆက်လက်ပုံဖော်သွားမည် ဖြစ်ပါသည်။ ။

# ကယားပြည်နယ်ဟာ ပြည်နယ်ရဲ့သင်္ကေတဖြစ်တဲ့ ကိန္နရီ၊ ကိန္နရာ စိတ်ဓာတ်နဲ့ ပြည်ထောင်စုနဲ့ ဘယ်တော့မှမခွဲမခွာ သစ္စာရှိရှိ ဆက်လက်ပြီးတော့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်တဲ့အထိ ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားတွင် ပြောကြားသည့် နှုတ်ခွန်းဆက်အမှာစကား

ကျွန်မတို့ (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို ကိုယ်တိုင်တက်ရောက်နိုင်တဲ့အတွက် အင်မတန်ဝမ်းသာပါတယ်။ ပြည်နယ်နေ့တစ်ခု ကျင်းပတယ်ဆိုတာဟာ ပြည်ထောင်စုရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လို့ ကျင်းပနိုင်တာပါ။ ဒါကြောင့်မို့ ပြည်ထောင်စုနဲ့ ပြည်နယ်ဆိုတာ ခွဲခြားပြီးမြင်လို့ မဖြစ်ပါဘူး။ အမြဲတမ်း တွဲပြီးမြင်နိုင်ဖို့ အရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံ လွတ်လပ်ရေးရလာပြီးကတည်းက ပြည်ထောင်စုအနေနဲ့ ထူထောင်ခဲ့တာ ဖြစ်ပါတယ်။ ပြည်ထောင်စုရဲ့ စိတ်ဓာတ်တွေ၊ ပြည်ထောင်စုရဲ့ သဘောထားတွေ၊ ပြည်ထောင်စုရဲ့တန်ဖိုးထားတွေကို ကယားပြည်နယ်လိုနေရာမှာဆိုရင် အများကြီး မြင်တွေ့နိုင်ပါတယ်။ ကယားပြည်နယ်မှာဆိုရင် လူမျိုးစုပေါင်းစုံရှိတယ်၊ တိုင်းရင်းသားပေါင်းစုံဟာ နှစ်ပေါင်းများစွာ ဘိုးဘွားဘီဘင် ဟိုးအစဉ်အဆက်ကတည်းက အတူနေခဲ့တဲ့မြေလည်း ဖြစ်ပါတယ်။

### ပြည်ထောင်စုနဲ့ ပြည်နယ်ကို မခွဲခြားတဲ့စိတ်ဓာတ်

ဒါကြောင့်မို့ ကယားပြည်နယ်ရဲ့ သင်္ကေတဟာဆိုရင် ကိန္နရီ၊ ကိန္နရာ ဇနီးမောင်နှံဖြစ်ပါတယ်။ အဲဒါဟာ ဘာကိုကိုယ်စားပြုသလဲဆိုရင် သစ္စာတရားကို ကိုယ်စားပြုတာပါ။ ကိန္နရီ၊ ကိန္နရာများဟာ တစ်ယောက်မရှင်သန်နိုင်ရင် နောက်တစ်ယောက် မရှင်သန်နိုင်ဘူးလို့ ပြောကြပါတယ်။ ဒီအတိုင်းပဲ ပြည်ထောင်စုရှင်သန်ဖို့ဆိုရင် ပြည်နယ်တွေ လိုတယ်။ ပြည်နယ်တွေ ရှင်သန်ဖို့ဆိုရင် ပြည်ထောင်စုလိုတယ်။ ကျွန်မတို့ဟာ တကယ့်သစ္စာတရားနဲ့ ပြည်ထောင်စုနဲ့ ပြည်နယ်ကို မခွဲခြားတဲ့စိတ်ဓာတ်နဲ့ ဆက်ပြီးသွားမှသာ ကျွန်မတို့လိုချင်တဲ့ နိုင်ငံကြီးကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။ စောစောက ကလေးများဟာ သီချင်းဆိုသွားတဲ့အခါမှာ မငြိမ်းချမ်းလို့မဖြစ်ဘူးတဲ့၊ ဒါဟာ ကျွန်မတို့နိုင်ငံရဲ့ အခြေခံလိုအပ်ချက်တစ်ခုဆိုတာ ကယားပြည်နယ်သူ၊ ပြည်နယ်သားများ အထူးနားလည်လိမ့်မယ်လို့ ထင်ပါတယ်။ အရင်တုန်းက မငြိမ်းချမ်းခဲ့တဲ့ ပြည်နယ်တစ်ခုဟာ ငြိမ်းချမ်းရေးရသွားတဲ့အခါကျတော့၊ အပစ်အခတ်ရပ်စဲရေး ရသွားတဲ့အခါကျတော့ ဘယ်လိုတိုးတက်မှုရှိတယ်ဆိုတာကို ကျွန်မတို့ရဲ့ ပြည်ထောင်စုသားချင်းများဟာ မျက်ဝါးထင်ထင် မြင်ရလိမ့်မယ်လို့ ထင်ပါတယ်။ စောစောက ကလေးတွေဆိုရင် ပခုံးပေါ်မှာ သေနတ်တင်တာမဟုတ်ဘဲနဲ့ တယောတင်ပြီးတော့ ကျွန်မတို့အားလုံးကို ဂီတနဲ့ အားပေးနိုင်တယ်။ ဂီတနဲ့ စိတ်ရွှင်လန်းစေတယ်။ ကလေးများရဲ့ လုပ်ပိုင်ခွင့်တစ်ခုဖြစ်တဲ့ ပညာရှာမှီးရေးကို အေးအေးချမ်းချမ်းနဲ့ လုပ်ကိုင်နိုင်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံ တကယ်ပဲတိုးတက်စေချင်တယ်ဆိုရင် မငြိမ်းချမ်းလို့မဖြစ်ဘူးဆိုတာ အားလုံးက အသည်းထဲမှာစွဲပြီးတော့ နားလည်ဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးဆိုတာ အတွင်းကနေစတာပါ။ ငြိမ်းချမ်းချင်တဲ့စိတ်ဓာတ်ရှိမှ ငြိမ်းချမ်းရေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်ထောင်စုသားချင်းအားလုံးဟာ ငြိမ်းချမ်းရေးလိုအပ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် ထူထောင်ချင်ကြတယ်။ ထူထောင်ဖို့ တစ်ချိန်လုံးရည်ရွယ်ကြတယ်။ အခုထက်ထိ ကြိုးစားနေတယ်ဆိုတာဟာ နိုင်ငံတော်သမ္မတကြီးရဲ့ သဝဏ်လွှာမှာလည်း ထင်ပေါ်စေပါတယ်။

ဒီတော့ ကျွန်မတို့ဟာ တကယ်ပဲ ဒီနိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေချင်တယ်ဆိုရင် တစ်လုံးချင်း တစ်လုံးချင်း စဉ်းစားဖို့ လိုပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုတာ ဘာကိုဆိုလိုတာလဲ၊ ဘာတွေကို ဦးတည်ပြီး ရည်ရွယ်တာလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ ဒီမိုကရေစီဆိုတာ အခုအင်မတန်မှ ခေတ်စားနေတဲ့ ဝေါဟာရတစ်ခုဖြစ်တယ်။ ပြည်သူတွေအားလုံးက ဒီမိုကရေစီဆိုတဲ့ ဝေါဟာရကို ကြားဖူးကြတယ်။ ကြားဖူးကြပေမယ့်လည်း နားလည်လား၊ နားမလည်လား ဆိုတာကတော့ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။

ဒီမိုကရေစီကို ဘယ်လိုနားလည်ကြလဲဆိုတာ တစ်ဦးချင်း တစ်ဦးချင်း စိတ်ထဲမှာ ဘယ်လိုရှိလဲဆိုတာ ပြောလို့မရပါဘူး။ ဒါပေမယ့် နိုင်ငံရေးအရ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားတွင် နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။

တိတိကျကျပဲပြောမယ်ဆိုရင် ဒီမိုကရေစီဆိုတာ ပြည်သူ့အစိုးရပါ။ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရတွေကို ဒီမိုကရေစီအစိုးရလို့ ခေါ်ပါတယ်။ ကျွန်မတို့ ဘာဖြစ်လို့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၊ ဒီမိုကရေစီနိုင်ငံ ထူထောင်ချင်လဲဆိုတော့ ပြည်သူလူထုတွေရဲ့ အခွင့်အရေးတွေကို ပြည့်ပြည့်ဝဝ ကာကွယ်ပေးနိုင်ဖို့ပါ။ ကိုယ့်အခွင့်အရေးကို ကိုယ်ကလွဲလို့ ဘယ်သူမှပိုပြီး ထိထိရောက်ရောက် မကာကွယ်နိုင်ပါဘူး။ လူတိုင်းလူတိုင်းဟာ ကိုယ့်ရဲ့အခွင့်အရေးကို ကိုယ်က ကာကွယ်ရသလို၊ ဒီမိုကရေစီစနစ်မှာဆိုရင် လူတိုင်းလူတိုင်းဟာ နိုင်ငံ့ရဲ့အခွင့်အရေးတွေကို ကာကွယ်ဖို့ တာဝန်ရှိပါတယ်။

### ပြည်သူတွေရဲ့ အခွင့်အရေးကို ကာကွယ်ပေးဖို့

လုပ်ပိုင်ခွင့်တွေသာ မဟုတ်ဘဲနဲ့ တာဝန်ရှိတယ်ဆိုတာ ကျွန်မတို့ ပြည်ထောင်စုသားချင်းများ အထူးသတိပြုစေလိုပါတယ်။ ဒီမိုကရေစီအခွင့်အရေးတွေကို လိုချင်ပြီးတော့ ဒီမိုကရေစီတာဝန်တွေကိုတော့ မထမ်းဆောင်ချင်ဘူးဆိုရင် ဒါဟာ ဒီမိုကရေစီ ငါးဆယ်ရာခိုင်နှုန်းလို့ပဲ ပြောရပါလိမ့်မယ်။ ငါးဆယ်ရာခိုင်နှုန်းနဲ့တော့ ကျွန်မတို့ ပြီးပြည့်စုံတဲ့နိုင်ငံတစ်ခုကို ထူထောင်နိုင်မှာမဟုတ်ပါဘူး။ ကျွန်မတို့ဟာ ဒီမိုကရေစီကို လိုလားတယ်ဆိုတာက ပြည်သူတွေရဲ့ အခွင့်အရေးကို ကာကွယ်ပေးဖို့၊ ပြည်သူတွေဟာ မိမိတို့ရဲ့ တာဝန်တွေကို ကျေပွန်တတ်တဲ့ စိတ်တွေရှိပြီးတော့ ကျေပွန်နိုင်တဲ့ အရည်အချင်းတွေ ပေါက်ပွားလာဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့အစိုးရဟာဆိုရင် အထူးသဖြင့် ကျန်းမာရေး၊ ပညာရေးကို အလေးထားပြီးတော့ ဆောင်ရွက်နေပါတယ်။ ကျန်းမာရေး၊ ပညာရေးဆိုတာ ပြည်သူတွေရဲ့ အရည်အချင်းတွေကို မြှင့်တင်ပေးဖို့ပါ။ ပြည်သူတွေရဲ့ စိတ်ဓာတ်တွေကို မြှင့်တင်ပေးဖို့ပါ။

ကျန်းမာတဲ့ကလေးမှ ပညာရှာနိုင်မယ်၊ ပညာရေးစနစ်မှန်မှ အတွေးအခေါ်တွေလည်း မှန်နိုင်မှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ အခုကလေးများဟာ မငြိမ်းချမ်းလို့မဖြစ်ဘူးဆိုတာ ငယ်ငယ်ကတည်းက သွန်သင်ထားရတယ်။ မငြိမ်းချမ်းလို့မဖြစ်ဘူး။ မငြိမ်းချမ်းလို့ရှိရင် ကျွန်မတို့နိုင်ငံဟာ မတိုးတက်နိုင်ဘူး၊ မဖွံ့ဖြိုးနိုင်ဘူး။ မတိုးတက်၊ မဖွံ့ဖြိုးရင် ငြိမ်းချမ်းရေးကို ဆက်ပြီးတော့ တည်တံ့ခိုင်မြဲအောင် မလုပ်နိုင်ဘူး။ ဒီအတွေးအခေါ်တွေဟာ ကျွန်မတို့ရဲ့ကလေးတွေရဲ့ စိတ်ထဲမှာ စွဲမြဲသွားအောင်လို့ ကျွန်မတို့လုပ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ တချို့လူကြီးတွေက စိတ်နေစိတ်ထားပြင်ဖို့ မလွယ်ဘူးဆိုတာလည်း အများသိပြီးသားဖြစ်ပါတယ်။ ဒါပေမယ့်လည်း တကယ်ပြင်ချင်တယ်ဆိုရင် အချိန်မရွေးပြင်နိုင်ပါတယ်။ အသက်ဘယ်လောက်ကြီးသည်ဖြစ်ဖြစ် တစ်မိနစ်၊ တစ်စက္ကန့်အတွင်းမှာတောင်မှ ကိုယ့်စိတ်ကိုယ်ပြင်နိုင်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ကလေးတွေကို အခုအချိန်မှာ ဒီမိုကရေစီစိတ်ဓာတ်တွေ ကျောင်းကတည်းက သွင်းပေးနေသလို လူကြီးများဟာ အိမ်မှာလည်း သွင်းပေးစေချင်ပါတယ်။

မိမိတို့ရဲ့ မိသားစု ပတ်ဝန်းကျင်မှာ၊ မိမိတို့ရဲ့ ရပ်ရွာမှာ အားလုံးဟာ ဒီမိုကရေစီစိတ်ဓာတ်၊ အများနဲ့သက်ဆိုင်တဲ့တာဝန်တွေကို ထမ်းဆောင်ဖို့ဟာ ဝန်မလေး၊ အများနဲ့သက်ဆိုင်တဲ့ အခွင့်အရေးတွေကို မှန်မှန်ကန်ကန် နည်းလမ်းတကျ ကာကွယ်ခြင်း ဒါဟာ ကျွန်မတို့ ဒီမိုကရေစီအတွက်ပါပဲ။ ဖက်ဒရယ်နဲ့ ပတ်သက်လို့ ကျွန်မတို့ ဘာကြောင့် ဖက်ဒရယ်ကို သွားချင်လဲဆိုတာ ကျွန်မတို့ စဉ်းစားစရာဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်လို့ ဒီနိုင်ငံဟာ တည်တံ့ခိုင်မြဲဖို့၊ အေးချမ်းဖို့၊ သာယာဖို့၊ တိုးတက်ဖို့ဆိုရင် တိုင်းရင်းသားများအချင်းချင်းမှာ ညီညွတ်မှုရှိဖို့ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ညီညွတ်ဖို့ဆိုတာဟာလည်း စိတ်ထဲကနေ လုပ်တဲ့ကိစ္စပါပဲ။ ညီညွတ်မှုရှိဖို့ဆိုရင် တန်းတူညီမျှမှု ရှိရမယ်။ မိတ်ဆွေနှစ်ဦးဆိုတာ မိတ်ဆွေလို့ ခေါ်နိုင်ဖို့အတွက် နှစ်ယောက်စလုံးမှာ ညီညီမျှမျှရှိရမယ်။ တစ်ဖက်ကပဲ အခွင့်အရေး ရနေမယ်ဆိုရင် နှစ်ဦးစလုံးဟာ ညီညီမျှမျှ မိတ်ဆွေမဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကျွန်မတို့ရဲ့နိုင်ငံဟာ တကယ်ပဲ တိုင်းရင်းသားများအချင်းချင်းကြားမှာ ညီညွတ်ဖို့ ပြေလည်ဖို့ဆိုရင် တန်းတူညီမျှမှုရရှိဖို့လိုတယ်။ တန်းတူညီမျှမှု ရသင့်သလို ရနေတယ်ဆိုတဲ့ ယုံကြည်ချက်ကလည်း ခိုင်မာလာဖို့ လိုအပ်တယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ဟာ ဖက်ဒရယ်စနစ်ကို ဦးတည်တာဖြစ်ပါတယ်။ ဖက်ဒရယ်ဆိုတာဟာလည်း စောစောက ဒီမိုကရေစီဆိုတဲ့ ဝေါဟာရပါ၊ အများပြည်သူက ဒီဝေါဟာရနဲ့ ယဉ်ပါးနေပါပြီ၊ သူ့ရဲ့ အဓိပ္ပာယ်က ဘာလဲဆိုတာက အများပြည်သူ ဘယ်နှယောက်ကနေပြီးတော့ စဉ်းစားဆင်ခြင်မိသလဲ ဆိုတာကတော့ ကျွန်မ မသိပါဘူး။ ဖက်ဒရယ်ဆိုတာက နိုင်ငံရေး စနစ်တစ်ခုပါပဲ။ ပြည်မရှိတယ်၊ ပြည်နယ်နဲ့ တိုင်းတွေရှိတယ်။ ပြည်မနဲ့ နိုင်ငံရဲ့ အစိတ်အပိုင်းတွေ ရှိတယ်။ ပြည်နယ်နဲ့ ပြည်ထောင်စုအစိတ်အပိုင်းတွေကြားထဲမှာ မျှမျှတတ တရားဥပဒေအရ ပြဋ္ဌာန်းထားတဲ့ လုပ်ပိုင်ခွင့်တွေ၊ တာဝန်တွေရှိဖို့ ဖြစ်ပါတယ်။

တရားဥပဒေအရ ကျွန်မတို့ဟာ အားလုံးညီညီမျှမျှနဲ့ နေနိုင်အောင်လို့ ထိန်းထားပေးနိုင်တဲ့ စနစ်မို့လို့ ကျွန်မတို့ ဖက်ဒရယ်စနစ်ကို ဦးတည်တာ ဖြစ်ပါတယ်။ ကျွန်မတို့ ဒီမိုကရေစီကို ဦးတည်တယ်၊ ပြည်သူတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ဖို့၊ ပြည်သူလူထု တာဝန်သိစိတ်တွေကို မြှင့်တင်ပေးဖို့ ပြည်သူလူထုသာလျှင်၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို အကောင်းဆုံး ကာကွယ်နိုင်မယ်ဆိုတာ ကျွန်မတို့ယုံကြည်လို့၊ ကျွန်မတို့ ဖက်ဒရယ်ကို ဦးတည်တယ်၊ ဖက်ဒရယ်သာလျှင် ကျွန်မတို့ လူမျိုးစုတိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်ခုရဲ့ရေရှည်ငြိမ်းချမ်းရေးကို ထိန်းနိုင်မယ်၊ ရေရှည်တည်ငြိမ်ရေး၊ ရေရှည် တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုအပေါ်မှာအခြေခံတဲ့ တိုးတက်ရေးကို ဖြစ်စေနိုင်မယ်လို့ ယူဆလို့ ကျွန်မတို့ ဖက်ဒရယ်ကို ဦးတည်တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီမိုကရေစီရော၊ ဖက်ဒရယ်ရောကို နှစ်ခုစလုံးအပေါ်မှာ လွှမ်းမိုးထားတာက ပြည်ထောင်စုဆိုတဲ့ကိစ္စပါပဲ။ ကျွန်မတို့ဟာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ဖို့ဆိုတာကို ကြိုးစားနေတာဖြစ်ပါတယ်။

### မတူကွဲပြားမှုတွေကို အင်အားဖြစ်အောင်လို့ စုစည်း

ပြည်ထောင်စုဆိုတာ ကျွန်မ အခွင့်အရေးကြုံတိုင်း အမြဲတမ်းပြောပါတယ်။ ပြည်ထောင်စုဆိုတဲ့ဝေါဟာရဟာ အင်မတန်မှ လှပပါတယ်။ အင်မတန်မှ တင့်တယ်ပါတယ်။ ကျွန်မတို့ ဒီဝေါဟာရကို ချစ်ခင်မြတ်နိုးတန်ဖိုးထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ ပြည်ထောင်ကြီးလို့ အဓိပ္ပာယ်ဖြစ်ပါတယ်။ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့နိုင်ငံဆိုတာဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီးတစ်ခုဆိုတာဟာ စုပေါင်းထူထောင်ထားခြင်းမရှိတဲ့ တိုင်းပြည်တွေနဲ့ မတူပါဘူး။ ကျွန်မတို့ မတူကွဲပြားမှုတွေကို အင်အားဖြစ်အောင်လို့ စုစည်းပြီးမှ ပြည်ထောင်စုတစ်ခုကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။ မတူကွဲပြားမှုတွေကို အင်အားဖြစ်အောင်လုပ်နိုင်တယ်ဆိုတဲ့ အရည်အချင်းကိုက နည်းတဲ့အရည်အချင်း မဟုတ်ပါဘူး။ ဒီလိုအရည်အချင်းဆိုတာလည်း နေ့ချင်းညချင်း ရနိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ ကျွန်မတို့ဟာ တစ်ဆင့်ချင်း တစ်ဆင့်ချင်း ကြိုးစားပြီးတော့ တကယ့်ကို စုပေါင်းပြီးတော့ မတူကွဲပြားမှုကို စုပေါင်းပြီး အင်အားဖြစ်အောင်လုပ်နိုင်တဲ့ အရည်အချင်းတွေ ကျွန်မတို့ တိုးပွားအောင်လို့ လုပ်ရမှာဖြစ်ပါတယ်။ တိုးပွားအောင်လုပ်မယ်ဆိုတော့ ဘယ်လိုနည်းနဲ့ လုပ်မလဲဆိုတာ နောက်ဆုံးကျတော့ တစ်ယောက်ချင်း တစ်ယောက်ချင်းကနေ ကြိုးစားရမှာပါ။ တစ်ယောက်ချင်း တစ်ယောက်ချင်းကနေ ကြိုးစားရမှာဆိုတော့ နိစ္စဓူဝ ကျွန်မတို့ရဲ့ လုပ်သမျှ ပြောသမျှ တွေးသမျှဟာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ လျော်ညီရဲ့လားဆိုတာကို ကျွန်မတို့ရဲ့ ပြည်ထောင်စု သွေးချင်းများအားလုံး စဉ်းစားစေချင်ပါတယ်။ ကိုယ်ပြောလိုက်တဲ့ စကားတစ်ခွန်းဟာ ညီညွတ်ရေးအတွက် အထောက်အပံ့ဖြစ်တဲ့ စကားတစ်ခွန်းလား၊ ညီညွတ်ရေးကို ထိခိုက်စေတဲ့ စကားတစ်ခွန်းလား၊ ကိုယ်လုပ်လိုက်တဲ့ အလုပ်တစ်ခုဟာ ညီညွတ်ရေးကို ထောက်ပံ့မယ့် အလုပ်ဖြစ်သလား၊ ညီညွတ်ရေးကို ထိခိုက်စေမယ့် အလုပ်ဖြစ်သလား၊ ကိုယ်တွေးလိုက်တဲ့ အတွေးတစ်ခုက တကယ်ပဲ ညီညွတ်ရေးဘက်ကို ဦးတည်တဲ့အတွေးလား။ ညီညွတ်ရေးကို ထိခိုက်စေမယ့် အတွေးလားဆိုတာ အားလုံးကနေပြီးတော့ ဆင်ခြင်စေချင်ပါတယ်။

စာမျက်နှာ ၁၁ သို့

> “ကျွန်မတို့နိုင်ငံ တကယ်ပဲတိုးတက်စေချင်တယ်ဆိုရင် မငြိမ်းချမ်းလို့ မဖြစ်ဘူးဆိုတာ အားလုံးက အသည်းထဲမှာစွဲပြီးတော့ နားလည်ဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးဆိုတာ အတွင်းကနေစတာပါ။ ငြိမ်းချမ်းချင်တဲ့စိတ်ဓာတ်ရှိမှ ငြိမ်းချမ်းရေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ပြည်ထောင်စုသားချင်းအားလုံးဟာ ငြိမ်းချမ်းရေးလိုအပ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်”

*စာမျက်နှာ ၇ မှ*

ချယ်ရီစိုက်ပျိုးပွဲ ကျင်းပနိုင်လို့ ကျွန်မ အင်မတန်မှ ဝမ်းသာပါတယ်။ ပထမဦးဆုံး အကြိမ် ဂျပန် – မြန်မာ ချစ်ကြည်ရေး ချယ်ရီ ပန်းပင်တွေကို နေပြည်တော်မှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ စိုက်ပျိုးခဲ့တာ အခုဆိုရင် ၃ နှစ်ပြည့်ပါပြီ။ ချယ်ရီပန်းများဆိုတာ ဂျပန်နိုင်ငံအတွက်၊ ဂျပန်ယဉ်ကျေးမှုအတွက် အင်မတန်မှ အရေးပါတယ်ဆိုတာ အများ လည်းသိပြီးသား ဖြစ်မှာပါ။ ဂျပန်တွေအတွက် ဆိုရင် ချယ်ရီပန်းများဟာ အလှအပသိမ်မွေ့ မှုကို ကိုယ်စားပြုသလို သစ္စာရှိမှုကိုလည်း ကိုယ်စားပြုပါတယ်။ တစ်နှစ်တစ်ခါ မှန်မှန် ပွင့်သွားတဲ့ ချယ်ရီတွေက ကြာကြာ မခံပေမယ့်၊ ပွင့်နေတဲ့ အချိန်အတွင်းမှာ တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား လှလှ ပပနေနိုင်တဲ့ ချယ်ရီတွေ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လူကောင်းတစ်ယောက်ဆိုရင် ချယ်ရီပန်းနဲ့ နှိုင်းယှဉ်တာတွေလည်း ရှိပါတယ်။ ကြာကြာမနေရတာခြင်းတူတာ တောင်မှ၊ အသက်မရှည်ရင်တောင်မှ လှလှပပ တင့်တယ်တဲ့ ဘဝတစ်ခုကို ဖြတ်သန်းသွား နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။

ကျွန်မတို့ နှစ်နိုင်ငံ ပူးပေါင်းပြီး ချစ်ကြည် ရေးအတွက် ချယ်ရီပန်းပင်တွေ စိုက်တယ် ဆိုတာ ကျွန်မတို့ နိုင်ငံ၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုသား တိုင်းရင်းသား အားလုံး ကလည်း သိမ်မွေ့မှု၊ လှပမှု၊ တင့်တယ်မှု၊ သစ္စာရှိမှု၊ ဘဝကို လှလှပပ ဖြတ်သန်းသွား နိုင်မှုတွေကို တန်ဖိုးထားတယ်ဆိုတာကို ပြတာပဲဖြစ်ပါတယ်။ ကျွန်မတို့ နှစ်နိုင်ငံရဲ့ အကြားမှာရှိနေတဲ့ ချစ်ကြည်ရေးကိုလည်း ကိုယ်စားပြုပါတယ်။ ဂျပန်နိုင်ငံနဲ့ မြန်မာ နိုင်ငံဟာ နှစ်ပေါင်းများစွာ ခင်ခင်မင်မင် ချစ်ချစ်ကြည်ကြည်နဲ့ နေခဲ့ပါတယ်။ ကျွန်မတို့ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံထဲမှာ အဆိုး




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အကောင်း နှစ်မျိုးစလုံးရှိခဲ့ပါတယ်။ ဒါပေမယ့် ဒီအဆိုးအကောင်း နှစ်မျိုးစလုံးရှိတဲ့အထဲမှာ အလှအပအကောင်းတွေကိုသာ ကျွန်မတို့က ရွေးချယ်မီးမောင်းထိုးပြီး အလေးထားတာ ကြောင့် နှစ်နိုင်ငံ ချစ်ကြည်ရေးဟာ တစ်နေ့ ထက်တစ်နေ့ ပိုပြီးဖွံ့ဖြိုးတိုးတက်လာတယ် ဆိုတာ ကျွန်မတို့ တွေ့ရပါတယ်။

ဒါကြောင့် ဒီချယ်ရီပန်းပင်စိုက်ပွဲဟာ နှစ်နိုင်ငံအကြားချစ်ကြည်ရေးကို ကိုယ်စား ပြုတာလည်းဖြစ်တယ်။ မတူတဲ့ယဉ်ကျေးမှု များ၊ မတူတဲ့နိုင်ငံများ၊ မတူတဲ့နိုင်ငံ တစ်နိုင်ငံ သားများအကြားမှာ ချစ်ကြည်ရေးခိုင်ခိုင်မာမာ ထူထောင်နိုင်တယ်ဆိုတာကို သက်သေထူနေ ပါတယ်။ ဒီတော့ မတူတဲ့နိုင်ငံသားများ၊ မတူတဲ့ယဉ်ကျေးမှုများအကြားမှာ ခိုင်ခိုင် မာမာ ချစ်ကြည်ရေးထူထောင်နိုင်တယ် ဆိုရင် ကျွန်မတို့ရဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေအကြားမှာလည်း ငြိမ်းချမ်း ရေး၊ ချစ်ကြည်ရေး၊ တည်ငြိမ်ရေးကို ခိုင်ခိုင် မာမာထူထောင်နိုင်ဖို့ ကျွန်မတို့ကို သင်ခန်းစာ ပေးလိုက်သလိုပဲ ဖြစ်ပါတယ်။

ဒီအခမ်းအနားမှာ လာရောက်လာတဲ့ ကျွန်မတို့ရဲ့ ကယားပြည်နယ်က ဒေသခံ ပြည်သူလူထုအပေါင်းနဲ့ ကျွန်မတို့ရဲ့ မိတ်ဆွေ များဖြစ်တဲ့ ဧည့်သည်တော်များ၊ ဂျပန်နိုင်ငံ ဂျပန်–မြန်မာချစ်ကြည်ရေးကို ကိုယ်စားပြုတဲ့ ဂျပန်အဖွဲ့ဝင်များကိုလည်း ကျွန်မအနေနဲ့ ကျေးဇူးတင်တယ်လို့ ပြောချင်တယ်။ အားလုံးကစုပေါင်းပြီးတော့ ဒီပွဲ အောင်အောင် မြင်မြင်ဖြစ်ဖို့ လုပ်ပေးနေတာပါ။ ကျွန်မတို့ စိုက်ပျိုးလိုက်တဲ့ ချယ်ရီပန်းတွေဆိုတာ နေ့ချင်းညချင်းပွင့်လာမှာ မဟုတ်ပါဘူး။ အချိန်ယူရပါတယ်။ ဒီနိုင်ငံမှာ ချယ်ရီပန်းတွေ စိုက်နိုင်ဖို့ ချယ်ရီပန်းတွေဖြစ်အောင်လို့ သုတေသနလုပ်ပြီးတော့ ပြုစုပျိုးထောင် ရတာလည်း နှစ်ပေါင်းများစွာကြာတယ်လို့ ကျွန်မနားလည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမြေဒီရေဟာ ဂျပန်နိုင်ငံရဲ့ မြေနဲ့ ရေနဲ့ တစ်ဆက်တည်းမဟုတ်ပါဘူး။ ဒီမြေဒီရေမှာ ဖွံ့ဖြိုးတိုးတက်စွာနဲ့ ပွင့်လန်းနိုင်ဖို့အတွက်၊ ချယ်ရီပန်းတွေ ဖြစ်မြောက်ဖို့အတွက်၊ ချယ်ရီ ပင်တွေဖြစ်မြောက်ဖို့အတွက်ကို ကြိုးစား ပမ်းစားနဲ့ လုပ်ခဲ့ရပါတယ်။ ဒါကြောင့် အောင်မြင်ချင်ရင်၊ တကယ်ပဲအလှအပတွေ ဖွံ့ဖြိုးတိုးတက် ပွင့်လန်းစေချင်ရင် ကျွန်မ တို့လည်း ဝီရိယစိုက်ထုတ်ရမယ်။ အချိန်ယူ ရမယ်။ ကျွန်မတို့လည်း ကြိုးစားချင်တဲ့ စိတ်ဓာတ်တွေရှိရမယ်။ ချယ်ရီပန်းပင်လေး တွေဟာ ကျွန်မတို့အတွက် သင်ခန်းစာဖြစ်ဖို့ လည်း ကျွန်မတို့အနေနဲ့ မြင်စေချင်ပါတယ်။ ဒီနှစ်စိုက်လိုက်တဲ့ ချယ်ရီတွေဟာ နောက်နှစ် တော့ပွင့်မှာမဟုတ်ပါဘူး။ ဒီချယ်ရီပင်လေးတွေ ဖြစ်မြောက်ဖို့ကို နှစ်ပေါင်းများစွာ ကြိုးစား ပြီးလုပ်ရပါတယ်။ အခုကျွန်မတို့စိုက်လိုက်တဲ့ ချယ်ရီတွေဟာ ထွားကြိုင်းလာဖို့ အချိန်လည်း ယူရမယ်။ ဒီအပင်လေးဟာ ကြီးလာပြီးမှ အပွင့်တွေပွင့်နိုင်မယ်။ ဒီအပွင့်တွေပွင့် လာတဲ့အခါကျရင် ကျွန်မတို့နှစ်ပေါင်းများစွာ ဒီချယ်ရီပန်းလေးတွေရဲ့ အလှအပကို ကြည့်ရှု နိုင်တယ်။ အလှအပကို ကျွန်မတို့အနေနဲ့ ဂုဏ်ယူနိုင်ပါတယ်။ ဒါကြောင့် ရေရှည်ကို စဉ်းစားပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ ရေရှည် ချစ်ကြည်ရေး၊ ကျွန်မတို့နိုင်ငံရဲ့ ရေရှည်လှပ တင့်တယ်ရေးအတွက် ဒီအခမ်းအနားကို ကျင်းပတယ်လို့ ကျွန်မအနေနဲ့ နှလုံးသွင်း ထားပါတယ်။ ဒါကြောင့်မို့ အားလုံးဝိုင်းဝန်း ပြီးတော့ ဖြစ်မြောက်ရေးအတွက် ကူညီ သူတွေကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ နှစ်တိုင်း နှစ်တိုင်းလည်း ဒီလိုပဲလှပတင့်တယ် တဲ့ အခမ်းအနားတွေနဲ့ ကယားပြည်နယ်နေ့ ကို အသိအမှတ်ပြုနိုင်ပါစေလို့ ဆုတောင်း မေတ္တာပို့ပါတယ်။ ကျေးဇူးတင်ပါတယ်” ဟု ပြောကြားသည်။

ယင်းနောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဝင် မြန်မာ– ဂျပန်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကော်မတီ အတွင်းရေးမှူး ဦးရဲထွန်းဦးက ကျေးဇူးတင် စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချယ်ရီပင်စိုက်ပွဲတော်သို့ တက်ရောက်လာ ကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ ပြီး သတ်မှတ်နေရာများတွင် အထိမ်းအမှတ် ချယ်ရီပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့်အဖွဲ့သည် လွိုင်ကော်မြို့မှ အထူး လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည် ရောက်ရှိကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ–ဂျပန်ချစ်ကြည်ရေးအထိမ်း အမှတ် ချယ်ရီပင်စိုက်ပျိုးပေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၁၀ မှ*

ဒီလို ကျွန်မတို့ အမြဲပဲ ပြည်ထောင်စုစိတ်ဓာတ်နဲ့ သတိရှိနေမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ မလွဲမသွေ သာယာဝပြောမယ့် နိုင်ငံတစ်ခုဖြစ်ပါတယ်။ ကယားပြည်နယ်မှာဆိုရင် အထူးသဖြင့် အပစ်အခတ်ရပ်စဲပြီးတဲ့အချိန်ရယ်၊ အပစ်အခတ် မရပ်ဆိုင်းခဲ့တဲ့အချိန်ကြားမှာ ဘယ်လိုကွာခြားမှုတွေရှိလဲဆိုတာ ပြည်နယ်သူ ပြည်နယ်သားများဟာ သေသေချာချာ သိကြပါတယ်။ ဒါကြောင့် ကျွန်မတို့က အပစ်အခတ်ရပ်စဲဖို့လိုတယ်။ ငြိမ်းချမ်းဖို့လိုတယ်။ ငြိမ်းချမ်းမှ တိုးတက်နိုင်မယ်။ ဒီတိုးတက်မှုကို ကျွန်မတို့ ဆက်ပြီးတော့ ဘယ်လိုထိန်းသိမ်း သွားမလဲဆိုတာ စဉ်းစားဖို့ပါ။ သမ္မတကြီးရဲ့ သဝဏ်လွှာထဲမှာလည်း လွိုင်ကော် ဟာ အာဆီယံခရီးသွား အသန့်ရှင်းဆုံးမြို့တစ်မြို့အဖြစ်နဲ့ သတ်မှတ်ခံရတာ ကို ကြားသိပြီး ဖြစ်ပါတယ်။ ဒီလိုဖြစ်အောင်လို့ လုပ်နိုင်တာဟာ အားလုံးရဲ့ ဝိုင်းဝန်းကြိုးစားမှုကြောင့်ပဲ။ ကျွန်မတို့ ပြည်ထောင်စုအစိုးရလည်းပါတယ်။ ပြည်နယ်အစိုးရလည်းပါတယ်။ အထူးသဖြင့် ပြည်နယ်သူ ပြည်နယ်သားများ လည်း ပါတယ်။

### ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုမရဘဲ မဖြစ်နိုင်

ကိုယ့်ပြည်နယ်ကို တိုးတက်စေချင်ရင် ကိုယ်ကိုယ်တိုင်လုပ်ရမယ်။ အစိုးရ လုပ်ပါဆိုပြီးတော့လည်း အားမကိုးပါနဲ့။ တခြားသူတွေ လုပ်ပါဆိုပြီးတော့ လည်း အားမကိုးပါနဲ့။ ကိုယ်ကိုယ်တိုင်လုပ်ကြပါ။ သန့်ရှင်းတဲ့ မြို့နယ်ဖြစ်ဖို့ ဆိုရင် လူတိုင်းလူတိုင်းဟာ မိမိရဲ့ ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် ထားရ မယ်။ ဒါမှပဲ သန့်ရှင်းနိုင်မှာ။ အစိုးရတစ်ခုတည်းကနေပြီးတော့ တစ်မြို့လုံးကို သန့်ရှင်းအောင် ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုမရဘဲ မဖြစ်နိုင်ပါဘူး။

တချို့ဆိုရင်၊ တချို့မဟုတ်ပါဘူး။ ကျွန်မပြောရဲပါတယ်။ ကျွန်မတို့ အာဆီယံဒေသမှာတောင်မှ အများဟာ လွိုင်ကော်ဆိုတဲ့ စကားလုံးကို ဘာမှ တောင် မသိပါဘူး။ မကြားဖူးကြပါဘူး။ သို့သော်ငြားလည်း ဒီအာဆီယံကနေ ပြီးတော့ အများကနေ မကြားဖူးတဲ့ နာမည်လေးရှိတဲ့ မြို့တစ်မြို့ဟာ ခရီးသွား တွေအတွက် အသန့်ရှင်းဆုံး မြို့တစ်မြို့ဖြစ်တယ်ဆိုတဲ့ ဂုဏ်ဒြပ်ကို ရနိုင် တာဟာ ဘယ်သူ့ကြောင့်လဲဆိုရင် ကိုယ့်ကြောင့်ပဲလို့ ပြန်ပြီးတော့ စဉ်းစား စေချင်တယ်။ ဒါပေမယ့် ကိုယ်တစ်ယောက်တည်းကြောင့်လား၊ မဟုတ်ပါ ဘူး။ တခြားသူတွေနဲ့ ပူးပေါင်းဆောင်ရွက်မှသာ ဒီလိုကိစ္စတွေမှာ အောင်မြင် နိုင်မှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့ကယားပြည်နယ်ရဲ့ ဂုဏ်ယူစရာကိစ္စပဲ။

ကျွန်မတို့အချင်းချင်းကြားမှာ စိတ်ဝမ်းကွဲမယ်ဆိုရင်တော့ ဒီလိုတိုးတက် မှုတွေကို အများကြီးထိခိုက်ပါလိမ့်မယ်။ တိုးတက်မှုဆိုတာကတော့ အမြဲပဲ တစိုက်မတ်မတ်သွားနေတာ မဟုတ်ပါဘူး။ ကိုယ့်ရဲ့ လုံ့လ၊ ဝီရိယ၊ ကိုယ့်ရဲ့ လုပ်ရပ်အပေါ်မှာ မူတည်ပါတယ်။ တိုးတက်မှုရှိသလို ဆုတ်ယုတ်မှုဆိုတာ လည်း ရှိနိုင်ပါတယ်။ စပြီးတိုးတက်လို့ အမြဲပဲတိုးတက်မယ်ဆိုပြီးတော့ ပစ်ထား လို့ မရပါဘူး။ တစ်ချိန်လုံးပဲ ကျွန်မတို့က ပြုစုပျိုးထောင်နေရပါတယ်။ ကျွန်မ တို့ ကျန်းမာရေးလိုပါပဲ။ ကျန်းမာရေးဆိုတာဟာ တစ်နေ့ဂရုစိုက်ရုံနဲ့ မဖြစ်ပါ ဘူး။ နိစ္စဓူဝ ဂရုစိုက်သွားမှ ကျန်းမာရေးကောင်းမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ကယားပြည်နယ်သူ ပြည်နယ်သားများဟာ ကိုယ်စွမ်းဆောင်နိုင် တဲ့ကိစ္စတွေအတွက် ဂုဏ်ယူတဲ့အချိန်မှာ ကိုယ့်ရဲ့အားနည်းချက်တွေ ဘာရှိ တယ်ဆိုလည်း သုံးသပ်ပြီးတော့ ဒီအားနည်းချက်တွေကို ကျော်လွှားဖို့ လုံ့လ၊ ဝီရိယ စိုက်ထုတ်စေချင်ပါတယ်။ စိုက်ထုတ်ပြီး ကျော်လွှားနိုင်တဲ့ အရည်အချင်း တွေ ရှိတယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။

ဒီကလေးတွေ မငြိမ်းချမ်းလို့မဖြစ်ဘူးဆိုတဲ့သီချင်းကို သီဆိုတဲ့ဟာကို ပြန်ပြီးတော့ စဉ်းစားကြည့်ပါ။ ဒီကလေးတွေဟာ အရင်ငါးနှစ်လောက်တုန်းက၊ အရင်ဆယ်နှစ်လောက်တုန်းက ဒီလိုအခွင့်အရေးတွေ ရခဲ့မလား။ တယော ထိုးပြီးတော့ နိုင်ငံတော်ပရိသတ်ကို ဖျော်ဖြေတဲ့အဆင့်ရောက်တာကို ထားလိုက်ပါဦး။ ကျောင်းတောင် တက်နိုင်တဲ့အခြေအနေတွေ ဘယ်နှယောက် မှာ ရှိခဲ့လဲဆိုတာ ပြန်ပြီးတော့ စဉ်းစားသုံးသပ်စေချင်ပါတယ်။ ဒါဟာ ကျွန်မ တို့ ငြိမ်းချမ်းရေးအတွက် အသီးအပွင့်တစ်ခုဖြစ်ပါတယ်။ ကလေးများရဲ့ အနာဂတ် တောက်ပလာခြင်း၊ ကလေးများရဲ့ အနာဂတ် တောက်ပမှ နိုင်ငံရဲ့ အနာဂတ် တောက်ပမှာပါ။

ကလေးတွေဆိုတာဟာ၊ လူငယ်များဆိုတာဟာ ကျွန်မတို့ရဲ့ အနာဂတ် ပါပဲ။ အနိစ္စသဘောတရားအရ ကျွန်မတို့မျိုးဆက်တွေဟာ တစ်ဆက်ပြီး တစ်ဆက် ဒီကမ္ဘာကြီးကို စွန့်ခွာသွားရမှာပဲ။ ဒါပေမယ့် ကျွန်မတို့ ထားပစ် ခဲ့တဲ့ မျိုးဆက်တွေဟာ ဒီကမ္ဘာကြီးကို၊ ဒီပြည်ထောင်စုကို၊ ဒီပြည်နယ်ကို ဆက်လက်ပြီးတော့ အရင်ကထက် ပိုမိုကောင်းမွန်အောင် ထိန်းသိမ်းထားနိုင် တဲ့ အရည်အချင်းတွေရှိဖို့ ကျွန်မတို့ဟာ စွမ်းဆောင်ဖို့ဟာ ကျွန်မတို့ရဲ့ အခု ခေတ်မျိုးဆက်တွေရဲ့ တာဝန်ဖြစ်ပါတယ်။

ကျွန်မတို့ ကယားပြည်နယ်ဟာ မိမိတို့ပြည်နယ်ရဲ့သင်္ကေတဖြစ်တဲ့ ကိန္နရီ၊ ကိန္နရာ စိတ်ဓာတ်နဲ့ ပြည်ထောင်စုနဲ့ ဘယ်တော့မှမခွဲစတမ်း သစ္စာရှိရှိနဲ့ ဆက်လက်ပြီးတော့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်တဲ့အထိ ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဆောင်ရွက်သွားနိုင်မယ် လို့ ယုံကြည်တဲ့အတိုင်းပဲ ကျွန်မတို့ကလည်း ပူးပေါင်းပြီးတော့ ကြိုးစားသွား မှာ ဖြစ်ပါတယ်။

### နောင်လာနောက်သားတွေအတွက် အမွေအနှစ်ကောင်း

ဒါကြောင့် ကျွန်မတို့ ကယားပြည်နယ်အတွင်းမှာရှိတဲ့ လူမျိုးစုပေါင်း အားလုံး၊ ကျွန်မတို့ ကယားပြည်နယ်အတွင်းမှာရှိတဲ့ ကျွန်မတို့ရဲ့ ပြည်သူ ပြည်သားအားလုံးဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုလို့ ပြည်နယ်ရဲ့ အကျိုးတွေကို ထမ်းဆောင်နိုင်ပါစေ။ ကျွန်မတို့ရဲ့ ပြည်ထောင်စုအကျိုးတွေကို ထမ်းဆောင် နိုင်ပါစေ။ ကျွန်မတို့ဟာ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး အဘက်ဘက်ကနေပြီး တော့ တိုးတက်နိုင်ပါစေ။ ဒီတိုးတက်မှုတွေကို လုံလုံခြုံခြုံ ခိုင်ခိုင်မာမာနဲ့ နောင်လာနောက်သားတွေအတွက် ကျွန်မတို့အားလုံး အမွေအနှစ်ကောင်း အဖြစ်နဲ့ ထားခဲ့နိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့ရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

*❁ကျောဖုံးမှ*

တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းတာဝန်(၅)ရပ် ချမှတ်**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် **"ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"**ကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် အဖွဲ့ဝင်(၂၀) ဖြင့် လုပ်ငန်းတာဝန်(၅)ရပ် ချမှတ်ကာ ဖွဲ့စည်းခဲ့ပြီး ယခုအခါ သက်တမ်းအားဖြင့် (၃)နှစ်ပြည့်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကော်မတီ၏လုပ်ငန်း တာဝန် (၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယဝန်ကြီး သုံးဦးနှင့် အမြဲတမ်းအတွင်းဝန် နှစ်ဦးတို့ ဦးဆောင်၍ "ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ" ၊ "ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ"၊ "ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ"၊ "စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီ" နှင့် "အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ" တို့ကို ဖွဲ့စည်းပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါကြောင်း။

**ဆောင်ရွက်ပြီးစီးမှု**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်းတွင် (၄)ကြိမ်၊ ၂၀၁၈ ခုနှစ်အတွင်းတွင် (၃)ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် (၂)ကြိမ်၊ ၂၀၂၀ ပြည့်နှစ်တွင် ပထမဆုံး အကြိမ် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ်မှ (၁၀)ကြိမ်အထိ အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း (၈၇)ချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အချက် (၇၉)ချက်နှင့် ဆောင်ရွက်ဆဲ (၈)ချက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲ (၈) ချက်ကိုလည်း အမြန်ပြီးပြတ်အောင် အချိန်ကာလသတ်မှတ်ပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအထိ (၃၁)ကြိမ်တွေ့ဆုံခဲ့ပြီး အခက်အခဲအကြံပြုတင်ပြချက်စုစုပေါင်း (၃၆၉)ချက်ရရှိခဲ့ရာ အဆိုပါတင်ပြချက်များအားလုံးကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီ (၅) ခုတို့၏ ဖြေရှင်းပြန်ကြားပေးမှုများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း။

**အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေး**

အဆိုပါပြန်ကြားချက်များအနက် အချို့အချက်များမှာ နှစ်ဆင့်သုံးဆင့်ဖြေရှင်း ဆောင်ရွက်ပေးရမည့်လုပ်ငန်းများဖြစ်နေသဖြင့် လုပ်ငန်းကော်မတီ (၅) ခု အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ၍ ဆွေးနွေးပွဲ (Public– Private Dialogue) များကို စဉ်ဆက်မပြတ်ပြုလုပ်၍ ပြီးပြတ်သည်အထိအဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အချို့အချက်များသည် ပြဋ္ဌာန်းထားသည့် မူဝါဒများ၊


ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်


ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်


ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် ထိုက်သင့်သလောက် အောင်မြင်မှုရရှိနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီ (၅) ခုတို့အနေဖြင့် မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများ တိုးတက်မှုမြန်ဆန်လာအောင် ယခုထက် ပိုမိုအလေးထား အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

**စနစ်တကျရေးဆွဲဆောင်ရွက်**

သို့မှသာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်မည်ဖြစ်သည့်အပြင် စီးပွားရေးဖွံ့ဖြိုးမှုကိုလည်း အကျိုးသက်ရောက်နိုင်မည် ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍအားနည်းသွားလျှင် ပုဂ္ဂလိကကဏ္ဍကို အခြေခံသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် တုံ့နှေးသွားနိုင်ပါကြောင်း၊ ထို့ကြောင့် ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များအနေဖြင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ လုပ်ငန်းတာဝန်များအ လိုက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များကို စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုနှစ်တွင် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ခဲ့သည့် "နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှုအစီရင်ခံစာ ၂၀၂၀ (Doing Business Report 2020)" တွင် မြန်မာနိုင်ငံသည် " စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူအောင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာမှာ တိုးတက်မှုအကောင်းဆုံးနိုင်ငံ(၂၀) " စာရင်းတွင်ပါဝင်ခဲ့ပြီး နိုင်ငံပေါင်း (၁၉၀)တွင် ယခင်နှစ်က အဆင့် (၁၇၁) ဆင့် ရရှိခဲ့ပြီး ယခုနှစ်တွင် အဆင့်(၁၆၅)ဆင့် ရရှိသည့်အတွက် အဆင့် (၆) ဆင့် တိုးတက်လာခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပူးပေါင်းကြိုးပမ်းမှုများသည် အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိလာပြီဟု ပြော၍ရပါကြောင်း၊ ယခုကဲ့သို့ တိုးတက်အောင် ပူးပေါင်းဆောင်ရွက်ပေးကြသည့် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့ (၁၀)ဖွဲ့၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ အကူအညီပေးသော နိုင်ငံတကာအဖွဲ့အစည်းများအားလုံးကို အထူးကျေးဇူးတင် အသိအမှတ်ပြုပါကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း။

**လုပ်ငန်းနယ်ပယ် (၁၀)ခု၏ အဆင့်**

" စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှုအစီရင်ခံစာ ၂၀၂၀" တွင် လုပ်ငန်းနယ်ပယ် (၁၀)ခု၏ အဆင့်နှင့် ရမှတ်များကို ပြန်လည်သုံးသပ်ကြည့်လျှင် **အဆင့်နှင့်ရမှတ် တိုးတက်လာသည့် နယ်ပယ် ( ၅ ) ခုမှာ** " စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း"၊ "ဆောက်လုပ်ခွင့်ရယူခြင်း"၊ "ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း"၊ "အနည်းစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း" နှင့် " ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း" တို့ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ **ယခင်နှစ်အတိုင်း အဆင့်နှင့်ရမှတ်တူဖြစ်နေသည့် နယ်ပယ် (၂) ခုမှာ** "ပြည်ပကုန်သွယ်မှု" နှင့် "အကြွေးမပေးဆပ်နိုင်မှုအခြေအနေကို ဖြေရှင်းပေးနိုင်မှု" နယ်ပယ်တို့ဖြစ်ပါကြောင်း။ **ယခင်နှစ်ထက် အဆင့်လျော့ကျခဲ့သည့် နယ်ပယ် (၃) ခု အနက်** " ချေးငွေရရှိနိုင်မှု" နှင့် "အခွန်ပေးဆောင်မှု" နယ်ပယ်တို့တွင် အဆင့်(၃)ဆင့်စီ လျော့ကျခဲ့ပြီး ရမှတ်အနေဖြင့် ယခင်နှစ်အတိုင်းရရှိခဲ့ပါကြောင်း၊ "လျှပ်စစ်ဓာတ်အားရရှိနိုင်မှု" နယ်ပယ်တွင် အဆင့် (၄) ဆင့်လျော့ကျခဲ့ပြီး ရမှတ်အနေဖြင့် ယခင်နှစ်ထက် (၁) မှတ်တိုးတက်လာသည်ကို တွေ့ရပါကြောင်း။

**ပိုမိုတိုးတက်ရရှိရေး**

ထို့ကြောင့် တိုးတက်ခဲ့သည့် နယ်ပယ်(၅)ခုအနေဖြင့် လာမည့်နှစ်များတွင် ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ "အဆင့်တိုးတက်မှုမရှိသည့် နယ်ပယ်(၂)ခု"နှင့် "အဆင့်လျော့ကျသွားသည့် နယ်ပယ်(၃)ခု"တို့အနေဖြင့် လာမည့်နှစ်တွင် အဆင့်နှင့် ရမှတ်များ ပိုမိုတိုးတက်ရရှိရေးအတွက် ယခုကတည်းက လိုအပ်သည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ကမ္ဘာ့ဘဏ်အုပ်စု (International Finance Corporation – IFC) က ရေးဆွဲပေးပို့လာသည့် "မြန်မာ့စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု လုပ်ငန်းစီမံချက် ၂၀၂၀" ပါ အချက်များကို ကာလတို၊ ကာလလတ်၊ ကာလရှည် သတ်မှတ်ကာ သက်ဆိုင်ရာကဏ္ဍအလိုက် စနစ်တကျ စီမံဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်နေ**

2021 Ease of Doing Business Ranking တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆက်စပ်သည့်ဌာနများက ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်နေသကဲ့သို့ လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက်လည်း ခေတ်မီနည်းပညာများကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထိုကဲ့သို့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေမှုများကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူများအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ သို့မှသာ အများပြည်သူသိရှိပြီး မှန်ကန်သည့်အဖြေများကို ဖြေဆိုနိုင်ကာ ထိုက်တန်သည့် ရမှတ်နှင့်အဆင့်တို့ကို ရရှိလာမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းမှုပိုမိုအားကောင်းမှသာ ရည်မှန်းချက်များ အောင်မြင်တိုးတက်နိုင်မည် ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် Ease of Doing Business Ranking တိုးတက်စေရေးအတွက် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိပုဂ္ဂိုလ်များ အနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြပါရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေများ၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရန်နှင့် အဆင့်တိုးတက်လာစေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က "အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ" နှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက "ငွေကြေးရရှိစေနိုင်မှုဆိုင်ရာ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ"နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာ ဒေါ်သီတာဦးက "ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ" နှင့်စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက "ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ " နှင့် စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က "စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီ" နှင့်စပ်လျဉ်း၍ လည်းကောင်း လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက " Doing Business Ranking " တိုးတက်ရေးအတွက် အညွှန်းကိန်း တစ်ခုချင်းအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်သွားမည့် ပြုပြင်ပြောင်းလဲမှုအစီအမံများကို ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က e-Government Data Center များ တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က Ease of Doing Business Ranking တိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက် အခြေအနေနှင့် ဖြည့်ဆည်းထောက်ပံ့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များထုတ်ပြန်ပေးခဲ့မှု အခြေအနေများ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံ၏စီးပွားရေးအခြေအနေနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် Project Bank ၏ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက နိုင်ငံ၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှုနှင့် ချေးငွေထုတ်ချေးပေးနေမှုအခြေအနေများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ( UMFCCI ) မှ အထွေထွေ အတွင်းရေးမှူးချုပ် ဦးအေးဝင်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် UMFCCI ၏ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးအောင်စိုးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို တင်ပြပြီး အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း (၉) ချက်ကို အတည်ပြုချမှတ်ခဲ့သည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

**"2021 Ease of Doing Business Ranking တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်စပ်သည့်ဌာနများက ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ မူဝါဒများကို ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်နေ"**

# လမ်းမကြီးထက် ဒို့ချီတက် မှတ်တမ်းရုပ်သံဇာတ်လမ်းထုတ်လွှင့်ခြင်း မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

**“လမ်းမကြီးထက်ဒို့ချီတက်” မှတ်တမ်း ရုပ်သံဇာတ်လမ်း ထုတ်လွှင့်ခြင်း မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ Rosewood Hotel ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် တရုတ်နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးဥက္ကဋ္ဌ Mr. Xu Lin နှင့် Rosewood Hotel ဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံပြန်ကြားရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့် တရုတ်နိုင်ငံတော်ကောင်စီပြန်ကြား ရေးရုံးဥက္ကဋ္ဌတို့သည် “လမ်းမကြီး ထက် ဒို့ချီတက်” မှတ်တမ်းရုပ်သံ ဇာတ်လမ်းထုတ်လွှင့်ခြင်း မိတ်ဆက် ပွဲအခမ်းအနားကို တက်ရောက်ရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်) ပန်းမုဒြာအဖွဲ့မှ ကျောင်းသူလေးများက မြန်မာ့ ယဉ်ကျေးမှု “ပုဂံခေတ်အက” နှင့် “ပခမ်းအက” တို့ဖြင့် ကပြဖျော်ဖြေ ပြီး အခမ်းအနားကို ဖွင့်လှစ်ပေး သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူး Mr. Yang Shou Zheng က အဖွင့်အမှာစကား ပြောကြားပြီး ရွှေသံလွင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ China Media Group အာရှ၊ အာဖရိကစင်တာ ညွှန်ကြားရေးမှူးချုပ် Mr. An Xiaoyu က အမှာစကားပြောကြားပြီး “လမ်းမ ကြီးထက် ဒို့ချီတက်” မှတ်တမ်းရုပ်သံ ဇာတ်လမ်းကို နမူနာပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တရုတ် နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံး ဥက္ကဋ္ဌ Mr. Xu Lin တို့သည် မဂ်လာ မောင်းတီး၍ “လမ်းမကြီးထက် ဒို့ချီတက်” မှတ်တမ်းရုပ်သံဇာတ်လမ်း စတင်ထုတ်လွှင့်ကြောင်း ကြေညာပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။

“လမ်းမကြီးထက် ဒို့ချီတက်” မြန်မာဘာသာ နောက်ခံစကားပြော မှတ်တမ်းရုပ်သံကို China Media Group က ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး တစ်ပိုင်းလျှင် မိနစ် ၃၀ ကြာမြင့်ကာ စုစုပေါင်း ၂၄ ပိုင်းပါဝင်သည့် မှတ်တမ်း ရုပ်သံအစီအစဉ်ဖြစ်သည်။ အဆိုပါ မှတ်တမ်းရုပ်သံအစီအစဉ်ကို ယနေ့မှ စ၍ Sky Net Knowledge ရုပ်သံ လိုင်းတွင် နေ့စဉ် ည ၇ နာရီမှစတင် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် တရုတ်နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးဥက္ကဋ္ဌ Mr. Xu Lin တို့ မင်္ဂလာမောင်းတီး၍ “လမ်းမကြီးထက် ဒို့ချီတက်” မှတ်တမ်းရုပ်သံဇာတ်လမ်း စတင်ထုတ်လွှင့်စဉ်။

ထိုမှတ်တမ်းရုပ်သံတွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ခေတ်သစ်တရုတ်ဝိသေသ လက္ခဏာဆောင်သော ဆိုရှယ်လစ် စနစ် အတွေးအခေါ်ဖြင့် အစပျိုးထား ပြီး တန်ဖိုးရှိသည့် သမိုင်းမှတ်တမ်း ရုပ်ပြနှင့် အချက်အလက်အမြောက် အမြားကို သုံးကာ နှစ် ၇၀ ကာလ အတွင်း တရုတ်ကွန်မြူနစ်ပါတီ အကြီးအကဲအဆက်ဆက် တရုတ် ပြည်သူများကို ဦးဆောင်ကာ ဆိုရှယ်လစ်စနစ်ဖြစ်အောင် တော်လှန် ရေးတည်ဆောက်ခြင်းနှင့် ပြုပြင် ပြောင်းလဲခြင်းတို့တွင် ရရှိခဲ့သည့် ကြီးမားပြောင်းမြောက်သည့် ရလဒ်များ နှင့် အဖိုးတန်အတွေ့အကြုံများကို ဖော်ပြထားခြင်းဖြစ်သည်။ တရုတ် ပြည်သူ့သမ္မတနိုင်ငံ တည်ထောင် သည့် ကာလတစ်လျှောက် လမ်းသစ် ထွင်ရာတွင်ကြုံဆုံခဲ့သည့် စိတ်လှုပ်ရှား ဖွယ်ဖြစ်ရပ်များနှင့် အရေးကြီးသည့် သမိုင်းဝင်အခမ်းအနားများကို မှတ်တမ်း တင်ထားကာ တရုတ်ပြည်သူ ထောင်ပေါင်းများစွာတို့၏ နေ့စဉ် လူနေမှုဘဝ ပြောင်းလဲမှုများကိုလည်း ဖော်ပြထားသည်။

**သတင်း – ရီရီမြင့်**

**ဓာတ်ပုံ – လှမိုး၊ ဇော်မင်းလတ်**

# စာအုပ်တစ်သန်းကျော် ပါဝင်သည့် ကမ္ဘာ့အကြီးဆုံး စာအုပ်ရောင်းပွဲတော် စာပေဝါသနာရှင်များနှင့် စာပေချစ်သူများ စိတ်ဝင်တစား လာရောက်ဝယ်ယူ

**ရန်ကုန် ဇန်နဝါရီ ၁၅**

အင်္ဂလိပ်ဘာသာ စာအုပ်တစ်သန်း ကျော် ပါဝင်သည့် ကမ္ဘာ့အကြီးဆုံး စာအုပ်ရောင်းပွဲတော် (The Big Bad Wolf) ကို ရန်ကုန်မြို့ သာကေတ မြို့နယ်ရှိ Fortune Plaza Myanmar Expo Hall ၌ ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိရာ စာပေဝါသနာရှင်များနှင့် စာပေချစ်သူ များ စိတ်ဝင်တစားဖြင့် လာရောက် လေ့လာဝယ်ယူလျက်ရှိကြောင်း သိရ သည်။ **(ယာပုံ)**

အဆိုပါ စာအုပ်ရောင်းပွဲ စီစဉ်သူ ဦးမျိုးအောင်က “ဒီနှစ်မှာတော့ ပြီးခဲ့တဲ့ နှစ်ထက် အမျိုးအစား တစ်သောင်း ကျော် အသစ်တွေပါဝင်ပါတယ်။ ဒီပွဲတော်မှာ အင်္ဂလိပ်စာအုပ်တွေတင် မကပါဘူး၊ မြန်မာစာအုပ်တွေလည်း ပါတယ်။ စာအုပ်တိုက်ကြီး ၁၃ တိုက် ကို စတင်မိတ်ဆက်ပေးထားပါတယ်။ နောက်နှစ်မှာ ဒီထက်ပိုပြီး မြန်မာ စာအုပ်တိုက်တွေကို လက်တွဲခေါ်ဖို့ ရှိပါတယ်။ အင်္ဂလိပ်စာအုပ်တွေလိုပဲ မြန်မာနိုင်ငံမှာရှိတဲ့ စာအုပ်ထုတ်ဝေ ရေး လောကလည်း ပိုပြီးတိုးတက် လာဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလို ဆောင်ရွက်တာပဲဖြစ်ပါတယ်။ စာဖတ် ပရိသတ်တွေလည်း စိတ်ဝင်တစားနဲ့ လာရောက်လေ့လာ ဝယ်ယူကြပါ တယ်”ဟု ပြောသည်။




အဆိုပါ စာအုပ်ရောင်းပွဲတော် တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေ ထားသည့် ကမ္ဘာ့အရောင်းရဆုံးစာအုပ် များနှင့်အတူ သုတ၊ ရသ၊ ပညာရပ် ဆိုင်ရာစာအုပ်များ၊ ကလေးများ အတွက် ပုံပြင်၊ ဥဏ်စမ်း စသည့် စာအုပ်များအပါအဝင် အင်္ဂလိပ် ဘာသာဖြင့် ထုတ်ဝေထားသည့် စာအုပ်ပေါင်းတစ်သန်းကျော်ကို အထူး လျှော့ဈေးဖြင့် ရောင်းချလျက်ရှိသည်။

သာကေတမြို့နယ်မှ ဒေါ်ခင်သိန်း က “ပထမအကြိမ် ကျင်းပတုန်းက မသွားလိုက်ရလို့ ဒီတစ်ကြိမ် လွတ်မသွားရအောင်ဆိုတဲ့ ရည်ရွယ် ချက်မျိုးနဲ့လာခဲ့တာပါ။ မျက်စိက သိပ်မကောင်းတော့လို့ များများမဖတ် နိုင်တော့ပေမယ့် စာအုပ်တွေက အလွန်သဘောကျဖို့ကောင်းတယ်။ ဘာသာရပ်အလိုက် ကဏ္ဍစုံအကုန် တွေ့ရတယ်။ လူငယ်တွေလာသင့် တယ်။ ဒီလောက်စုံတဲ့ စာအုပ်တွေကို ဘယ်နေရာမှ မတွေ့နိုင်ပါဘူး”ဟု ပြောသည်။

ကမာရွတ်မြို့နယ်မှ ဒေါ်လွင်လွင် မှန်က “မြေးလေးအတွက် စာအုပ်လေး တွေ လာကြည့်တာပါ။ အဓိကကတော့ ကလေးတွေ လိမ္မာရေးခြားရှိဖို့နဲ့ အသိပညာ၊ ဗဟုသုတတွေရနိုင်မယ့် စာအုပ်လေးတွေဝယ်ခဲ့တယ်။ လူငယ် တွေကို စာအုပ်များများဖတ်ဖို့ အမြဲ တိုက်တွန်းပါတယ်။ အရွယ်အပိုင်း အခြားအမျိုးမျိုးအတွက် စာအုပ်မျိုးစုံ ကို အခုလိုတွေ့ရတဲ့အတွက် အားရ ကျေနပ်တယ်”ဟု ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိနေသည့် စာဖတ် ရှိန်မြှင့်တင်ရေး အစီအစဉ်များကို တစ်ဖက်တစ်လမ်းမှ ပူးပေါင်းဆောင် ရွက်ရန်၊ ပြည်သူအားလုံး စာဖတ်မှု အလေ့အကျင့်ကောင်းများ ပိုမို ထွန်းကားလာစေရန် စသည့်ရည်ရွယ် ချက်များဖြင့် အဆိုပါ စာအုပ်ရောင်း ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စာအုပ်ရောင်းပွဲတော်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံး အကြိမ်အဖြစ် ရန်ကုန်မြို့ရှိ Myanmar Event Park ၌ ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လတွင် ဒုတိယအကြိမ်အဖြစ် မန္တလေးမြို့ရှိ မြန်မာကွန်ဗင်းရှင်း စင်တာ(MCC) ၌ လည်းကောင်း၊ ယခုအခါ တတိယအကြိမ်အဖြစ် ရန်ကုန်မြို့ရှိ Fortune Plaza Myan-mar Expo Hall ၌ လည်းကောင်း ကျင်းပနေခြင်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ – ဇော်ကြီး**

*❊ ကျောဖုံးမှ*

AMM Brothers အသင်းနှင့် Winner အသင်းတို့ သုံးဂိုးစီသရေကျခဲ့သည်။ ဇယားအောက်ဆုံးမှ AMM Brothers အသင်းသည် ရှုံးပွဲဆက်နေမှုကို ရပ်တန့်ပြီး ဒုတိယမြောက် သရေပွဲရယူနိုင်ခဲ့သည်။

ပွဲစဉ် (၁၃) အပြီးတွင် VUC နှင့် MIU အသင်းတို့ ၃၇ မှတ်စီရထားပြီး VUC အသင်းက ဂိုးကွာခြားချက်အသာဖြင့် ဆက်လက်ဦးဆောင်နေကာ MIU အသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းအသင်းများ၏ နောက်တွင် GV အသင်းက ၃၃ မှတ်၊ On Doctor အသင်းက ၂၅ မှတ်၊ Winner အသင်းက ၂၂ မှတ်၊ မြို့မ JY အသင်းက ၂၁ မှတ်၊ MFF ယူ-၁၉ အသင်းက ၁၆ မှတ်၊ Do Do Ko Ko အသင်းက ၁၅ မှတ်၊ Dream Team အသင်းက ၁၂ မှတ်၊ ဖူဆယ်ချစ်သူအသင်းက လေးမှတ်၊ AMM Brothers အသင်းက နှစ်မှတ် ရရှိထားသည်။

**ရဲရင့်ရှိုင်း**

# တရုတ် - မြန်မာ ရသများ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးအထိမ်းအမှတ်ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

တရုတ်-မြန်မာရသများ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးအထိမ်းအမှတ်ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ တရုတ်နိုင်ငံခြားဘာသာရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Du Zhan Yuan က အဖွင့်အမှာစကားပြောကြားပြီး ရွှေသံလွင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူး Mr. Yang Shou Zheng က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကို တရုတ်နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးဥက္ကဋ္ဌ Mr. Xu Lin ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ညွှန်ကြားရေးမှူးချုပ် Mr. Du Zhan Yuan ၊ ဦးနု-ဒေါ်မြရီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနု၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လင်း၊ သံမှူး Mr. Yang Shou Zheng နှင့် ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာတာဝန်ခံ Ms. Xu Ling တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး**(ယာပုံ)** စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။




ယင်းနောက် မြန်မာ့ရိုးရာအနုပညာဖြစ်သည့် "စိန်အေးမြင့်"ရုပ်သေးအဖွဲ့က "ဝေယံမောင် Art & Entertainment" နှင့်တွဲဖက်၍ ရုပ်သေးအကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တရုတ်-မြန်မာ နှစ်နိုင်ငံမှတာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ပြခန်းအတွင်း ပြသထားသည့် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က "ဒီပြပွဲကို ရည်ရွယ်ချက်နှစ်ခုနဲ့ ပြသတာဖြစ်ပါတယ်။ အခု ၂၀၂၀ ပြည့်နှစ်က တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးနှစ်(၇၀)ပြည့်တဲ့ နှစ်ဖြစ်ပါတယ်။ ရည်ရွယ်ချက်အနေနဲ့ နှစ်(၇၀)အထိ ထိန်းသိမ်းခဲ့တဲ့ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို နောင်ရေရှည်အထိ ထိန်းသိမ်းသွားဖို့ရယ်၊ တရုတ်သမ္မတ ရှီကျင့်ဖျင် မြန်မာနိုင်ငံကို လာရောက်တဲ့ခရီးစဉ်ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ရယ် ကျင်းပရခြင်းဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံးက တရုတ်နိုင်ငံဖြစ်ပါတယ်။ လက်ရှိ စီးပွားရေးအပါအဝင် အခြားကဏ္ဍစုံနဲ့ ပြန်ကြားရေးကဏ္ဍတွေမှာလည်း အများကြီးပဲ တွဲလုပ်နေပါတယ်။ ဒီဓာတ်ပုံပြပွဲက နှုတ်တစ်ရာ စာတစ်လုံး၊ စာတစ်ထောင် ဓာတ်ပုံတစ်ပုံ ဆိုတဲ့ ဆိုရိုးရှိပါတယ်။ ဒီဓာတ်ပုံတစ်ပုံက စကားပြောစရာမလိုဘူး၊ စာရေးပြစရာမလိုဘူး။ ဓာတ်ပုံတစ်ပုံက တာသွားပါတယ်။ ဒါ့ကြောင့် ဒီဓာတ်ပုံပြပွဲကို နှစ်နိုင်ငံပူးပေါင်းစီစဉ်ကျင်းပခြင်း ဖြစ်ပါတယ်" ဟု ပြောသည်။

ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာတာဝန်ခံ Ms. Xu Ling က "ဒီဓာတ်ပုံပြပွဲမှာပြသမယ့် ဓာတ်ပုံတွေကို တရုတ်ယဉ်ကျေးမှုစင်တာအနေနဲ့ ဓာတ်ပုံတွေကို ရွေးချယ်ဆောင်ရွက်ပေးပါတယ်။ ဒီပြပွဲရဲ့ အဓိကအကြောင်းအရာက တရုတ်-မြန်မာ နှစ်နိုင်ငံသမိုင်း၊ သဘာဝရှုခင်း၊ လူနေမှုဘဝပုံစံ၊ အဲဒါတွေကို အဓိကအသားပေးပြီး ရွေးပေးထားပါတယ်။ နှစ်နိုင်ငံယှဉ်ပြီး တူတာတွေ၊ မတူတာတွေကို မြန်မာပရိသတ်ကို ချပြခွင့်ရတဲ့အတွက် စိတ်ဝင်စားမယ်လို့ မျှော်လင့်ပါတယ်။ ဒီပြပွဲမှာ ဓာတ်ပုံပေါင်း ၁၀၀ ဝန်းကျင်လောက်ရှိမယ်။ ဒီဖွင့်ပွဲပြီးရင် တရုတ်ယဉ်ကျေးမှုစင်တာမှာ တစ်လလောက်ပြသဖို့ စိတ်ကူးထားပါတယ်။ တရုတ်သမ္မတကလည်း မကြာမီလာမယ်။ ဒီနှစ်က တရုတ်- မြန်မာ သံတမန်ဆက်ဆံရေးထူထောင်တဲ့ နှစ် (၇၀)ပြည့်နှစ်လည်း ဖြစ်နေတယ်။ သမ္မတလာရင် နေပြည်တော်မှာ တရုတ်-မြန်မာနှစ်နိုင်ငံ ခရီးသွားနှစ်လှုပ်ရှားမှုလေးတစ်ခုလုပ်ဖို့ရှိတယ်။ ခရီးသွားနှစ်ဆိုတာ နှစ်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေ၊ ရိုးရာဓလေ့တွေကိုအခြေခံပြီး နှစ်နိုင်ငံရဲ့ ရှေ့ဆက်သွားရမယ့် ချစ်ကြည်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက် တိုးမြှင့်ဆောင်ရွက်ဖို့ အစလှမ်းလိုက်ခြင်းပဲ ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါဓာတ်ပုံပြပွဲကို တရုတ်နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ကကြီးမှူး၍ တရုတ်နိုင်ငံခြားဘာသာရေးရာဦးစီးဌာနက ဦးဆောင်ကာ ပြည်သူ့ရုပ်စုံဂျာနယ်၊ ရန်ကုန်တရုတ်ယဉ်ကျေးမှုစင်တာနှင့် ရွှေသံလွင်ကုမ္ပဏီအုပ်စုတို့က စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရီရီမြင့်**

# တရုတ် - မြန်မာ သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၇၀)ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံပညာရှင်များ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

တရုတ် - မြန်မာ သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံပညာရှင်များ၏ "Think Tank Scholars Summit on Myanmar – China Relations in the New Era" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပသည်။ **(ယာပုံ)**



အဆိုပါဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ (ရန်ကုန်)ရှိ မြန်မာရေးရာအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်တက္ကသိုလ် မြန်မာလေ့လာရေးဌာန (Institute of Myanmar Studies–IMS) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယူနန်တက္ကသိုလ်မှ ပညာရှင် ၁၃ ဦးနှင့် မြန်မာနိုင်ငံမှ ပညာရှင် ၁၇ ဦးတို့က မြန်မာ - တရုတ်ဆက်ဆံရေး တိုးတက်လာခြင်း အနာဂတ် ကောင်းကျိုးများကို အပိုင်း (၄) ပိုင်းခွဲ၍ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ့ရေးရာအဖွဲ့မှ ဦးအေးမောင်ကျော်၊ မြန်မာ့ငြိမ်းချမ်းရေးနှင့် ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်နှင့် ယူနန်တက္ကသိုလ်ပါမောက္ခချုပ် မစ္စတာလီချန်ယန်တို့က တရုတ် - မြန်မာ ကောင်းမွန်သော အနာဂတ် တည်ဆောက်ရေးအတွက် နှစ်နိုင်ငံ အခြေခံလိုအပ်ချက်များနှင့် အဓိကမောင်းနှင်အားများနှင့် စပ်လျဉ်းပြီး အမှာစကားပြောကြားကြသည်။

ထို့နောက် ဆွေးနွေးပွဲပထမအပိုင်းကို ကျင်းပရာ **တရုတ် – မြန်မာ စီးပွားရေးစင်္ကြံအကြောင်း** ခေါင်းစဉ်ဖြင့် ဦးရဲမြင့်ကျော်၊ **တရုတ် – မြန်မာ ဆက်ဆံရေး တံတားတည်ဆောက်ရေး** ခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၊ **ပိုးလမ်းမနှင့် ရပ်ဝန်း နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ** ခေါင်းစဉ်ဖြင့် တရုတ်ပညာရှင် Dr. ZHAI Kum ၊ **နယ်ခြားဒေသကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအကြောင်း** ခေါင်းစဉ်ဖြင့် ဦးအေးလွင်၊ **ပိုးလမ်းမအသစ် သက်ရောက်မှု၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၊ လွှမ်းမိုးမှုနှင့် ကောင်းကျိုးအကြောင်း**ခေါင်းစဉ်ဖြင့် တရုတ်ပညာရှင် Mr. CHEN Xiangqiu တို့က ဆွေးနွေးပြောကြားကြပြီး သက်ဆိုင်ရာပညာရှင်များက မြန်မာ–တရုတ် စီမံကိန်းများ၊ ပိုးလမ်းမနှင့်ရပ်ဝန်းအပေါ် ကမ္ဘာ၏အမြင်သစ်၊ တရုတ်နယ်ခြားစီးပွားရေးစင်္ကြံနှင့် အာဆီယံနိုင်ငံများအကြောင်းကို ဆွေးနွေးကြသည်။

ဒုတိယပိုင်း ဆွေးနွေးပွဲတွင် **တရုတ် – မြန်မာ အနာဂတ်မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု** (Myanmar–China Relations from Comprehensive Strategic Partnership for Cooperation to the Community of Shared Futures) ခေါင်းစဉ်ဖြင့် Dr. Li Chenyang က နှစ်(၇၀)မြောက် တရုတ် – မြန်မာ သံတမန် ဆက်ဆံရေး အောင်မြင်မှုနှင့် အတွေ့အကြုံများကိုလည်းကောင်း၊ မုံရွာအောင်ရှင်က တရုတ် – မြန်မာ မီဒီယာဆက်ဆံရေးကိုလည်းကောင်း၊ Dr. FAN Hongwei က ပြောင်းလဲလာသော တရုတ်–မြန်မာ ဆက်ဆံရေးအကြောင်းကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်မှုအကြောင်းကိုလည်းကောင်း၊ အခြားပညာရှင်များက တရုတ်–မြန်မာ ပူးပေါင်းဆောင်ရွက်မှု၏ ပွင့်လင်းမြင်သာမှုများ၊ နှစ်(၇၀) တရုတ်–မြန်မာ ဆက်ဆံရေးသုံးသပ်ချက်နှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အသီးသီး ဆွေးနွေးကြသည်။

တတိယပိုင်း ဆွေးနွေးပွဲတွင် **တရုတ် – မြန်မာ ပညာရေးဖလှယ်ရေး** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စတုတ္ထပိုင်းဆွေးနွေးပွဲတွင် **ကမ္ဘာ့နှင့်ဒေသတွင်း စိန်ခေါ်မှုများကို ပူးပေါင်း ဖြေရှင်းခြင်း** ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာရှင်များက ဆွေးနွေးခဲ့ကြပြီး နှစ်ဖက်ပညာရှင်များက တရုတ်–မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်များ၊ ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်များ၊ အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးမှုလုပ်ငန်းများအကြောင်းကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲများမှတစ်ဆင့် တရုတ် – မြန်မာ နှစ်နိုင်ငံအစိုးရများနှင့် ပြည်သူများကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုမြင့်မားခိုင်မြဲစေရေး၊ နှစ်နိုင်ငံမဟာဗျူဟာ မိတ်ဖက်ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရေးနှင့် တရုတ် – မြန်မာ အနာဂတ်အကျိုး မျှဝေခံစားသည့် လူ့အဖွဲ့အစည်းဖြစ်ထွန်းရေး အခြေခံအုတ်မြစ်ခိုင်မာစွာ ချမှတ်နိုင်ရေးတို့ကို သဘောတူညီခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲများကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရေးရာအဖွဲ့သည် ယူနန်တက္ကသိုလ် မြန်မာ့လေ့လာရေးဌာနနှင့်ပူးပေါင်း၍ ၂၀၁၉ ခုနှစ်တွင် နှစ်ကြိမ်ကျင်းပခဲ့ပြီး ယခုဆွေးနွေးပွဲမှာ မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်မှုနှစ်(၇၀) ပြည့်အဖြစ် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

နှစ်နိုင်ငံဆက်ဆံရေး ခေတ်သစ်ကို ဖွင့်လှစ်သည့် အထိမ်းအမှတ်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို အဓိကမောင်းနှင်ပေးသည့် ပညာရေးအဖွဲ့အစည်းများနှင့် ပညာရှင်များအကြား ဖလှယ်မှု၊ မိတ်သဟာဖြစ်မှုအနေဖြင့် ယခုဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ ပေကျင်း၊ ရှာမန်၊ ကျီနန်၊ ယူနန်တက္ကသိုလ်နှင့် တရုတ်နိုင်ငံတကာ စီးပွားကုန်သွယ်ရေးပူးပေါင်းဌာနတို့မှ ပညာရှင်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘက်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာ့ငြိမ်းချမ်းရေးနှင့် ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးကော်မတီနှင့် ဗဟိုစီးပွားရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ Center for Economy, Environment and Society – CEES Myanmar ၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန၊ နိုင်ငံတကာဆက်ဆံရေးဌာနနှင့် ရတနာပုံတက္ကသိုလ်တို့မှ ပါမောက္ခများ၊ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ (ရန်ကုန်)ရှိ မြန်မာရေးရာလေ့လာရေးအဖွဲ့ကို ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးရေး၊ သုတေသနအခြေခံစာစောင်များ ထုတ်ဝေနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယူနန်တက္ကသိုလ် မြန်မာလေ့လာရေးဌာနကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် မြန်မာ့ရေးရာလေ့လာရေးစင်တာအဖြစ် တည်ထောင်ခဲ့ရာ ၁၉၈၆ ခုနှစ် အမေရိကန် Northern Illinois University ၌ တည်ထောင်ခဲ့သော မြန်မာ့ရေးရာလေ့လာရေးစင်တာပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယမြောက် အတတ်ပညာဆိုင်ရာ မြန်မာ့အရေးလေ့လာရေး အဖွဲ့အစည်းတစ်ခုဖြစ်ခဲ့ပြီး လက်ရှိတွင် တရုတ်နိုင်ငံ၌ တစ်ခုတည်းသော လက်တွေ့ မြန်မာ့ရေးရာ လေ့လာရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ် – မြန်မာ ဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ့်အပြင် နှစ်နိုင်ငံ ပြည်သူလူထုချင်း နားလည်မှုတွေ ပိုမိုရရှိမယ်လို့ ယုံကြည်

**မစ္စတာ လီချန်ယန် (ဒုတိယပါမောက္ခချုပ်၊ မြန်မာရေးရာသုတေသနဌာန(ဌာနမှူး)၊ ယူနန်တက္ကသိုလ်)**



မစ္စတာ လီချန်ယန်



ဦးအေးမောင်ကျော်



ပါမောက္ခဒေါက်တာအောင်ထွန်းသက်



မုံရွာဦးအောင်ရှင်



ဦးအေးလွင်

**ယခုနှစ်သည် မြန်မာ – တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ်(၇၀)ပြည့်မြောက်သော အခါသမယဖြစ်သည့်အပြင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်မည့် အချိန်အခါနှင့် တိုက်ဆိုင်လျက်ရှိရာ နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများအဆက်ဆက် စိုက်ထူခဲ့ကြသည့် နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ထပ်လောင်းသက်သေပြသကဲ့သို့ ရှိသည်။**

ထိုသို့ ထူးခြားသော ဝိသေသများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Lotte Hotel ၌ တရုတ် – မြန်မာ ဆက်ဆံရေး ထူထောင်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာရေးရာအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်တက္ကသိုလ်မြန်မာလေ့လာရေးဌာန(IMS) တို့ ပူးပေါင်း၍ နှစ်နိုင်ငံပညာရှင်များ ဆွေးနွေးပွဲကို ကျင်းပသည်။

ဆွေးနွေးပွဲတွင် "Think Tank Scholars Summit on Myanmar –China Relations in the New Era" ခေါင်းစဉ်နှင့်အညီ တရုတ်–မြန်မာ နှစ်နိုင်ငံ အစိုးရများနှင့် ပြည်သူများကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုမြင့်မားခိုင်မြဲစေရေးနှင့် နှစ်နိုင်ငံ မဟာဗျူဟာမိတ်ဖက် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ထောင့်စုံကဏ္ဍစုံမှ ဆွေးနွေးခဲ့ကြရာ နှစ်နိုင်ငံ ပညာရှင်များ၏ သဘောထားရှုမြင်ချက်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည် –

**မစ္စတာ လီချန်ယန် (ဒုတိယပါမောက္ခချုပ်၊ မြန်မာရေးရာသုတေသနဌာန(ဌာနမှူး)၊ ယူနန်တက္ကသိုလ်)**

မကြာမီ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင် မြန်မာပြည်ကို လာရောက်လည်ပတ်မှာ ဖြစ်ပါတယ်။ ဒီနှစ်က တရုတ် – မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်မြောက်တဲ့ အချိန်လည်းဖြစ်ပါတယ်။ အခုဆွေးနွေးပွဲက မြန်မာ–တရုတ်နှစ်နိုင်ငံ ဌာနနှစ်ခု ပူးပေါင်းပြီး ကျင်းပတာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်(၇၀) အတွင်းမှာ တရုတ် – မြန်မာ ဆက်ဆံရေးက ဘာထူးခြားချက်တွေ ရှိကြသလဲ ဆိုတာကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ဆွေးနွေးပွဲလာတဲ့ နှစ်နိုင်ငံ ပညာရှင်တွေက သူတို့နဲ့သက်ဆိုင်တဲ့ အကြောင်းတွေကို ဆွေးနွေးကြမယ်။ သိလိုတာတွေကို မေးမြန်းကြမယ်။

အခုဆွေးနွေးပွဲကို တရုတ်ပြည်က ပညာရှင်စုစုပေါင်း ၁၅ ဦးလာပါတယ်။ ယူနန်တက္ကသိုလ်က ပညာရှင် ခုနစ်ဦးပါပါတယ်။ ဆွေးနွေးပွဲမှာ ခေါင်းစဉ်လေးခုနဲ့ ဆွေးနွေးကြမယ်။ ပထမ တရုတ် – မြန်မာ ဆက်ဆံရေး ထူးခြားချက်တွေ၊ မြန်မာ – တရုတ် ရေးရာကိစ္စတွေ၊ တရုတ် – မြန်မာ လူမှုအသိုင်းအဝိုင်း ကိစ္စတွေကို ဆွေးနွေးကြမယ်။ ဒီလိုဆွေးနွေးမှုက တစ်ဆင့် တရုတ် – မြန်မာ ဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ့်အပြင် အကျိုးကျေးဇူးတွေလည်း အများကြီးရပါမယ်။ ဒါ့အပြင် နှစ်နိုင်ငံ ပြည်သူလူထုချင်း နားလည်မှုတွေ ပိုမိုရရှိမယ်လို့ ယုံကြည်ပါတယ်။ အရင်ကထက် နှစ်နိုင်ငံဆက်ဆံရေးတွေ၊ ပြည်သူချင်းဆက်ဆံရေးတွေ ပိုမိုတိုးတက်များပြားလာမယ်။ ယူနန်တက္ကသိုလ်က တရုတ်ပြည်မှာ နာမည်ကြီးတဲ့ တက္ကသိုလ်တစ်ခုလည်း ဖြစ်ပါတယ်။ ယူနန်တက္ကသိုလ်မှာ မြန်မာရေးရာဌာနလည်း ရှိတဲ့အတွက် နောင်အခါ တရုတ် – မြန်မာ ဆက်ဆံရေးတွေ အများကြီးတိုးတက်လာမှာပါ။

**ဦးအေးမောင်ကျော်**
**(အကြီးတန်းသုတေသနမှူး၊ မြန်မာရေးရာလေ့လာရေးအဖွဲ့)**

အခု Think Tank Summit က ယူနန်တက္ကသိုလ်နဲ့ မြန်မာရေးရာလေ့လာရေးအဖွဲ့တို့ ပေါင်းပြီးကျင်းပတာ သုံးကြိမ်ရှိပါပြီ။ မြန်မာရေးရာလေ့လာရေးအဖွဲ့အနေနဲ့ တစ်နှစ်ခွဲအတွင်းမှာ စွမ်းအင်ဆိုင်ရာနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာတွေကို လုပ်ပါတယ်။ ဒီနှစ်က တရုတ်– မြန်မာ ဆက်ဆံရေး နှစ် (၇၀) ပြည့်မြောက်တဲ့ နှစ်လည်းဖြစ်တယ်။ ဒီနှစ်တစ်နှစ်လုံး အစိုးရဘက်က အစီအစဉ်တွေ ၂၀ ကျော် လောက်ရှိပါတယ်။ အဲဒီအစီအစဉ်တွေထဲမှာ ဝန်ကြီးဌာနအသီးသီး ပါဝင်မှာ ဖြစ်ပါတယ်။

ဒီပွဲက ယူနန်တက္ကသိုလ်နဲ့ မြန်မာရေးရာလေ့လာရေးအဖွဲ့တို့ ပူးပေါင်းပြီး လုပ်တာ ဖြစ်ပါတယ်။ တရုတ် – မြန်မာ ဆက်ဆံရေးနဲ့ ပတ်သက်တဲ့ တရုတ်အကြောင်း၊ မြန်မာအကြောင်း ကျွမ်းကျင်တဲ့ နှစ်ဖက်ပညာရှင်တွေအပြင် တက္ကသိုလ်အသိုင်းအဝိုင်း၊ ပြင်ပပညာရှင်တွေနဲ့ စီးပွားရေးနယ်ပယ်ကလည်း ပါပါတယ်။ ပညာရှင်တွေအားလုံးကို ဖိတ်ပြီး နှစ်ဖက်အပြန်အလှန်စာတမ်းတွေ တင်ကြမယ်။ ဆွေးနွေးမယ်။ ရလဒ်က တရုတ်– မြန်မာ ဆက်ဆံရေး အခွန့်ရှည်ကောင်းမွန်ဖို့ကို ဦးတည်ပြီးလုပ်တာပါ။ ဒီပွဲတင် မကပါဘူး၊ နောက်ပွဲတွေလည်း လုပ်ပါ့မယ်။

တရုတ် – မြန်မာဆက်ဆံရေး နှစ် (၇၀) ပြည့်ဆိုတာ သမိုင်းမှတ်တမ်းတစ်ခုပါ။ တရုတ်– မြန်မာ နှစ်ပေါင်းများစွာကတည်းက ဆက်ဆံရေးရှိခဲ့ပါတယ်။ ပျူခေတ်ကတည်းကပါ။ ဒါပေမယ့် လွတ်လပ်ရေးရပြီး နောက်ပိုင်းကို နှစ် ၇၀ ပြည့်လို့ ပြောကြတာပါ။ အများအားဖြင့် တရုတ် – မြန်မာ ဆက်ဆံရေးက အနီးကပ်ဆက်ဆံရေးပါ။ အဓိက ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးပါ။ တရုတ် – မြန်မာ ဆက်ဆံရေးက အခုအခါမှာ အကောင်းဆုံးအနေအထားကို ရောက်နေတာပါ။ အလားအလာ အလွန်ကောင်းပါတယ်။ စိန်ခေါ်မှုအချို့ ရှိခဲ့ပေမယ့် ဒီစိန်ခေါ်မှုတွေကို ကျော်လွန်ပြီး သွားနိုင်လိမ့်မယ်လို့ ယူဆပါတယ်။

အခု နှစ်နိုင်ငံ နှစ် (၇၀) ပြည့်မြောက်တဲ့ တစ်နှစ်လုံးမှာ ယဉ်ကျေးမှုဖလှယ်တာတွေ၊ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွေရှိမယ်။ အဆို၊အကတွေ၊ စာအုပ်မိတ်ဆက်ပွဲတွေ ရှိမယ်။ စသဖြင့် အများကြီးလာပါလိမ့်မယ်။ တစ်နှစ်အတွင်း ရေရှည်သွားနိုင်မယ့် လှုပ်ရှားမှုမျိုးတွေ အကုန်လုံးပါတာဖြစ်တဲ့အတွက် တရုတ် – မြန်မာ ဆက်ဆံရေး ပိုပြီးအထောက်အကူ ဖြစ်မှာဖြစ်ပါတယ်။

ဒီပွဲမှာ စာတမ်းတင်သွင်းကြမယ့်သူတွေက တက္ကသိုလ်အသိုင်းအဝိုင်းမှာဆိုရင် သမိုင်းဌာန၊ IR ဌာနတို့အပြင် နိုင်ငံတကာဆက်ဆံရေးဌာနက ပညာရှင်တွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)က ပြန်ကြားရေးဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့ စီးပွားရေးကော်မတီက ပုဂ္ဂိုလ်တွေပါမယ်။ ပြင်ပစာရေးဆရာနဲ့ ပညာရှင်တွေပါမယ်။ တရုတ် – မြန်မာ ဆက်ဆံရေးမှာ လှုပ်ရှားနေတဲ့ ကဏ္ဍအသီးသီးမှာ ပါဝင်သူတွေကို ဖိတ်ထားပါတယ်။ ရုပ်ရှင်မြှင့်တင်ရေး ဒါရိုက်တာအချို့ပါတယ်။ အခုပွဲက နှစ်နိုင်ငံ ချစ်ကြည်ရေးလည်းဖြစ်တယ်။ ပေါ်လစီတွေ အောင်မြင်အောင် ဆောင်ရွက်ပေးတဲ့ အစီအစဉ်လည်း ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ ပြည်သူချင်းချင်း ဆက်ဆံရေးနဲ့ အစိုးရချင်းဆက်ဆံရေးတွေ ပိုပြီးကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

အခုလို တရုတ်နိုင်ငံက ခေါင်းဆောင်ကိုယ့်နိုင်ငံကိုလာတာ အခွင့်အရေးတစ်ရပ်ပါ။ ရင်းနှီးမှုတည်ဆောက်ရမှာ တရုတ်နိုင်ငံနဲ့ ပတ်သက်လာရင် အိမ်နီးနားချင်း ပေါက်ဖော်လည်း ဖြစ်ပါတယ်။ နိုင်ငံရေးသာမကဘူး၊ နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေး၊ လူမှုရေး အမျိုးမျိုးပေါ့။ နှစ်နိုင်ငံ ရင်းနှီးမှုကို တည်ဆောက်မှုက အင်မတန်အရေးကြီးပါတယ်။ တရုတ်သမ္မတကြီးလာတာကို ကြိုဆိုပါတယ်။ သမ္မတကြီးလာပြီးတဲ့အခါ နှစ်နိုင်ငံ အကျိုးတူလုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒီဆွေးနွေးပွဲကလည်း MoU တွေ အများကြီးထိုးမယ်လို့ နားလည်ထားပါတယ်။ အဲဒါတွေက အရေးကြီးတယ်။ သမ္မတကြီးအနေနဲ့ ၂၀၂၀ မှာ ပထမဆုံး နိုင်ငံတကာခရီးက မြန်မာပြည်ကို ဦးစားပေးတာ။ တရုတ်နှစ်သစ်ကူး မတိုင်ခင် လာတာ အင်မတန်ထူးခြားတယ်။ နှစ်နိုင်ငံအတွက်ပါ။ ကိုယ့်အတွက်ပဲ ကြည့်လို့မရဘူး။ ကိုယ့်အတွက် အကျိုးရှိသလို သူတို့နိုင်ငံအတွက်လည်း အကျိုးရှိရမယ်။ ဘယ်လိုဆောင်ရွက်ကြမလဲ၊ စဉ်းစားကြမလဲ။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သမိုင်းအခြေခံတွေရှိကြတယ်။ မျက်စိဖွင့်ပြီး ကြည့်ရမယ်၊ မျက်စိပိတ်ပြီး စဉ်းစားလို့မရဘူး။ နားလည်မှုရှိဖို့ လိုတယ်၊ တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံဖို့ လိုတယ်။ နိုင်ငံရေးရဲ့ ပထဝီအနေအထားအရ ရင်းနှီးအောင်လုပ်ဖို့ လိုပါတယ်။

**မုံရွာဦးအောင်ရှင် (ဗဟိုကော်မတီအဖွဲ့ဝင်၊ ပြန်ကြားရေးကော်မတီအတွင်းရေးမှူး(ဗဟို)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**

အခု Think Tank ဆွေးနွေးပွဲက အရင်လုပ်တဲ့ ဆွေးနွေးပွဲတွေထက် ပိုပြီးထူးခြားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မကြာခင်မှာ တရုတ်သမ္မတကြီး မစ္စတာရှီကျင့်ဖျင် မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးအနေနဲ့ ရောက်တော့မှာဆိုတော့ ကြိုဆိုတဲ့အနေနဲ့ လုပ်တဲ့ပွဲလို့ ပြောလို့ရပါတယ်။ ဒီပွဲလုပ်တာ သမ္မတရှီနဲ့ ကျွန်တော်တို့ ခေါင်းဆောင်တွေအားလုံး ဘယ်လိုညှိနှိုင်းဆွေးနွေးပြီး တိုင်းပြည်အတွက် ဘယ်လိုအကျိုး ဖြစ်ထွန်းမယ့် ရလဒ်တွေ ပေါ်ထွန်းနိုင်မလဲဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ဒီပွဲကို ကျွန်တော်တို့က လုပ်ကြတာဖြစ်ပါတယ်။ ဒီပွဲကို ကျွန်တော်တို့ အများကြီးမျှော်လင့်ပါတယ်။ ကျွန်တော်က ဒီဆွေးနွေးပွဲမှာ တရုတ် – မြန်မာ မီဒီယာဆက်ဆံရေးကဏ္ဍကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲမှာ ရလဒ်တွေ အများကြီးရမှာပါ။

ဆွေးနွေးပွဲမှာ ဆွေးနွေးကြတဲ့ပုဂ္ဂိုလ်တွေ ကျွန်တော်တို့ မြန်မာ Think Tank ပညာရှင်တွေသာမက တရုတ်နိုင်ငံက Think Tank ပညာရှင်တွေပါပါတဲ့ ဆွေးနွေးပွဲဖြစ်တဲ့အတွက် အများကြီး အကျိုးရှိပါလိမ့်မယ်။ တရုတ်သမ္မတကြီးက လွန်ခဲ့တဲ့ ၁၀ နှစ်က ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က ထင်တယ် မြန်မာပြည်ကို ဒုတိယသမ္မတအနေနဲ့ လာခဲ့တာရှိပါတယ်။ ခုက ၁၀ နှစ်အတွင်းမှာ ရောက်လာတော့ ထူးခြားတယ်လို့ ပြောလို့ရပါတယ်။ MoU လက်မှတ်ရေးထိုးပွဲတွေ အများကြီးလုပ်နိုင်မယ်လို့ ထင်ပါတယ်။ တရုတ်သမ္မတ မစ္စတာရှီ လာရောက်တဲ့အတွက် ကျွန်တော့်နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေလည်း အများကြီးရလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။

**ဦးအေးလွင်(ဗဟိုစီးပွားရေးကော်မတီအဖွဲ့ဝင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**

တရုတ်သမ္မတကြီး မစ္စတာရှီကျင့်ဖျင် လာမယ်။ မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းတိုင်းပြည်က ခေါင်းဆောင်ကြီးတစ်ယောက် လာတာကို ကြိုဆိုကြရမယ်။ ပူးပေါင်းဆောင်ရွက်မှု အားလုံးရှိတဲ့အတွက် တရုတ်သမ္မတ မစ္စတာရှီကျင့်ဖျင် လာခြင်းသည် မြန်မာနိုင်ငံအတွက် အစစအရာရာ ဒီထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်တဲ့ အခွင့်အရေးရအောင် လုပ်ဆောင်ရမယ်။ ဘာပဲဖြစ်ဖြစ် အိမ်နီးချင်းတိုင်းပြည်ဆိုတာ တရုတ်စကားပုံတွေထဲမှာ **"အဝေးမှာရှိတဲ့ ဆွေမျိုးထက် အိမ်နီးနားချင်း ဆွေမျိုးက ပိုအားကိုးရတယ်"** ဆိုတဲ့ စကားပုံရှိပါတယ်။ အိမ်နီးနားချင်း အင်အားကြီးနိုင်ငံက ခေါင်းဆောင်လာတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပူးပေါင်းဆောင်ရွက်တာ နှစ် ၇၀ ပြည့်လို့ ဂုဏ်ပြုတဲ့ အထိမ်းအမှတ်နဲ့ လာတာပါ။

**တွေ့ဆုံမေးမြန်း – ဝင်းဝင်းမော်၊ ဥမ္မာသန့်**
**ဓာတ်ပုံ – လှမိုး**

# မြင်းစီးအားကစားပြိုင်ပွဲကျင်းပမည့် မကွေး FC ကွင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု


မြင်းပြိုင်ကွင်းပြင်ဆင်မှုကို ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကွင်းဆင်းကြည့်ရှုနေစဉ်။

**မကွေး ဇန်နဝါရီ ၁၅**
(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံ မြင်းစီးအားကစား အဖွဲ့ချုပ်နှင့် ပြည်သူများ ပူးပေါင်း၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ပထမအကြိမ် မြင်းစီးအားကစား ဖိတ်ခေါ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ မကွေးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံလမ်းရှိ မကွေး FC ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပမည့် မကွေး FC ကွင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက ဇန်နဝါရီ ၁၄ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်အား တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်း၊ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မကွေးတိုင်းဒေသကြီး မြင်းစီးအသင်းဥက္ကဋ္ဌတို့က မြင်းပြိုင်ကွင်းလုပ်ငန်းများနှင့် မြင်းပြိုင်ပွဲကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကာ လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က မှာကြားခဲ့သည်။

ပထမအကြိမ် မြင်းစီးအားကစားပြိုင်ပွဲကျင်းပမည့် မကွေး FC ကွင်းအတွင်း မြင်းပြိုင်ကွင်းနှင့် မြင်းပြေးလမ်းပြင်ဆင်မှုများကို တိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်း၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး မြင်းစီးအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အသင်းဝင်များက ဝိုင်းဝန်းကြိုးကြပ်၍ ဆောင်ရွက်လျက်ရှိပြီး အဆိုပါပြိုင်ပွဲတွင် ဒုန်းအကြီးတန်း၊ ဒုန်းအလတ်တန်း၊ ဒုန်းအငယ်တန်း၊ အသွားကျစီးပြိုင်ပွဲများနှင့် မြင်းစီးစွမ်းရည် သရုပ်ပြပွဲ၊ အလှပြပွဲ စသည့် ပွဲစဉ်များ ထည့်သွင်းကျင်းပသွားမည်ဟု သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၂၆)မြို့နယ် ရိုးရာခြင်းပြိုင်ပွဲ ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၁၅**
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၂၆) မြို့နယ် ရိုးရာခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ဇန်နဝါရီ ၁၄ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်အားပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ခြင်းလုံးအားကစားနည်းသည် အသင်းလိုက်စည်းလုံးညီညွတ်စွာ ပြိုင်ပွဲဝင်ရသည့် အားကစားနည်းဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိမှသာ ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိမည်ဖြစ်ကြောင်း၊ ယခု ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အသင်းများအနေဖြင့် မိမိတို့အသင်း၏ ချစ်ခင်မှု၊ စည်းလုံးညီညွတ်မှုများကို ပြသပြီး အောင်မြင်မှုရရှိအောင် ကြိုးစားကြရန် လိုကြောင်း၊ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများတွင် တံခွန်စိုက်ဒိုင်း သုံးနှစ်ဆက်တိုက်ရရှိဖူးသည့် အစဉ်အလာကောင်းကို မိမိတို့လက်ထက်တွင် ပြန်လည်ရရှိအောင် စွမ်းဆောင်ကြရန် လိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၆)မြို့နယ် ရိုးရာခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး ရိုးရာခြင်း သရုပ်ပြကစားမှုနှင့် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကာ ဆုများ ချီးမြှင့်ခဲ့သည်။
**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရေဖြူမြို့နယ်၌ တောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်

**ရေဖြူ ဇန်နဝါရီ ၁၅**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်းမှ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်ပွဲကို ရေဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်သာဝတီခန်းမ၌ ဇန်နဝါရီ ၁၃ ရက်က ကျင်းပခဲ့ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံတောင်သူများ၏ လိုအပ်ချက်ဖြစ်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ဆက်လက်ထုတ်ပေးနိုင်ရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံတောင်သူ ၇၁ ဦးအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် UNDP မှ လာရောက်တွေ့ဆုံ

**ပဲခူး ဇန်နဝါရီ ၁၅**
ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် UNDP မှ တာဝန်ရှိသူ မစ္စတာ ဂေါ်ဒွန်ဂျွန်ဆန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းအား ပဲခူးမြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ညှိနှိုင်းခန်းမ၌ ဇန်နဝါရီ ၁၄ ရက်က လာရောက်တွေ့ဆုံ ရှင်းလင်းတင်ပြခဲ့သည်။

တွေ့ဆုံရာတွင် UNDP တာဝန်ရှိသူက ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို UNDP နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အထိုက်အလျောက် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ယခုအခါ UNDP မှ ပဲခူးတိုင်းဒေသကြီးတာဝန်ခံသည် စာချုပ်သက်တမ်းပြည့်၍ ဝန်ထမ်းအသစ်များ ထပ်မံခန့်အပ်ကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်များတွင်လည်း လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အလှူရှင်နိုင်ငံများကလည်း UNDP၏လုပ်ငန်းဆောင်ရွက်မှုများကို အချိန်တိုင်း စောင့်ကြည့်လေ့လာလျက်ရှိကြောင်း ရှင်းလင်းတင်ပြခဲ့သည်။


ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် UNDP မှ တာဝန်ရှိသူတို့ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြန်လည်ဆွေးနွေးရာတွင် UNDP မှ ဝန်ထမ်းပြောင်းလဲမှုအပေါ် သီးခြားမှတ်ချက်ပြုရန်မရှိကြောင်း၊ အဓိကအားဖြင့် မိမိတို့တိုင်းဒေသကြီးအတွင်း UNDP နှင့် ပူးပေါင်း၍ ရရှိလာမည့် ထောက်ပံ့ငွေများကို ဒေသအတွက် လိုအပ်မည့် စာသင်ကျောင်း၊ ဆေးခန်း၊ ကျေးလက်လမ်း/တံတားများ ဆောက်လုပ်မှုအတွက် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ UNDP အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်၍ဦးစားပေး ထောက်ပံ့ကူညီသွားမည်ကို သိရသဖြင့် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမင်းထွဋ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ UNDP မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။**ဟိန်းထက်(ပဲခူး)**

## ဆောမြို့ အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်များနှင့် စာစောင်လှူဒါန်း

**ဆော ဇန်နဝါရီ ၁၅**
ဂန့်ဂေါခရိုင် ဆောမြို့ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်များကို စာရေးဆရာ ကိုယောဂ(ဘောဂဗေဒ)က ဇန်နဝါရီ ၁၃ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆောအထကကျောင်း သီဟသူရညီအေးခန်းမ၌ ကျင်းပသည့် လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုရီက အမှာစကားပြောကြားပြီးနောက် အလှူရှင် စာရေးဆရာကိုယောဂ(ဘောဂဗေဒ)က စာအုပ်များပေးအပ်လှူဒါန်းခြင်း ရည်ရွယ်ချက်များ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ကျောင်းသား ကျောင်းသူများအတွက် စိတ်ဓာတ်ခွန်အားဖြစ်စေမည့် စကားလက်ဆောင်များ ပြောကြားပြီး စာအုပ်မျိုးစုံ ၂၁၅ အုပ်နှင့် စာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဇော်မျိုးသန့်(ပြန်/ဆက်)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော


ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ
( ဖားကန့်မြို့ )
၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ(၁၇ ၊ ၁၈)ရက်(သောကြာ၊ စနေ)နေ့၊ နံနက်(၉း၀၀)နာရီမှ ညနေ(၅း၀၀)နာရီထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
လွှတ်လပ်ရေးကျောက်တိုင်ကွင်း၊ မော်ဝမ်းရပ်ကွက်၊ ဖားကန့်မြို့။

ကရင်ပြည်နယ်အစိုးရအဖွဲ့
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဖာပွန်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော


ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲ
( ဖာပွန်မြို့ )
၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ(၁၈ ၊ ၁၉)ရက်(စနေ၊ တနင်္ဂနွေ)နေ့၊ နံနက်(၉း၀၀)နာရီမှ ညနေ(၄း၀၀)နာရီထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အခြေခံပညာအထက်တန်းကျောင်း၊ ဖာပွန်မြို့။

# ချင်းတွင်းမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးလုပ်ငန်းများအတွက် ငွေကျပ်သန်း ၇၃၀ သုံးစွဲမည်

**မုံရွာ ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်တစ်လျှောက်ရှိ ရေကြောင်းကျပ်တည်းသောနေရာများဖြစ်သည့် ရိုးလာရေလမ်း၊ မော်လိုက်ရေလမ်း၊ အလုံရေလမ်း၊ မုံရွာရေလမ်းနှင့် ပေါင်း၀-အမြင့် ရေလမ်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ် သန်း ၇၃၀ အသုံးပြု၍ ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မော်လိုက်မြို့နယ်အတွင်းရှိ ရိုးလာရေလမ်းကောင်းမွန်ရေးအတွက် ငွေကျပ် ၁၈၀ သန်း၊ မော်လိုက်ရေလမ်းကောင်းမွန်ရေးအတွက် ငွေကျပ် ၁၅၀ သန်း၊ မုံရွာမြို့နယ်အတွင်းရှိ အလုံရေလမ်း ကောင်းမွန်ရေးအတွက် ငွေကျပ် ၁၅၀ သန်း၊ မုံရွာရေလမ်းကောင်းမွန်ရေးအတွက် ငွေကျပ် ၁၅၀ သန်းနှင့် ချောင်းဦးမြို့နယ်တွင်းရှိ ပေါင်း၀-အမြင့် ရေလမ်းကောင်းမွန်ရေးအတွက် ငွေကျပ်သန်း ၁၀၀ သုံးစွဲမည်ဖြစ်ပြီး လုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလဆန်းမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းအားဖြင့် ချင်းတွင်းမြစ်အတွင်း သွားလာနေသော ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ခြင်းနှင့် ဆယ့်နှစ်ရာသီပတ်လုံး ရေကြောင်းကျပ်တည်းမှုများ နည်းနိုင်သမျှနည်းအောင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**


## နွေမှုံရွာ ဂျာနယ် ထွက်ရှိ

**၁၅ - ၁ - ၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၂)တွင်**

- ကုလားပဲအထွက်တိုးရန်အတွက် မိတ်ဖက်အချက်များရဲ့အရေးပါမှု
- ပဲမျိုးစုံသီးနှံစိုက်ပျိုးရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာ၏ အရေးပါမှု
- ပေါင်းသတ်ဆေးသုံးစွဲလျှင် သတိရှိစေချင်
- မြတ်နိုးတန်ဖိုးထားအပ်သည့် မြန်မာ့ထီးလုပ်ငန်း
- အော်ဂဲနစ်အစားအစာတွေကို ဘာကြောင့်စားသင့်တာလဲ
- ဒေသကြက်(တိုင်းရင်းကြက်) တစ်ပိုင်တစ်နိုင် မွေးမြူပါ
- နိုင်ငံခြားရေးကွက်ဝင် အစွဲမာရေနေသတ္တဝါ ကျောက်ပုစွန်များ မွေးမြူရာတွင်...
- အသက်ကြီးလာတာနဲ့အမျှ သွေးတိုးရောဂါကြိုတင်ကာကွယ်ပါ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။



**တစ်စောင် (၂၀၀) ကျပ်**

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။


## ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီ ၁၈ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းဝင်းမြင့်အောင်၏ ခြသေ့်မင်းနှင့် တိုက်ခိုက်မှုမဖြစ်ပွားစေရန် ဉာဏ်ဆင်ခြင်ရပုံအကြောင်းကို ရေးဖွဲ့ထားသည့် "မတူရင် မတုနဲ့" မျက်နှာဖုံးကာတွန်း၊ ဝံပုလွေတို့၏ နေထိုင်ကျက်စားမှုနှင့် ၎င်းတို့၏ အူသံအကြောင်းကို ရေးသားတင်ဆက်ထားသည့် သုတဆောင်းပါး၊ ဖိုးသန့်၏ အသန့်အပြန့်ကြိုက်ပုံအကြောင်းကို ဟာသရေးဖွဲ့ထားသည့် နှစ်မျက်နှာကာတွန်း၊ ညစ်ညမ်းသောစိတ်သည် ကမ္ဘာကြီးကိုပင် ပျက်စီးအောင် ပြုလုပ်နိုင်ကြောင်းကို ရေးဖွဲ့ထားသည့် ကလေးပုံပြင်အပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ dot to dot ကဏ္ဍ၊ ကဗျာစသည့် ဖတ်စရာ၊ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




## သတိပေးနှိုးဆော်ချက်

၂၀၂၀ ပြည့်နှစ် ရိုးမရန်ကုန်အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲအား ၁၉-၁-၂၀၂၀ ရက်နေ့ တနင်္ဂနွေနေ့၊ သဃ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ သုဝဏ္ဏဘူမိ Event Park မှ စတင်တာလွှတ်မည်ဖြစ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် အောက်ပါလမ်းကြောင်းများအား ပြေးလမ်းကြောင်းများအဖြစ် အသုံးပြု ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပြိုင်ပွဲကျင်းပသည့်နေ့၊ နံနက် (၀၅၀၀) နာရီအချိန်မှစ၍ ပြိုင်ပွဲပြီးဆုံးသည့်အချိန်ထိ လမ်းများအား ခေတ္တလမ်းလွှဲ/လမ်းပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်-

<u>လမ်းကြောင်းများ</u>

(၁) ဝေဇယန္တာလမ်း(လေးထောင့်ကန်လမ်းနှင့်သံသုမာလမ်းကြား)
(၂) သံသုမာလမ်း(ဝေဇယန္တာလမ်းနှင့်ကြက်ဘဲဈေးကြား)
(၃) အထက်/အောက်ပုဇွန်တောင်လမ်း(ကြက်ဘဲဈေးနှင့် ရာဇဓိရာဇ်လမ်းကြား)
(၄) ရာဇဓိရာဇ်လမ်း (ဗန္ဓုလတံတားအောက်နှင့် ကမ်းနားလမ်းလင်းစဒေါင်းကြား)
(၅) ကမ်းနားလမ်းဟောင်း(ရာဇဓိရာဇ်လမ်းထိပ်နှင့် ကျောင်းကြီးလမ်းကြား)
(၆) ကျောင်းကြီးလမ်း (အထက်ကြည့်မြင်တိုင်လမ်းနှင့် ကမ်းနားလမ်းကြား)
(၇) အထက်ကြည့်မြင်တိုင်လမ်း(ကျောင်းကြီးလမ်းနှင့် ဟံသာဝတီ/ ဗဟိုလမ်းဆုံကြား)
(၈) ဗဟိုလမ်း(ဟံသာဝတီလမ်းနှင့် ရွှာမကွေ့ကြား)
(၉) ဗဟိုလမ်း(ရွှာမကွေ့နှင့် စက်မှုဆေးဝါးလမ်းကြား)
(၁၀) စက်မှုဆေးဝါးလမ်း(ဗဟိုလမ်းနှင့် အင်းစိန်လမ်းကြား)
(၁၁) အင်းစိန်လမ်း(စက်မှုဆေးဝါးနှင့် အောင်သိဒ္ဓိလမ်းကြား)
(၁၂) အောင်သိဒ္ဓိလမ်း(အင်းစိန်လမ်းနှင့် မင်းဓမ္မလမ်းကြား)
(၁၃) မင်းဓမ္မလမ်း(အောင်သိဒ္ဓိလမ်းနှင့် ပါရမီလမ်းကြား)
(၁၄) လှိုင်တက္ကသိုလ်ကျောင်းဝင်းအတွင်းလမ်း (ပါရမီလမ်းနှင့် ပြည်လမ်းကြား)
(၁၅) ပြည်လမ်း(လှိုင်တက္ကသိုလ်ဝင်ပေါက်နှင့် ILBCရှေ့ကြား)
(၁၆) အင်းလျားလမ်း(ပြည်လမ်းနှင့်တက္ကသိုလ်ရိပ်သာလမ်းကြား)
(၁၇) တက္ကသိုလ်ရိပ်သာလမ်း (အင်းလျားလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းကြား)
(၁၈) ကမ္ဘာအေးဘုရားလမ်း (တက္ကသိုလ်ရိပ်သာလမ်းနှင့် ကန်ဘဲ့/သစ္စာလမ်း)
(၁၉) ကန်ဘဲ့/သစ္စာလမ်း (ကမ္ဘာအေးဘုရားလမ်းနှင့် မိုးကောင်းလမ်းကြား)
(၂၀) မိုးကောင်းလမ်း(ကန်ဘဲ့/သစ္စာလမ်းနှင့် မြောက်မြင်းပြိုင်ကွင်းလမ်း)
(၂၁) အရှေ့မြင်းပြိုင်ကွင်းလမ်း (မြောက်မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းကြား)
(၂၂) လေးထောင့်ကန်လမ်း(အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် ဝေဇယန္တာလမ်းကြား)
(၂၃) ရွှေတိဂုံဘုရားလမ်း(ကမ်းနားလမ်းနှင့်ဦးထောင်ဘိုလမ်းကြား)
(၂၄) ဦးထောင်ဘိုလမ်း(ရွှေတိဂုံဘုရားလမ်းနှင့် ကန်ပတ်လမ်းကြား)
(၂၅) ကန်ပတ်လမ်း(ဦးထောင်ဘိုအဝိုင်းနှင့် စက်ရုံလမ်းကြား)
(၂၆) စက်ရုံလမ်း(ကန်ပတ်လမ်းနှင့်(၁၅)ပေခုံးကျော်တံတားကြား)
(၂၇) ဗညားဒလလမ်း(စက်ရုံလမ်းနှင့် ကျိုက္ကဆံလမ်းကြား)
(၂၈) ကျိုက္ကဆံလမ်း(ကန်တော်ကြီးပတ်လမ်းမှ ပင်ရွှေညောင်လမ်းကြား)
(၂၉) ပင်ရွှေညောင်လမ်း(ကျိုက္ကဆံလမ်းမှ လေးထောင့်ကန်လမ်းကြား)

ပြည်တွင်း/ပြည်ပပြိုင်ပွဲဝင်အားကစားသမားများ အန္တရာယ်ကင်းရှင်းစွာပြိုင်ပွဲဝင်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅-၁-၂၀၂၀

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၀၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၇၀ ကျပ် | ၉၆၀/၉၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၁၀/၈၇၅ ကျပ် | ၉၁၅/၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၀/၉၈၀ ကျပ် | ၁၀၂၅/၁၀၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၇၈ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၄၅ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၇ . ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၂၅ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၄၅ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၁၈ . ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၄ . ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ . ၈၆၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ . ၈၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၂ . ၉၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ . ၈၅၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၄၀၈၃ | ၄၅၈၁၃၀၀၀ |
| MTSH | ၃၈၅၀ | ၃၉၀၀ | ၆၇၅၅ | ၂၆၀၀၇၇၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၁၂ | ၈၉၆၀၀၀ |
| FPB | ၂၃၀၀၀ | ၂၂၅၀၀ | ၇၀၅ | ၁၅၈၆၅၀၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၇၄ | ၂၁၄၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရှေးခေတ်မြန်မာစာပေများတွင် တွေ့ရှိရသောစက်များ (အပိုင်း-၂)

## သိပ္ပံစာရေးဆရာ ကိုကိုအောင်

**စွမ်းအားကြီးမားထက်မြက်သော လက်နက်ကို စက်လက်နက်ဟု ခေါ်ဝေါ်သုံးနှုန်းသကဲ့သို့ ရံဖန်ရံခါ စက်ယန္တရားဟုလည်း ခေါ်ဆိုကြောင်း တွေ့ရှိရသည်။ တန်ခိုးကြီးထင်ရှားသော စေတီပုထိုးများတွင် လွန်စွာအဖိုးထိုက်သည့် ရွှေ၊ ငွေ၊ ပတ္တမြားစသောရတနာများ၊ အဖိုးအနဂ္ဃထိုက်သော ဓာတ်တော်မွေတော်များ၊ ရွှေဆင်းတု၊ ငွေဆင်းတုများ စသည်တို့ကို ဌာပနာ၍ ထိုဌာပနာတိုက်ကို မသမာသူတို့က ထိပါးဖျက်ဆီးခြင်း မပြုနိုင်စေရန် ဓားစက်၊ လှံစက်၊ ယန္တရားစက်များ တပ်ဆင်ထားလေ့ရှိကြောင်း ရှေးလူကြီးသူမတို့က ဒဏ္ဍာရီပုံဝတ္ထုသဖွယ် ပြောဆိုခဲ့ကြသည်။ ဌာပနာတိုက်ကို ဖောက်ဖျက်လျှင် ထိုဓားစက်၊ လှံစက်၊ ယန္တရားစက်များက အလိုအလျောက် လှုပ်ရှား၍ အပိုင်းပိုင်းပြတ်အောင် ထိုးခုတ်သတ်ဖြတ်ကြမည်ဟု ဆိုသည်။**

ဤအဆိုအမိန့်အယူအဆသည် မဟာဝင်တွင် မြစ်ဖျားခံသည်ဟု ယူဆရသည်။ မဟာဝင်၏ အဆိုကား-

"ရောမတိုင်း၌ ဘူတဝါဟန ယန္တရားအတတ်ကို တတ်သူများရှိ၏။ ထိုသူတို့၏ စာရင်းကို အတိအကျ မှတ်တမ်းတင်ထားသည်။ အခြားတစ်ပါးနိုင်ငံသို့ ထွက်သွားလျှင် ထိုသူကို ယန္တရားအတတ်ဖြင့် လိုက်လံသတ်ဖြတ်သည်"ဟူ၍ဖြစ်သည်။

ပါဋ္ဌလိပုတ်ပြည်သားတစ်ဦးသည် ဘူတဝါဟန အတတ်ကိုရလို၍ ရောမသို့သွားကာ ထိုအတတ်ကိုတတ်သူ ဆရာတစ်ဦး၏သမီးနှင့် အိမ်ထောင်ပြုသည်။ ယောက္ခမသည် သမက်အား ဘူတဝါဟန ယန္တရားအတတ်ကို သင်ပေးသည်။ သားငယ်အရွယ်ရောက်လျှင် ပါဋ္ဌလိပုတ်ပြည်သားက မိမိနေရပ်သို့ပြန်သည်။ ထိုသို့ ပြန်လည်ထွက်ခွာမသွားမီ အတတ်ပညာကို ပေါင်တွင် စာရင်းရေးမှတ်သွင်း နှံထားခဲ့သည်။ ရောမတိုင်းသားတို့က လိုက်လံသတ်ဖြတ်၍ သေလျှင် အလောင်းကိုရအောင်ယူ၍ ပေါင်တွင်းမှအတတ်ပညာကိုထုတ်ယူပြီး ပါဋ္ဌလိပုတ်ပြည်သို့သွားရန် သားငယ်အား မှာခဲ့သည်။ သားငယ်လည်း အဖမှာခဲ့သည့်အတိုင်း အတတ်ပညာကို ထုတ်ယူ၍ ပါဋ္ဌလိပုတ်ပြည်သို့ သွားရောက် နေထိုင်ခဲ့သည်။

သီရိဓမ္မာသောကမင်းကြီးသည် ရာဇဂြိုဟ်၌ အဇာတသတ်မင်းကြီး တည်ခဲ့သည့် စေတီတော်တွင် စက်ယန္တရားတို့ဖြင့် စီရင်ထားခဲ့သော ဌာပနာတိုက်ကို ဖော်ယူရန် ကြိုးပမ်းခဲ့သည်။ ဌာပနာတိုက်ကို ဖွင့်လိုက်သောအခါ ကျောက်အင်္ဂတေအမိုး၊ အုတ်ကြွပ်အမိုး၊ သံအမိုး၊ ကြေးဖြူအမိုး၊ ကြေးနီအမိုး၊ သလွဲဖြူအမိုး၊ သလွဲမည်းအမိုးတို့ကို အစဉ်အတိုင်း တွေ့ရှိရသည်။ ထိုအမိုးခုနစ်ထပ်ကို အစဉ်အတိုင်း ထုတ်ယူလိုက်သောအခါ အလုံးစုံသော ရတနာအတိပြီးသည့် ပြာသာဒ်တံတိုင်း ခုနစ်ထပ်အတွင်းဝယ် ဝင်းဝင်းညီးသော ဓားလှံသန်လျက်ဆွဲငင်၍ အသက်ရှိသောသူကဲ့သို့ ပြေးသွားနေသော ယန္တရားစက်ရုပ်တို့ကို တွေ့ရသည်။ အဇာတသတ်မင်းကြီးသည် ထိုဌာပနာတိုက်ကို တည်ဆောက်ရာ၌ ရောမမှလာပြီး ပါဋ္ဌလိပုတ်ပြည်၌ နေထိုင်သော ဘူတဝါဟန အတတ်ပညာရှင်ဆရာအား ရာဇဂြိုဟ်သို့ ပင့်စေ၍ စီရင်ထားခဲ့ခြင်း ဖြစ်သည်။

သီရိဓမ္မာသောကမင်းကြီးသည် ဌာပနာတိုက်ရှိ ယန္တရားစက်ရုပ်များကို ဖျက်နိုင်မည့်ပညာရှင်ကို အသပြာ ထောင်ထုပ်နှင့် လိုက်လံရှာဖွေစေသည်။ အဇာတသတ်မင်း၏ ဌာပနာတိုက်ကို ဘူတဝါဟန ယန္တရားအတတ်ဖြင့် စီရင်ခဲ့သောဆရာ၏ အဆက်အနွယ် သားမြေးကိုတွေ့၍ ဆုလာဘ်ပေးပြီးလျှင် ဌာပနာတော်တို့ကို ထုတ်ယူစေသည်။ ထိုဓာတ်တော်မွေတော်တို့ကို ရှစ်သောင်းလေးထောင်သော စေတီတော်တို့တွင် ဌာပနာတော်မူခဲ့သည်။

မဟာဝင်ဝတ္ထုပါဇာတ်လမ်းကို အခြေခံ၍ နှောင်းဆရာတို့က ဉာဏ်ကွန့်မြူးကာ မဟာဝင်ဇာတ်တော်ကြီးပြဇာတ်၊ သီရိဓမ္မာသောကမင်းကြီးပြဇာတ် အမည်တို့ဖြင့် ဘူတဝါဟန ယန္တရားအတတ်ကို ဖော်ထုတ်ခဲ့ကြသည်။

### ဓားစက်၊ လှံစက်၊ ယန္တရားစက်များ

ဓားစက်၊ လှံစက်နှင့် ယန္တရားစက်ရုပ်များပြုလုပ်သော ဘူတဝါဟနအတတ်ကို မဟာဝင်စသော ရှေးကျမ်းဂန်များတွင် ရေးသားခဲ့ကြသည်မှာ အကြောင်းမဲ့အခြေခံမဲ့ မဟုတ်တန်ရာဟု မှတ်ယူနိုင်သည်။ ဒဏ္ဍာရီဆန်သည်ဟု ဆိုနိုင်သော်လည်း မဖြစ်နိုင်သော ကိစ္စဟုကား မဆိုသင့်ပေ။ ရှေးခေတ်လူတို့အဖို့ သားငှက်တိရစ္ဆာန်တို့ကို ဖမ်းရန် ကျော့ကွင်း၊ ထောင်ချောက်၊ ညှပ်များကို နေ့စဉ်လက်တွေ့ အသုံးပြုခဲ့ကြသည်။ အနီးစပ်ဆုံးကို သာဓကပြရလျှင် အရှင်အတိုင်းဖမ်းသော ကြွက်ထောင်ချောက်နှင့် သံဖြင့်ညှပ်ဖမ်းသော ကြွက်ထောင်ချောက်များသည် စပရိန်၊ လီဗာ(ကုတ်)၊ ခလုတ်စသည်တို့ကို အသုံးပြု၍ ဖန်တီးထားခြင်းဖြစ်သည်။ ရှေးမြန်မာရဲမက်တော်များက ဆင်ခလုတ်၊ မြင်းခလုတ်၊ ကတုတ်အတတ်တို့၌ ကျွမ်းကျင်မှုရှိကြသည်။ ထိုကဲ့သို့ ကုတ်၊ စပရိန်၊ ခလုတ်စသည်တို့ကို အသုံးပြု၍ ဓားများ၊ လှံများကို ဘုရားစေတီများ၏ ဌာပနာတိုက်၌ တပ်ဆင်စီရင်ထားလျှင် ထိလိုက်ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုဓားလှံလက်နက်များက အပိုင်းပိုင်းပြတ်အောင် အလိုအလျောက် ထိုးခုတ်ကြလိမ့်မည် ဖြစ်သည်။ ဓားစက်၊ လှံစက်၊ ယန္တရားစက်များမှာ ထိုသဘောတရားကိုအခြေခံ၍တည်ဆောက်ထားသည်ဟု ဆိုနိုင်သည်။

မဟာဝင် အဋ္ဌကထာစသော ဗုဒ္ဓစာပေကျမ်းဂန်တို့သည် မြန်မာ့ယဉ်ကျေးမှုကို လွှမ်းမိုးမှုရှိခဲ့သည်။ ထို့ကြောင့်ပင် စစ်ကိုင်းမင်း (၁၈၁၉-၃၇)သည် စည်းခုံတော်စေတီကို တည်တော်မူသောအခါ အဇာတသတ်မင်းကြီးက စက်ယန္တရားစီရင်၍ ဓာတ်တော်တို့ကို ဌာပနာခဲ့သကဲ့သို့ မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၁ ရက် ဗုဒ္ဓဟူးနေ့ည လကို ရာဟုဖမ်းချိန်တွင် အဖိုးထိုက်ရတနာများကို စေတီတော်မြတ်တိုက်တွင် ဌာပနာတော်မူသည်ဟု ရာဇဝင်ကျမ်းက မှတ်တမ်းတင်ထားသည်။

ထို့ထက်လက်တွေ့ကျသော သိပ္ပံနည်းကျသော လုပ်ဆောင်ချက် အဆိုအမိန့်လည်း ရှိခဲ့သည်။ ဗဒုံမင်းသည် မြန်မာသက္ကရာဇ် ၁၁၅၈ ခုနှစ် (၁၇၉၆)တွင် မင်းကွန်းပုထိုးတော်ကြီးကို တည်ထားရာ၌ ဌာပနာတိုက်များကို မြိုက်မြိုက်အသွားရှသော လှံ၊ ဓား၊ သံစူး၊ သံချွန်တို့ဖြင့် မထိကောင်းအောင် ခြံရံစီရင်ပြီးလျှင် ကျောက်တစ်ထပ်၊ သဲတစ်ထပ်တို့ဖြင့် စေ့စပ်သေချာစွာပိတ်ဆို့၍ ကြေးသလွဲမည်းအချိန် ပိဿာသုံးသိန်းကျော်တို့ကို လောင်းသွန်းပိတ်ဖုံးတော်မူသည်ဟု ကျမ်းဂန်တို့က ဆိုကြသည်။ ဌာပနာတော်တို့ကို မထိမကိုင် မယူနိုင်စေရန် ဓားစက်၊ လှံစက်၊ ဓားစကြာ၊ လှံစကြာနှင့် စက်ယန္တရားများဖြင့် တပ်ဆင်စီရင်ခြင်းဟု မဆိုခဲ့သော်လည်း ထိုသဘောပင် သက်ရောက်လျက်ရှိသည်။

### စက်ဒုံး၊ စက်မီး၏ လက်နက်များ

စက်လက်နက်သဘော သက်ရောက်ပါဝင်သော စက်ဒုံး၊ စက်မီးတို့ကိုလည်း ရှေးမြန်မာစာပေများ၌ တွေ့ရပြန်သည်။ ဒုံးသည် လက်မောင်းရင်းခန့်၊ ပေါင်လုံးခန့် သို့မဟုတ် ထို့ထက်ကြီးသော သစ်လုံးကို အခေါင်းထွင်း၍ ယမ်းထောင်းဖိသိပ်ထားသော ယမ်းကိုမီးရှို့ရာ၌ ပွင့်ကန်ကွဲထွက်မသွားစေရန်အတွက် သစ်လုံးကို ကြိမ်များဖြင့် ခိုင်ခံ့စွာခတ်ထားသည်။ ဒုံးစနက်တံကို မီးရှို့လျှင် ယမ်းကိုမီးစွဲ၍ ယမ်းမီး၏အရှိန်ဖြင့် ဒုံးသည် အဝေးသို့လည်းကောင်း၊ အမြင့်သို့လည်းကောင်း အရှိန်ပြင်းစွာဖြင့် ပျံထွက်သွားအောင် စီစဉ်ထားသည်။ ထိုဒုံးများကို ကုန်းဘောင်ခေတ်က စက်မီး သို့မဟုတ် စက်ဒုံးဟု ခေါ်တွင်ခဲ့သည်။

> **"စက်လက်နက်သဘော သက်ရောက်ပါဝင်သော စက်ဒုံး၊ စက်မီးတို့ကိုလည်း ရှေးမြန်မာစာပေများ၌ တွေ့ရပြန်သည်။ ဒုံးသည် လက်မောင်းရင်းခန့်၊ ပေါင်လုံးခန့် သို့မဟုတ် ထို့ထက်ကြီးသော သစ်လုံးကို အခေါင်းထွင်း၍ ယမ်းထောင်း ဖိသိပ်ထားသော ယမ်းကိုမီးရှို့ရာ၌ ပွင့်ကန်ကွဲထွက်မသွားစေရန်အတွက် သစ်လုံးကို ကြိမ်များဖြင့် ခိုင်ခံ့စွာခတ်ထားသည်။ ဒုံးစနက်တံကို မီးရှို့လျှင် ယမ်းကိုမီးစွဲ၍ ယမ်းမီး၏အရှိန်ဖြင့် ဒုံးသည် အဝေးသို့လည်းကောင်း၊ အမြင့်သို့လည်းကောင်း အရှိန်ပြင်းစွာဖြင့် ပျံထွက်သွားအောင် စီစဉ်ထားသည်။ ထိုဒုံးများကို ကုန်းဘောင်ခေတ်က စက်မီး သို့မဟုတ် စက်ဒုံးဟု ခေါ်တွင်ခဲ့သည်"**

ကုန်းဘောင်ခေတ်လယ် ဗဒုံမင်း (၁၇၈၂-၁၈၁၉) နှင့် စစ်ကိုင်းမင်း (၁၈၁၉-၃၇) တို့၏ လက်ထက်တွင် စက်မီး၊ စက်ဒုံးရှို့လွှတ်သောပြိုင်ပွဲများမှာ ထင်ရှားစည်ကားခဲ့သည်။ ရွှေတိဂုံဘုရားပွဲတွင်လည်း စက်မီး၊ စက်ဒုံးများကို ပစ်လွှတ်ပူဇော်ကြသည်။ ပဲခူးမြို့တွင် စက်မီး၊ စက်ဒုံး ပစ်လွှတ်ပြိုင်ပွဲသည် နှစ်စဉ်ကျင်းပမြဲ ပျော်ပွဲရွှင်ပွဲတစ်ခု ဖြစ်သည်။ ပဲခူးမြို့တွင် ပစ်လွှတ်သော စက်မီး၊ စက်ဒုံးတို့သည် ခုနစ်ပေ၊ ရှစ်ပေခန့်ရှည်ပြီး နှစ်ပေ၊ သုံးပေခန့်လုံးပတ်ရှိသော သစ်လုံးများ ဖြစ်ကြသည်။ ထိုသစ်လုံးကိုထွင်း၍ ယမ်းမီးသွေးမှုန့်၊ ယမ်းစိမ်းတို့ကို ထောင်းသိပ်ထည့်ထားကာ စက်ဒုံး၏နောက်မြီးတွင် ၁၈ ပေမှ ပေ ၂၀ ခန့်အထိ ရှည်လျားသောဝါးလုံးကို ကြိမ်များ၊ ကြိုးများဖြင့် ခိုင်ခံ့စွာ ချည်ထား၊ တုပ်ထားသည်။ ရှို့လွှတ်သောအခါ အရှိန်ဖြင့်အမြင့်သို့ ထိုးတက်သွားပြီး ပြန်အကျတွင် အလွန်လှပဆန်းကြယ်သော မီးရောင်စုံမီးပွင့်များက ပုံစံအမျိုးမျိုးဖြင့် ဖြာလျက်ရှိသဖြင့် ရှုမောဖွယ်ကောင်းလှသည်။

နေပြည်တော် အမရပူရတွင်ပြုလုပ်သော စက်ဒုံး၊ စက်မီးများသည် ပဲခူးတွင် ပစ်လွှတ်သောဒုံးတို့ထက် ပိုမိုကြီးမားကာ အင်အားပို၍ကောင်းသည်။ စက်ဒုံးကိုယ်ထည် သစ်လုံးမှာ ၁၂ ပေမှ ပေ ၂၀ အထိရှည်သည်။ ထိပ်ဝအချင်း ၉ လက်မ၊ ၁၀ လက်မခန့်ရှိပြီး သစ်သားထုမှာ ၂လက်မခန့် ထူသည်။ ယမ်းပိဿာ ၂၀၀၀ ခန့်(ပေါင်၇၀၀၀/၃ တန်ခန့်) ဝင်ဆံ့ပြီး ကက်သရင်းဝှီး(Catherine wheel) ကဲ့သို့သော ဘီး(ရဟတ်)တစ်မျိုးကို တပ်ဆင်ထားသည်။

အလွန်ကြီးမားသော စက်ဒုံးစက်မီးများကို စင်မြင့်ငယ်ပေါ်မှ ပစ်လွှတ်လေ့ရှိသည်။

စက်မီး၊ စက်ဒုံးပစ်လွှတ်ပွဲတွင် မင်းညီမင်းသားများ၊ မှူးကြီးမတ်ရာများ အစုအမှုထမ်းများနှင့် နေပြည်တော် မြို့တွင်းမြို့ပြင် ရပ်စုရပ်ကွက်များမှ ပြည်သူများက စက်မီး၊စက်ဒုံးများပြုလုပ်ကာ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဗဒုံမင်း ကိုယ်တော်တိုင်က လွန်စွာစိတ်ပါဝင်စားသဖြင့် သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲယူဆောင်ကာ ယမ်းပိဿာ ချိန် နှစ်ထောင်၊ သုံးထောင်ခန့်ဝင်ဆံ့သော စက်ဒုံးကြီး တစ်ခုကို ပြုလုပ်ခဲ့သည်။

ဗဒုံမင်းလက်ထက် ဂုဏာဘိအနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မင်းအိုဆရာတော်ကြီး ပျံလွန်တော်မူရာ သာခုကီဠနသဘင်ကို ခမ်းနားကြီးကျယ်စွာ ဆင်ယင်ကျင်းပခဲ့သည်။ ထိုပွဲတွင် မီးပျံ၊ မီးစက်ရှို့လွှတ်ပူဇော်ရန် မိဖုရားကြီးနှင့်တကွ သားတော်၊ သမီးတော်၊ နန်းတော်သူ၊ နန်းတော်သား အပေါင်းတို့သည် စက်ဒုံး၊ မီးပျံ၊ မီးပိတုန်းစသော မီးအမျိုးမျိုးနှင့် စက်အမျိုးမျိုးတို့ကို သူ့ထက်ငါ သာလွန်အောင်အားကြိုးမာန်တက် လုပ်ဆောင်ကြသည်။ ဘုရင်မင်းတရားကြီး ကိုယ်တော်တိုင်ကလည်း မိဖုရားကြီး၏ စက်ဒုံးကို အနိုင်ရအောင် မီးပျံစက်တစ်ခုပြုလုပ်ရန် အမတ်ကြီးဦးပေါ်ဦးကို ခိုင်းစေတော်မူခဲ့သည်။

ထိုပွဲတွင် ဗဒုံမင်းသည် မိဖုရားကြီးနှင့်တကွထွက်တော်မူ၍ မီးပျံများနှင့် စက်မီး၊ စက်ဒုံးများ ရှို့လွှတ်သည်ကို ရှုစားတော်မူသည်။ မိဖုရားကြီးမှစ၍ အသီးသီးစီရင်ကြသော စက်အပေါင်းတို့မှာ အောင်အောင်မြင်မြင်ဖြင့် ကောင်းကင်သို့ ပျံတက်သွားကြသည်။ ဦးပေါ်ဦးစီရင်သော မင်းတရားကြီး၏ စက်မီးကိုရှို့လွှတ်ရာ၌မူ ကောင်းကင်သို့ မတက်ဘဲ မြေပြင်ပေါ်တွင်သာ ခုန်လျက်နေသဖြင့် ဘုရင်မင်းမြတ်က လွန်စွာမျက်တော်မူသည်။

ထိုအခါ အလျှောက်ကောင်းသောဦးပေါ်ဦးက သူစီရင်သောစက်မီးသည် ကျမ်းဂန်နှင့်အညီဖြစ်ကြောင်း၊ နမက္ကာရဘုရားရှိခိုးတွင် 'သမန္တစက္ခုံ'ဟု ပါသောကြောင့် ကောင်းကင်သို့မတက်ဘဲ မြေမှာခုန်အောင် ပြုလုပ်ထားသောစက်ဖြစ်ကြောင်း လျှောက်တင်သည့်အခါ ဘုရင်မင်းမြတ်က ရယ်မောလျက် အမျက်တော်ပြေခဲ့သည်ဟု ဆိုသည်။

စစ်ကိုင်းမင်းသည် သီရိမဟာအသောကာရာမတိုက် ဘုံကျော်မဟာအောင်မြေ ဘုံသာကျောင်းတော် ရေစက်ချပွဲကို မြန်မာသက္ကရာဇ် ၁၁၉၇ ခုနှစ် (အေဒီ-၁၈၃၅) တွင် ကျင်းပခဲ့သည်။ ထိုပွဲအပြီးတွင် မင်းညီမင်းသား မှူးတော်မတ်တော်များနှင့် အရပ်အကွက်များက စက်ဒုံးများကို ရွှေနန်းတော်သို့ သွင်းပြကြပြီးလျှင် ဝါဆိုလဆန်း ၄ ရက်တွင် ပစ်လွှတ်ပြကြရာ ရွှေနန်းတော်သို့ ထွက်တော်မူ၍ ရှုစားသည်။

ထို့နောက် ၁၁၉၈ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက်တွင် ဒုတ္ထာဝတီမြစ် အနောက်ဘက်ကမ်းနဖူးတွင် ဆောက်ထားသည့် စံနန်းတော်သို့ စစ်အင်္ဂါလေးပါးခင်းကျင်းလျက် ထွက်တော်မူ၍ မင်းညီမင်းသား စော်ဘွားမြို့စား မှူးတော်မတ်တော် သူဌေးသူကြွယ်တို့နှင့် နေပြည်တော် ရတနာပူရမြို့တွင်း၊ မြို့ပြင် ရပ်စုရပ်ကွက်များက လုပ်ဆောင်ကြသည့် ဒုံး၊ စက်မီး၊ ရှို့မီးများကို အရှေ့ဘက်ကမ်းထိပ်တွင် ရှို့လွှတ်စေကာ ရှုစားတော်မူခဲ့သည်။ ။

---

# တရုတ်ရိုးရာ ခြင်္သေ့နဂါးအကအလှ စွမ်းရည်ပြိုင်ပွဲ လသာမြို့နယ်၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

မကြာမီရောက်ရှိမည့် တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ခြင်္သေ့နဂါး အကအဖွဲ့ချုပ်က ကြီးမှူး၍ (၁၅)ကြိမ်မြောက် တရုတ်ရိုးရာ ခြင်္သေ့နဂါး အကအလှ စွမ်းရည်ပြိုင်ပွဲကို လသာမြို့နယ် စဉ့်အိုးတန်းလမ်း(အထက်လမ်း)၌ ဇန်နဝါရီ လကုန်ပိုင်းတွင် ကျင်းပသွားမည်ဟု သိရသည်။

ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ခြင်္သေ့အကအလှစွမ်းရည် ပြိုင်ပွဲတွင် ဆန်ခါတင် ၁၀ သင်းကို ရွေးချယ်မည်ဖြစ်ပြီး ဇန်နဝါရီ ၂၉ ရက် နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ဆန်ခါတင် ရွေးချယ်ထားသည့် ၁၀ သင်းနှင့် ယမန်နှစ်က အနိုင်ရရှိထားသည့် ချန်ပီယံအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ထို့အပြင် တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ လာရောက်ယှဉ်ပြိုင်မည့် အသင်းနှစ်သင်းစီကလည်း နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ နောက်ဆုံးအဆင့်တွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အသင်းများမှ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ရွေးချယ်ပေးအပ်ပြီး ကျန်အသင်းများကိုလည်း ဆုများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ခြင်္သေ့ နဂါးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြိုင်ပွဲကို လမ်းကျဉ်းထဲတွင် ကျင်းပရသော်လည်း နှစ်စဉ်လာရောက်ကြည့်ရှုသည့်ပရိသတ်မှာ အလွန်များပြားကြောင်း၊ နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ကျင်းပသည့် ပြိုင်ပွဲမှတစ်ဆင့် မျိုးဆက်သစ်လူငယ်များ ပေါ်ပေါက်လာရန် ရည်ရွယ်ကြောင်း၊ မြန်မာနိုင်ငံကိုယ်စားပြု၍ ပြည်ပနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ရာတွင်လည်း ခြင်္သေ့အကအဖွဲ့မှာ ၂၀၁၇ ခုနှစ်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ပြိုင်ပွဲတွင် ပထမဆုနှင့် ၂၀၁၈ ခုနှစ်က တရုတ်နိုင်ငံ ပေကျင်းတွင် ပြုလုပ်သည့် ဖိတ်ခေါ်ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုကို ရရှိခဲ့ကြောင်း ပြောကြားသည်။

ခြင်္သေ့အကအလှစွမ်းရည်ပြိုင်ပွဲ ကျင်းပပြီးနောက် ဇန်နဝါရီ ၃၀ ရက်တွင် တရုတ်ရိုးရာ နဂါးပြိုင်ပွဲကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

# ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူညီချက် ရှေ့ရေးက ဥရောပအပေါ်တွင်မူတည်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးပြော

**တီဟီရန် ဇန်နဝါရီ ၁၅**

၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူညီချက်ကို အီရန်က ချိုးဖောက်နေသည်ဟု ဥရောပသုံးနိုင်ငံက စွပ်စွဲခဲ့ပြီးနောက် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက် ဇာရစ်ဖ်က နျူကလီးယားသဘောတူညီချက်၏ ရှေ့ရေးက ဥရောပအပေါ် မူတည်နေသည်ဟု ပြောကြားလိုက်သည်။

၂၀၁၅ ခုနှစ် အီရန်နျူကလီးယားစာချုပ်ပါ ကန့်သတ်ချက်များအားလုံးကို အီရန်က ဖောက်ဖျက်ခဲ့ပြီးနောက် အီရန်၏ လုပ်ရပ်သည် နျူကလီးယားလက်နက်မပြန့်ပွားရေးတွင် ပြင်ဆင်၍မရသည့် ပြဿနာများ၊ စိုးရိမ်စရာများရှိလာကြောင်း ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ ပေါင်းပြီး ယမန်နေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသည့် အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်က ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူညီချက်တွင် ပါဝင်သည့် စီးပွားရေးဆိုင်ရာ ကတိကဝတ်များအတိုင်း ဥရောပနိုင်ငံများက မလုပ်ကြောင်းနှင့် အီရန်မှ ရေနံများကို အလုံအလောက်မဝယ်ယူကြောင်း၊ ထို့အတူ အီရန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များလည်း နုတ်ထွက်ကုန်ကြောင်း ထောက်ပြပြောကြားလိုက်သည်။

အမေရိကန်သည် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်သွားပြီးနောက် အီရန်ကို စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။ အမေရိကန်စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများ၏ သက်ရောက်မှုများကိုလည်း ခံခဲ့ရကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

၂၀၁၅ အီရန်နျူကလီးယားသဘောတူညီချက်ကို ဥရောပ သုံးနိုင်ငံအပြင် အီရန်၊ အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ စာချုပ်အရ အီရန်နိုင်ငံသည် နျူကလီးယားအရေးဆောင်ရွက်မှုကို လျှော့ချရမည်ဖြစ်သလို အီရန်အပေါ် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူဆောင်ရွက်မှုများကိုလည်း လျှော့ချရမည်ဖြစ်သည်။

**အေအက်ဖ်ပီ**



အထက်လွှတ်တော် လူများစုခေါင်းဆောင် မစ်ချ်မက်ကွန်နဲလ်။

## ဆူဒန်စစ်တပ်က လုံခြုံရေးအဆောက်အအုံများကို ပြန်လည်ထိန်းချုပ်နိုင်

**ခါတွမ် ဇန်နဝါရီ ၁၅**

ဆူဒန်၌ သူပုန်အဖွဲ့တစ်ဖွဲ့က ဇန်နဝါရီ ၁၄ ရက်တွင်သိမ်းပိုက်ခဲ့သည့် အစိုးရ၏ အထွေထွေထောက်လှမ်းရေးဌာနရုံးအဆောက်အအုံများ အားလုံးကို ဆူဒန်စစ်တပ်က ပြန်လည်ရယူထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဆူဒန်နိုင်ငံတော် အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အဗ္ဗဒယ်လ်ဖာတာ အယ်လ်ဘာဟန်က ကြေညာခဲ့သည်။

နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အဗ္ဗဒယ်လ်ဖာတာ အယ်လ်ဘာဟန်က ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု တစ်ရပ်အနေဖြင့် အာဏာပိုင်များက ငါးနာရီကြာအောင် ပိတ်ထားခဲ့သည့် ခါတွမ်နိုင်ငံတကာလေဆိပ်ရှိ လေပိုင်နက်ကိုလည်း ပြန်ဖွင့်လိုက်ပြီဖြစ်ကြောင်းကြေညာခဲ့သည်။

ဇန်နဝါရီ ၁၄ ရက်က ဆူဒန်အစိုးရ၏ အထွေထွေထောက်လှမ်းရေးဌာနရုံးအဆောက်အအုံ၌ သေနတ်ပစ်ခတ်မှုများ အပြင်းအထန်ဖြစ်ပွားခဲ့ကြောင်း ရုံးလုပ်ငန်းဆောင်ရွက်မှု အာဏာပိုင်အဖွဲ့က ပြောကြားခဲ့ပြီး အယ်လ်ဘာဟန်က အဆိုပါဖြစ်ရပ်ကို ပူးပေါင်းကြံစည်မှုတစ်ခုအဖြစ် ဖော်ပြခဲ့သည်။

ဆူဒန်တပ်ဖွဲ့ဝင်များက နိုင်ငံလုံခြုံရေးကို ပျက်ပြားစေသည့် မည်သည့် ကြိုးပမ်းမှုမျိုးကိုမဆို ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ စစ်တပ်အနေဖြင့် ပြုပြင်ပြောင်းလဲမှုကို အကာအကွယ်ပေးမည်ဖြစ်ကြောင်းနှင့် မည်သည့် အာဏာသိမ်းကြိုးပမ်းမှုကိုမျှ လက်ခံမည်မဟုတ်ကြောင်း နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အဗ္ဗဒယ်လ်ဖာတာအယ်လ်ဘာဟန်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## သမ္မတ ဒေါ်နယ်ထရမ့်ကို စွဲချက်တင်ထားသည့်အပေါ် လာမည့် အင်္ဂါနေ့တွင် စစ်ဆေးမည်

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

သမ္မတဒေါ်နယ်ထရမ့်ကို အရေးယူရန် အောက်လွှတ်တော်က စွဲချက်တင်ထားသည့်အပေါ် လာမည့်အင်္ဂါနေ့တွင် အထက်လွှတ်တော်၌ စစ်ဆေးသွားမည်ဖြစ်ကြောင်း အထက်လွှတ်တော် လူများစုခေါင်းဆောင် မစ်ချ်မက်ကွန်နဲလ်က မကြာသေးမီက ပြောကြားလိုက်သည်။

ဒီမိုကရက်အများစု ထိန်းချုပ်ထားသည့် အောက်လွှတ်တော်မှ ရီပတ်ဘလစ်ကန်ထိန်းချုပ်ထားသည့် အထက်လွှတ်တော်သို့ စွဲချက်များ ပေးပို့လိုက်သည်နှင့် တစ်ပြိုင်နက် တရားစစ်ဆေးမှုများကို စတင်မည်ဖြစ်ကြောင်း သိရသည်။

အောက်လွှတ်တော် ဒီမိုကရက်များနှင့် ယမန်နေ့က သီးခြားတွေ့ဆုံဆွေးနွေးပြီးနောက် မကြာမီတွင် နန်စီပယ်လိုစီက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ အာဏာအလွဲသုံးစားလုပ်မှု၊ ကွန်ဂရက်လွှတ်တော်၏ လုပ်ငန်းများကို နှောင့်ယှက်မှုနှင့် သမ္မတကို စွဲချက်တင်ရန် အောက်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ပြီးနောက် တစ်လနီးပါးအကြာ ယခုလိုကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။ သမ္မတထရမ့် အပြစ်ရှိကြောင်း ထင်ရှားပြီး ရာထူးမှ ဖယ်ရှားနိုင်ရန်အတွက် အထက်လွှတ်တော်အမတ် အယောက် ၁၀၀ ထဲမှ သုံးပုံနှစ်ပုံခန့် ထောက်ခံရန် လိုကြောင်း သိရသည်။ ဒီမိုကရက် အထက်လွှတ်တော်အမတ်၄၇ ယောက်က သမ္မတကိုဖယ်ရှားရန် မဲပေးခဲ့သည့်တိုင် ရီပတ်ဘလစ်ကန် အထက်လွှတ်တော်အမတ် ၂၀ထက်မနည်းက ပါထောက်ခံရန်လိုကြောင်း သိရသည်။

သို့သော်လည်း လတ်တလောတွင် ရီပတ်ဘလစ်ကန်အထက်လွှတ်တော်အမတ် မည်သူတစ်ဦးတစ်ယောက်ကမျှ သမ္မတကို အရေးယူပြီး ရာထူးမှ ဖယ်ရှားပေးရန် ထောက်ခံမည်ဟု ပြောကြားထားခြင်း မရှိသေးကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဝူဟန်၌ အဆုတ်ရောင်ရောဂါဖြစ်ပွားမှု လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ခြင်းဖြစ်နိုင်

**ပေကျင်း ဇန်နဝါရီ ၁၅**

တရုတ်နိုင်ငံတွင် ဖြစ်ပွားနေသည့် အဆုတ်ရောင်ရောဂါကူးစက်ဖြစ်ပွားမှုတွင် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်နိုင်ဖွယ်ရှိကြောင်း ရောဂါဖြစ်ပွားနေသည့် ဇနီးမောင်နှံနှစ်ဦးကို ကိုးကားလျက် ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက ဖော်ပြခဲ့သည်။

ဟူဘေးပြည်နယ်ရှိ ကုန်းတွင်းပိုင်း မြို့တစ်မြို့ဖြစ်သည့် ဝူဟန်၌ ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက စတင်၍ အဆုတ်ရောင်ရောဂါကူးစက်မှုစတင်ခဲ့ပြီး ကူးစက်ခံရသည့် လူနာ ၄၁ ဦးတို့တွင် ကိုရိုနာ ဗိုင်းရပ်စ်အသစ်တစ်မျိုးကို တွေ့ရှိခဲ့ရသည်။ ၎င်းလူနာများအနက် အသက် ၆၁ နှစ်ရှိ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

လူနာများထဲတွင် အမျိုးသားတစ်ဦးနှင့် ၎င်း၏ ဇနီးသည်တို့လည်း ပါဝင်ပြီး အမျိုးသားမှာ ဦးစွာရောဂါကူးစက်ခံရပြီးနောက် အမျိုးသမီးကို ထပ်မံကူးစက်ခဲ့ခြင်း ဖြစ်သည်ဟု ဝူဟန်ကျန်းမာရေး အာဏာပိုင်များက ဆိုသည်။

ရောဂါ ကူးစက်ခံရသည့် အမျိုးသားသည် ဒေသရှိ ပင်လယ်စာရောင်းချသည့် ဈေးတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူ ဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်ခံရသူများ ထဲတွင် ပင်လယ်စာရောင်းချသည့် ဈေးတွင် လုပ်ကိုင်နေကြသူ အများအပြား ပါဝင်လျက်ရှိပြီး အဆုတ်ရောင်ရောဂါ ဖြစ်ပွားစေသည့် ကိုရိုနာ ဗိုင်းရပ်စ်သည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်နိုင်ဖွယ်ရှိကြောင်း၊ ယင်းကဲ့သို့ ကူးစက်သည့်နှုန်းမှာ အလွန်နည်းပါးကြောင်းအာဏာပိုင်များက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အမေဇုန်သစ်တော၌ သစ်တောပြုန်းတီးမှု ၈၅ ရာခိုင်နှုန်းအထိ ရှိလာ

**ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၁၅**

ဘရာဇီးနိုင်ငံမြောက်ပိုင်းရှိ အမေဇုန်မိုးသစ်တောတွင် ၂၀၁၉ ခုနှစ်အတွင်းသစ်တောပြုန်းတီးမှု အခြေအနေမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၈၅ ရာခိုင်နှုန်းအထိ ဖြစ်လာခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းအချက်အလက်များက ဖော်ပြခဲ့သည်။

သစ်တောပြုန်းတီးမှုသည် ၉၁၆၆ စတုရန်းကီလိုမီတာ (စတုရန်းမိုင် ၃၅၃၉) အထိ ရှိခဲ့ပြီး ငါးနှစ်ထက်မနည်းသည့် အချိန်ကာလအတွင်း အမြင့်ဆုံး သစ်တောပြုန်းတီးမှုပမာဏဖြစ်ကြောင်း ဘရာဇီး အာကာသ သုတေသနဆိုင်ရာ အမျိုးသားအင်စတီကျု၏ ဖော်ပြချက်အရ သိရသည်။

၂၀၁၈ ခုနှစ်က သစ်တောပြုန်းတီးမှုဖြစ်ပေါ်ခဲ့သည့် ဧရိယာမှာ ၄၉၄၆ စတုရန်းကီလိုမီတာ ဖြစ်သည်။ တစ်ဟုန်ထိုး မြင့်တက်လာသည့် သစ်တောပြုန်းတီးမှု အခြေအနေသည် ဘရာဇီးသမ္မတ ဂျားဘော်လ်ဆိုနာရို ပထမဆုံးတာဝန်ထမ်းဆောင်ချိန်နှင့် တိုက်ဆိုင်စွာဖြစ်ပေါ်ခဲ့သည်။

သမ္မတ ဂျားဘော်လ်ဆိုနာရိုသည် ရာသီဥတုပြောင်းလဲမှုကို သံသယရှိသူဖြစ်ပြီး အမေဇုန်တောရှိ ကြွယ်ဝသည့် သဘာဝသယံဇာတများအား သုံးစွဲမှုအပေါ် စည်းကမ်းတင်းကျပ်မှုများကို ဖြေလျှော့ပေးခဲ့သူဖြစ်သည်။

သစ်တော ပြုန်းတီးမှုကို စောင့်ကြည့် စစ်ဆေးလျက်ရှိသည့် ဂြိုဟ်တုအခြေပြု DETER စနစ်ဖြင့် သစ်တောပြုန်းတီးမှု အချက်အလက်များကို ရယူစုစည်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမေဇုန်မိုးသစ်တောအတွင်း တောမီးလောင်မှုသည် ယခင်နှစ်က ၃၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၈၉ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။



အမေဇုန်မိုးသစ်တော၌ သစ်တောပြုန်းတီးမှုအခြေအနေကို တွေ့ရစဉ်။

သမ္မတ ဂျားဘော်လ်ဆိုနာရို ကို ၎င်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကို ပြုပြင်ပြောင်းလဲရန် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်အဖွဲ့က တိုက်တွန်းခဲ့သည်။

မြေယာ ရှင်းလင်းခြင်းနှင့် သစ်တောစောင့်များကို တိုက်ခိုက်မှု လုပ်ဆောင်ခြင်းများ ပိုမိုတိုးပွားလာသည့်အတွက် သစ်တောပြုန်းတီးမှု မြင့်တက်လာခြင်း ဖြစ်ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဖိလစ်ပိုင်ရှိ တားလ်မီးတောင် နောက်ထပ်ပေါက်ကွဲမှု ဖြစ်ပေါ်နိုင်သည့်အတွက် သတိပေးနှိုးဆော်

**မနီလာ ဇန်နဝါရီ ၁၅**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာအနီးရှိ တားလ်မီးတောင် လာမည့်ရက်အတွင်း နောက်ထပ်ပေါက်ကွဲမှု ထပ်မံဖြစ်ပွားနိုင်သည့်အတွက် အန္တရာယ်ရှိကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက ပြည်သူများသို့ သတိပေးနှိုးဆော်ခဲ့သည်။

မနီလာမြို့မှ ကီလိုမီတာ ၆၀ အကွာတွင်တည်ရှိသော တားလ်မီးတောင်သည် ပြီးခဲ့သည့် ဇန်နဝါရီ ၁၂ ရက်က ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ ထောင်နှင့်ချီသည့် ဒေသခံပြည်သူများ နေအိမ်များမှတိမ်းရှောင်ကာ ဘေးကင်းရာ အမိုးအကာများအောက်သို့ ခိုလှုံခဲ့ကြရသည်။ မီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် မီးခိုးများသည် မီးတောင်ဝမှအမြင့် ၂ ကီလိုမီတာအထိ ရောက်ရှိလာခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်သည့် ငလျင်တုန်ခါမှုပေါင်း ၄၆၀ ကျော် ဖြစ်ပေါ်ခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း ဖော်ပြထားသည်။ အန္တရာယ်ရှိသည့် မီးတောင်ပေါက်ကွဲမှု အခြေအနေကြောင့် ဒေသခံပြည်သူ ၄၃၀၀၀ ကျော်ကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

ဒေသခံပြည်သူအချို့မှာ မီးခိုးပြာများကြောင့်ဖြစ်သည့် မျက်စိဝေဒနာနှင့် အသက်ရှူမွန်းကျပ်မှုဖြစ်ပေါ်ခဲ့သည့်အတွက် ကုသမှုခံယူနေရသည်။

မီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော မီးခိုးပြာများကြောင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်နိုင်သည့်အန္တရာယ်ကို စိုးရိမ်ရသည့်အတွက် နိုင်ငံအတွင်းရှိ မြို့ကြီးများနှင့် မြို့ငယ်များတွင် စာသင်ကျောင်းများကို အစိုးရက ခေတ္တပိတ်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဂုဏ်ပြုဝမ်းမြောက်ခြင်း



၂၀၂၀ခုနှစ်၊ (၇၂)နှစ်မြောက်၊ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် သုခမ္မမဏ်ိဇောတဓရ ဦးကျော်သူအား **"သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်"**တော်ကို ထိုက်ထိုက်တန်တန် ထပ်ဆင့်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက်အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။အနာဂါတ်တွင်လည်း ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် ချစ်သောမိသားစုတို့နှင့်အတူ အမျိုးဘာသာသာသနာအကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်းအထူးလှိုက်လှဲဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါက်တာဦးဝင်းမြင့် + အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး**
**မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၀ခုနှစ်၊ (၇၂)နှစ်မြောက်၊ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့်ထုတ်ပြန်ကြော်ငြာ၍ ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသည့် လေးကျွန်းသူညီအစ်မများဖြစ်ကြသော -



"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ"
ဘွဲ့တံဆိပ်တော်ထိုက်ထိုက်တန်တန်
ချီးမြှင့်ခံရသော ဒေါ်ရင်ရွှင်



"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ"
ဘွဲ့တံဆိပ်တော်ထိုက်ထိုက်တန်တန်
ချီးမြှင့်ခံရသော ဒေါ်လှလှစေ



"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ"
ဘွဲ့တံဆိပ်တော်ထိုက်ထိုက်တန်တန်
ချီးမြှင့်ခံရသော ဒေါ်တင်လတ်မင်း



"သီရိသုဓမ္မသိင်္ဂီ"
ဘွဲ့တံဆိပ်တော်ထိုက်ထိုက်တန်တန်
ချီးမြှင့်ခံရသော ဒေါ်စန်းစန်းရီ



"သီရိသုဓမ္မသိင်္ဂီ"
ဘွဲ့တံဆိပ်တော်ထိုက်ထိုက်တန်တန်
ချီးမြှင့်ခံရသော ဒေါ်ရည်ပိုင်ဦး



"သီဟသုဓမ္မသိင်္ဂီ"
ဘွဲ့တံဆိပ်တော်ထိုက်ထိုက်တန်တန်
ချီးမြှင့်ခံရသော ဒေါ်မိုးသဇ္ဇာမောင်



"သုဓမ္မသိင်္ဂီ"
ဘွဲ့တံဆိပ်တော်ထိုက်ထိုက်တန်တန်
ချီးမြှင့်ခံရသော ဒေါ်နန်းခင်ညွန့်



"သုဓမ္မသိင်္ဂီ"
ဘွဲ့တံဆိပ်တော်ထိုက်ထိုက်တန်တန်
ချီးမြှင့်ခံရသော ဒေါ်အေးအေးမြင့်

တို့အား ဘွဲ့တံဆိပ်တော်များအပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။ အနာဂါတ်တွင်လည်း ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် ချစ်သောမိသားစုတို့နှင့်အတူ အမျိုးဘာသာသာသနာအကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်းအထူးလှိုက်လှဲဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါက်တာဦးဝင်းမြင့် + အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ခိုင်ဦး**
**မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်**

# မြန်မာနိုင်ငံဆေးကောင်စီ
# ကြေညာချက်

**၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၄ရက်**

မြန်မာနိုင်ငံရှိဆေးတက္ကသိုလ်များမှ ၂၀၂၀ ပြည့်နှစ်အတွင်း M.B.B.S ဘွဲ့ရရှိသော မြန်မာနိုင်ငံသားဆရာဝန်များအတွက် ဆရာဝန်မှတ်ပုံတင်နှင့် အထွေထွေဆေးကုသခွင့်လိုင်စင် လျှောက်ထားခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

(၁) ဆရာဝန်မှတ်ပုံတင်နှင့်အထွေထွေဆေးကုသခွင့်လိုင်စင် လျှောက်ထားလိုသူများအနေနှင့် လျှောက်လွှာများကို မိမိအောင်မြင်ခဲ့သောသက်ဆိုင်ရာဆေးတက္ကသိုလ်များတွင် အခမဲ့ထုတ်ယူ၍ **ကိုယ်တိုင်**ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ရန်။

(၂) လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများကိုပူးတွဲတင်ပြ၍ ဘွဲ့နှင်းသဘင်ကျင်းပပြီး (၂)ပတ်အတွင်း မိမိတို့အောင်မြင်ခဲ့သော ဆေးတက္ကသိုလ်များတွင် ပြန်လည်တင်သွင်းရန်။

- (က) လျှောက်လွှာ
- (ခ) ဘွဲ့လက်မှတ်မိတ္တူ
- (ဂ) အလုပ်သင်ဆရာဝန်ပြီးဆုံးကြောင်း ထောက်ခံစာမိတ္တူ
- (ဃ) ဆေးတက္ကသိုလ်မှ ထုတ်ပေးသော မွေးသက္ကရာဇ် မှန်ကန်ကြောင်း ထောက်ခံစာမိတ္တူ
- (င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (A4 စာရွက် စာမျက်နှာအပြည့်ဖြစ်ရန်)
- (စ) ၁ လက်မခွဲ ပတ်လည် ရောင်စုံလိုင်စင်ဓာတ်ပုံ (၆)ပုံ၊ နောက်ခံအပြာရောင်

  **အမျိုးသား** – နိုင်ငံခြားဝတ်စုံ (သို့မဟုတ်) မြန်မာအမျိုးသားဝတ်စုံ (လည်ကတုံးရှပ်အင်္ကျီနှင့် တိုက်ပုံအပြည့်ဖြစ်ရမည်။)

  **အမျိုးသမီး** – ဆံပင်စည်း၊ အင်္ကျီရင်စေ့/ရင်ဖုံး၊ လည်ပင်းမဟိုက်၊ အရောင်နု၊ ပြောင် ဖြစ်ရမည်။
